www.burmeseclassic.com

# ရာဇဝင်ကို

ဗန်ဂိုးရဲ့ နေကြာခင်းထဲမှာ ပျောက်ဆုံးသွားတဲ့ ခန္ဓာကိုယ်တစ်ခြမ်း



အချစ် (LOVE)၊ စိတ်ကူးယဉ်အချစ် (ROMANCE)၊ ရယ်ရွှင်ဖွယ် (COMEDY)

ခံစားမှုလုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

[illegible]

[illegible]

[illegible]

[illegible]

[illegible]

လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံးစိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ

အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရာဇဝင်ကို | မန်ဂိုးရဲ့နေကြာခင်းထဲမှာပျောက်ဆုံးသွားတဲ့ခန္ဓာကိုယ်တစ်ခြမ်း | ၈၉၅.၈၃
ရာဇဝင်ကို၊ ရန်ကုန်
တံခွန်တိုင်စာပေ၊ ၂၀၁၂
၃၂၉ စာ၊ ၁၂.၀၀ × ၁၈.၀၀ စင်တီ
(၁) မန်ဂိုးရဲ့နေကြာခင်းထဲမှာပျောက်ဆုံးသွားတဲ့ခန္ဓာကိုယ်တစ်ခြမ်း

## ရာဇဝင်ကို

# မန်ဂိုးရဲ့နေကြာခင်းထဲမှာ ပျောက်ဆုံးသွားတဲ့ ခန္ဓာကိုယ်တစ်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်ကို

# မိတ်ဆက် (၁) (က)

**ကောင်လေး** ဆယ်တန်းနှစ်တုန်းကပေါ့။ သူတို့အတန်းကို ဆရာမ အသစ်တစ်ယောက်ပြောင်းလာတယ်။ ဆရာမလေးက အတန်းထဲကိုရောက်ရောက်ချင်း ကျောင်းသူကျောင်းသားတွေနဲ့ သူ့ကိုယ်သူ မိတ်ဆက်တယ်။

"ဆရာမနာမည်က ဒေါ်နုနုဝင်းတဲ့၊ ဆရာမက မွေးတုန်းက အမှာလေ၊ အမှာတောင်မှ ရိုးရိုးအမှာမဟုတ် ဘူး၊ ရင်ချင်းဆက်အမှာတွေ၊ ဆရာမတို့ အမွှာညီအစ်မနှစ်ယောက်က ဒီမြန်မာပြည်မှာပဲ ခွဲစိတ်ကုသခံခဲ့ကြတာ၊ မြန်မာနိုင်ငံက ဆရာဝန်ကြီးတွေ ဘယ်လောက်တော်သလဲနော်၊ သားတို့ သမီးတို့လည်း ဒီလိုတော်တဲ့ ဆရာဝန်ကြီးတွေဖြစ်အောင် စာကြိုးစားရမယ်နော်"



တံခွန်ထုတ်ဝေ
www.burmeseclassic.com
BURMESE CLASSIC .com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ကောင်လေးက မတ်တပ်ရပ်လိုက်ရင်း . . .

"ကျွန်တော်တစ်ခုလောက် မေးပါရစေဆရာမ"

"မေးပါကွယ် . . . မေးပါ"

"ဆရာမမှာ ရင်ချင်းဆက်အမွှာညီအစ်မရှိတယ်ဆိုတာ၊ ဆရာမတို့နှစ်ယောက်ကို တစ်ယောက်စီခွဲထုတ်ပစ်တုန်းက ရင်သားတွေ ဘယ်သူ့ဆီပါသွားလဲဟင်"

"အို "

◆◆◆◆◆◆





# မိတ်ဆက် (၁) (ခ)

ဆရာမ ဒေါ်နုနုဝင်းက အဲဒီကောင်လေးကို မနေ့ကကျောင်းပျက်လို့ ခေါ်မေးတယ်။

"သား . . . မနေ့က ဘာလို့ ကျောင်းမတက်တာလဲ"

"ကျွန်တော့်သူငယ်ချင်း ရှားရှားခင်က ဆရာမကို မလှဘူးလို့ ပြောလို့"

"ဟော ! ဘာ့ဆိုင်လို့လဲကွ"

"ဆိုင်တာပေါ့ဆရာမရဲ့၊ ကျွန်တော်က မနေ့ကတစ်နေ့လုံး ဆရာမကို နောက်ဘဝကျရင် နတ်သမီးလေးလိုလှ အောင် ဘုန်းကြီးကျောင်းမှာ ကုသိုလ်ယူပြီး ဆုတောင်း ပေးနေတာလေ"

ဆရာမက အဲဒီကောင်လေးရဲ့ အဖြေကြောင့် မီတိတွေဖြာပြီး အပြစ်မပေးတော့ဘူး။ တကယ်တော့ အဲဒီနေ့က ကောင်လေးက တစ်နေ့လုံး ပန်းခြံထဲမှာ အတွဲချောင်းနေတာပါ။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



# မိတ်ဆက် (၁) (ဂ)

*ကောင်လေး* လေးတန်းနှစ်လောက်က အဖြစ်အပျက်တစ်ခုကိုလည်း ပြောပြဦးမယ်။ ကောင်လေးရဲ့ မိဘတွေက ကောင်လေးကို တိရစ္ဆာန်ဥယျာဉ်လိုက်ပို့တော့ ကောင်လေးက အိမ်သာတက်ချင်တယ်ပြောတာနဲ့ မိဘတွေက အိမ်သာကိုသွားတဲ့လမ်းကိုပြောပြပြီး လွှတ်လိုက်တယ်။

သိပ်မကြာပါဘူး။ ကောင်လေးက အမောတကောပြန်ပြေးလာတယ်။

"အဖေ ... အဖေ ... အိမ်သာထဲမှာ ကျားမကြီးဗျ၊ ကျားမကြီး"

"ဟေ ... ဟုတ်လား"







ကောင်လေးရဲ့ မိဘတွေရော ပတ်ဝန်းကျင်က လူတွေပါ အကုန်လုံး လှုပ်လှုပ်ရှားရှားဖြစ်ကုန်ပြီး တာဝန်ရှိသူတွေက ဘာတွေကိုပါခေါ်ပြီး အိမ်သာဆီကို လူအုပ်လိုက်ကြီး ချီတက်သွားကြတယ်။ ပြီးတော့ တိရစ္ဆာန်ဥယျာဉ်ထဲမှာ ကျားမတစ်ကောင် လွတ်နေတယ်ဆိုတဲ့ သတင်းဟာလည်း တခဏချင်းပျံ့သွားတယ်။

အဲ ... လူအုပ်ကြီး အိမ်သာရှေ့အရောက်မှာတော့ ကောင်လေးပြလိုက်တာက အိမ်သာနှစ်လုံးမှာရေးထားတဲ့ "ကျား"နဲ့ "မ" ဆိုတဲ့ စာလုံးတွေကိုပါ။

◆◆◆◆◆◆





www.burmeseclassic.com

www.burmeseclassic.com



# မိတ်ဆက် (၂) (၃)

**အ**တန်းပိုင်ဆရာမက ကျောင်းသူတွေကို ကြိုက်နှစ်သက်ရာ ပန်းချီကားတစ်ခုဆီ ဆွဲခဲ့ရမယ်လို့မှာလိုက်တော့ နောက်တစ်နေ့မှာ ကျောင်းသူကျောင်းသားတွေက အတန်းပိုင်ဆရာမဆီမှာ ပန်းချီကားတွေ သွားပြကြတယ်။ ကျောင်းသူတစ်ယောက်ကတော့ စာရွက်တစ်ရွက်လုံးကို ခဲနဲ့ အနက်ရောင်ခြယ်ပြီး သွားပြတယ်။ အဲ . . . စာရွက်အောက်ခြေမှာတော့ ပန်းချီကားနာမည်ကို "ကျွဲနှစ်ကောင်ခတ်နေသည့်ပုံ"လို့ တပ်ထားတယ်။

ဆရာမက အဲဒီပုံကို မျက်မှောင်ကုတ်ကာ ဖင်ပြန်ခေါင်းပြန်ကြည့်ရင်း . . .

"သမီး . . . သမီးပြောတော့ ကျွဲနှစ်ကောင်ခတ်နေတဲ့ပုံဆို၊ သမီး ပန်းချီကားထဲမှာ ကျွဲလည်း မတွေ့ပါလား"

"ဟင် . . . ဆရာမကလည်း . . . သမီးပန်းချီကားထဲက ကျွဲတွေက ညကြီးမှာခတ်နေတာလေ"

"ဟေ . . ."

◆◆◆◆◆◆





# မိတ်ဆက် (၂) (၁)

**ကောင်**မလေးရဲ့ အမေက ဘုရားမှာဆွမ်းကပ် ပြီး ဆုတောင်းနေတယ်။

"ဤသို့ ဆွမ်းကပ်လှူရခြင်း အကျိုးအားကြောင့် နောက် ဘဝတွင် နတ်ပြည်၌ နတ်သမီးလေးတစ်ပါးဖြစ်ရပါလို၏ဘုရား"

အဲဒီအချိန်မှာပဲ ကောင်မလေးက သူ့မအမေနားရောက်လာခဲ့တယ်။

"အမေကလည်း အဲဒီလို ဆုမတောင်းရဘူး၊ သမီးသာဆို နတ်သမီးမဖြစ်ချင်ပါဘူး"

"ဘာလို့တုန်းအေ . . ."

"နတ်ပြည်မှာ နတ်သားတွေက နတ်သမီးတွေတစ်ဖက် ငါးရာနဲ့ စံစားတာတဲ့၊ အဲဒီတော့ နတ်ပြည်မှာ အိမ်ထောင်ကျရင် ကိုယ့်အလှည့်တစ်ခါလောက်ရောက်ဖို့ ၉၉၉ ရက်လောက်စောင့်ရမှာ၊ ပျင်းစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ကောင်မလေးရဲ့အမေက စဉ်းစားတယ်။ နောက်တော့ ဘုရားကို ဦးသုံးကြိမ်ထပ်ချရင်း . . .

"စောစောက ဆုတောင်းတာကို ပြင်ပါရစေဘုရား၊ တပည့်တော်မ နက်သမီးမဖြစ်ချင်တော့ပါဘူး၊ နတ် သားပဲ ဖြစ်ချင်ပါတော့တယ်"

◆◆◆◆◆◆





# မိတ်ဆက် (၂) (၈)

ကောင်မလေး သုံးတန်း နှစ်လောက်ကပေါ့။ ကျောင်းခန်းထဲမှာ ဆရာမက မြန်မာနိုင်ငံကြီးလွတ်လပ်ရေး ရအောင် မျိုးချစ်ခေါင်းဆောင်တွေက ဘယ်လိုမျိုး ရှုပ်ရှုပ်ချွဲ ချွဲ တိုက်ခိုက်ခဲ့တယ်ဆိုတာကို ဇဟုသုတအနေနဲ့ ပြောပြနေခဲ့ တယ်။ ဒါပေမယ့် ကောင်မလေးက နောက်ဆုံးတန်းမှာ ငိုက် နေတာပေါ့။ ဒါကို မြင်သွားတဲ့ ဆရာမက ကောင်မလေးကို မတ်တပ်ရပ်နိုင်းပြီး မေးတယ်။

"သမီး . . . မြန်မာနိုင်ငံကြီး လွတ်လပ်ရေးရအောင် ဘယ်သူက ဦးဆောင်တိုက်ပွဲဝင်ခဲ့တာလဲ၊ သမီးသိလား"

"ဟုတ်ကဲ့ . . . သိပါတယ် ဆရာမ"

"ဘယ်သူများလဲကွယ်"

"ရုပ်ရှင်မင်းသား သီဟတင်စိုးပါရှင့်"

"ဟေ ! "

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



# မိတ်ဆက် (၂) (ဃ)

ကောင်မလေးအရွယ်ရောက်လာတော့ ယောက်ျားလေးတစ်ယောက်က ရှည်းစားစကားလိုက်ပြောတယ်။

"ကိုယ် . . . မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်းသိရဲ့သားနဲ့ ဘာလို့ ကိုယ့်အချစ်ကို လက်မခံတာ လဲဟင်"

အဲဒီယောက်ျားလေးရဲ့ အမေးကို ကောင်မလေး က စိတ်မကောင်းတဲ့ မျက်နှာလေးနဲ့ ပြန်ဖြေတယ်။

"ငါ . . . နင့်အချစ်ကို လက်ခံချင်ပါတယ်ဟယ်၊ ဒါပေ မယ့် ခက်တာက နောက်တစ်ပတ်လောက်နေရင် ငါက နိုင်ငံခြားကိုသွားပြီး လိင်ပြောင်းဖို့ ဘွတ်ကင်ချိတ်ထားပြီးသားဖြစ်နေပြီ"

"ဗုဒ္ဓေါ ! "

◆◆◆◆◆◆





ဪ . . .
ကောင်လေးနာမည်လား . . .
မှတ်သုန်တဲ့ . . .
အဲ . . .
ကောင်မလေးနာမည်ကတော့
ခပ်ဆန်းဆန်းရယ် . . .
ဝါးပင်ပျိုတဲ့လေ။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... A

မုတ်သုန်မှာ သူငယ်ချင်း နှစ်ယောက်ရှိတယ်။ တစ်ယောက်က ညီညီ။ နောက်တစ်ယောက်က တေဇတဲ့။ ငယ်ငယ်လေးကတည်းက လည်ပင်းဖက်ပေါင်းလာကြတာ။ တစ်ယောက်အကြောင်းတစ်ယောက် အူမကနေချေးခါးအထိ သိသလို အလုံးလည်းညီ အရှည်လည်းညီကြတယ်။ ခန္ဓာကိုယ် အချိုးအဆနဲ့ အရပ်အမြင့်ကို ပြောပါတယ်။ ကျောင်းတက်တော့လည်း မေဂျာကအတူတူ။ မုတ်သုန်အကြောင်းက ထားပါတော့။ ကျန်တဲ့နှစ်ယောက်နဲ့ မိတ်ဆက်ပေးရဦးမယ်။

ညီညီ့ရုပ်ရည်က ရွှက်ကြမ်းရေကျိုပါပဲ။ ဒါပေ မယ့် ဖော်ရွေတယ်။ ရည်းစားတစ်ခါမှ မထားဖူးသေးဘူး။ ဇွဲသာမစွဲသေးတာ။ သူနဲ့ ဘယ်ကောင်မလေးမှ မျက်လုံးချင်းဆုံမကြည့်ရဲဘူး။ ကြည့်မိလိုက်တာနဲ့ မျက်စိမှိတ်ပြုပြီးသား။ အဲဒီလောက်သွက်တာ။ မိန်းကလေးတွေတင်လားဆိုတော့





www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးဘူး။ ယောက်ျားလေးတွေကိုကအစ မျက်စိမှိတ်ပြတာ။ အဟီး . . . အဲဒီလိုပြောလို့ သူ့ကိုအခြောက်ကြီး၊ ဘုန်းကညာတစ်ပါး လုံးရာကပြားချင်နေတဲ့ကောင်လို့တော့ မထင်လိုက်ပါနဲ့။ မွေးရာပါအကျင့်မို့ပါ။

ဟုတ်တယ်ဒီကောင်က အရင်ဘဝတုန်းက မျက်စိထဲငရုတ်သီးမှုန့်ဝင်နေတုန်းများ သေလာခဲ့သလားမပြောတတ်ဘူး။ လူ့ဘဝထဲကိုဝင်တဲ့အပေါက်ထဲက ထွက်လာကတည်းက သုံးစက္ကန့်ခြားတစ်ခါလောက် မျက်စိမှိတ်တဲ့အကျင့်ကြီးကို ဖက်တွယ်ပြီးမွေးလာတာ။ အကြောင်းမသိရင်ပြောင်နေသလားမှတ်ရတယ်။ အဘွားကြီးတွေ ဆံပင်မပါတဲ့မယ်သီလရှင်တွေကအစ အလွတ်မပေးတဲ့မျက်လုံး။

တေဇကကျတော့ တစ်မျိုး။ သူ့ရုပ်ရည်က ကြည့်ပျော်ရှုပျော်လေးပါပဲ။ ဒါပေမယ့် သူ့မှာလည်း အကျင့်ဆိုးတစ်ခုရှိတယ်။ အဲဒါကဘာလဲဆိုတော့ သူ့ခါးကိုတို့လိုက်တာနဲ့ သူ့ရှေ့မှာရှိတဲ့ ဘယ်သူ့ကိုမဆို 'ချစ်လေး' လို့ခေါ်တတ်တာပါပဲ။ အဲဒီအကျင့်ကြောင့် ပြဿနာတက်ရပေါင်းလည်းများပြီ။ အဲဒီအကျင့်ကို ဘယ်လိုဖျောက်ဖျောက်မပျောက်ဘူး။ တို့လိုက်တာနဲ့ခေါ်တာပဲ။ ကမ္ဘာပေါ်မှာ မိန်းကလေးတွေရဲ့ ပါးရိုက်ခြင်းကိုအများဆုံးခံရတဲ့ယောက်ျားသားကိုပြပါဆိုရင် သူ့ကိုလက်ညှိုးထိုးပြရမှာအမှန်။

ဘယ်လောက်အထိ အရိုက်ခံရသလဲဆိုရင် သူ့ပါးမှာ



ရာဇဝင်ကို

အသားမာတွေတက်နေလောက်အောင်ပါပဲ။ မှတ်မှတ်ရရဘစ်ခါတုန်းက ဗလကောင်းကောင်းနဲ့ ထောင်ထောင်မောင်းမောင်း ကုလားကြီးတစ်ယောက်ကို 'ချစ်လေး' သွားခေါ်လို့ လက်သီးနဲ့အထိုးခံရတာ နှစ်ရက်လောက်နှာနှပ်ယူရတယ်။ တကယ်။

ပြီးတော့ မုတ်သုန်မှာ အရင်းနှီးဆုံး သူငယ်ချင်းမိန်းကလေးတစ်ယောက်ရှိပါတယ်။ သူမနဲ့က ငယ်ငယ်လေးကတည်းက ကစားဖော်ကစားဖက်ခင်မင်လာခဲ့တာဖြစ်ပြီးအတန်းကျောင်းတော့မတူပါ။ သူမက ဆယ်တန်းတွင် အမှတ်ကောင်းသောကြောင့် ဆေးလိုင်းဝင်ပါသည်။ ဆေးကျောင်းသူမလေးပေါ့။ နာမည်က ရှားရှားခင်တဲ့။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



**မုတ်သုန်** တို့သုံးယောက် ကဲန်တင်းရှိ ခုံအသီးသီး မှာဝင်ထိုင်လိုက်ကြတယ်။ ပထမဆုံးကျောင်းစတက်သောနေ့မို့ လို့ ဘာစာမှမသင်သေးတော့ ကျောင်းထဲမှာလျှောက်ပတ်နေရ တာ ခြေထောက်တွေ ညောင်းပြီး ဗိုက်တွေလည်း တဂွီဂွီ တဝွမ်ဝွမ် နဲ့ မြည်နေကြပြီ။

"ဘာသုံးဆောင်မလဲ . . . အစ်ကိုတို့"

စားပွဲထိုးလေးမေးတာကို ညီညီကမျက်စိတွေမှိတ်ပြနေရင်းကနေ စပါကလင်တစ်လုံးလို့မှာတယ်။ တေဇကလည်း "ငါရောပဲ" လို့ဖြေတယ်။ အဲဒီနောက် စားပွဲထိုးလေးက ဘာမှ မမှာသေးတဲ့ မုတ်သုန်ဘက်ကိုလှည့်ကြည့်လာရင်း . . .

"အစ်ကိုကရော . . . "

လို့ မေးလာတယ်။ စားပွဲထိုးလေးစကားလည်းဆုံးရော မုတ်သုန်က စားပွဲထိုးလေးကို ခြေဆုံးခေါင်းဆုံးကြည့်တယ်။ ခေါင်းကနေခြေထောက်၊ ခြေထောက်ကနေခေါင်း အပြန်ပြန်





အလှန်လှန် ကြည့်တယ်။ ပြီးတော့မှ စားပွဲထိုးလေးဘက်ကို ခန္ဓာ ကိုယ်ကိုကိုင်းပြီးတော့ ပြောတယ်။ လေသံကလည်း သူများကြားမှာစိုးသလိုနဲ့ တိုးတိုးလေး။

"မင်း . . . အားလား"

"ဗျာ ! "

စားပွဲထိုးလေး ခန္ဓာကိုယ်တွန့်ခနဲ ဖြစ်သွားတယ်။ ဒါကိုပဲ မုတ်သုန်က . . .

"မင်း . . . အားလားလို့မေးတာ၊ ဒီညလေ"

"ခင်ဗျာ ! "

စားပွဲထိုးလေး မျက်လုံးပြူးသွားပြီး နောက်ကို ခြေတစ်လှမ်းဆုတ်သွားတယ်။ ပြီးတော့ ခြေတကာကာ လက်တကာကာနဲ့ ကတုန်ကယင်ပြောလာတယ်။

"ကျွန်တော် . . . ကျွန်တော်အဲဒီလို လူစားမျိုး မဟုတ်ပါဘူး၊ ကျွန်တော် ယောက်ျားစစ်စစ်ပါ"

"မင်း ယောက်ျားစစ်လား မစစ်ဘူးလားဆိုတာ ကြည့်တာနဲ့ ငါသိပါတယ်ကွာ၊ ပြောပါကွ၊ မင်း မနစ်နာစေရ ပါဘူး၊ မင်း တောင်းသလောက်ပေးမယ်၊ ဒီည အား လား"

စားပွဲထိုးလေး ဇောချွေးတွေပျံလာတယ်။ ညီညီကလည်း သူ့ကို မျက်စိတွေတအားမှိတ်ပြနေတော့ ပိုဆိုးတာပေါ့။

"ပြောလေကွာ၊ ဒီည အားလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အ . . . အစ်ကိုကလည်း နောက်နေပြန်ပြီ၊ ပြောပါ အစ်ကိုရာ၊ ဘာသုံးဆောင်မလဲ၊ အခြားဧည့်သည်တွေ ရှိနေသေးလို့"

"ငါ ဘယ်မှာနောက်လို့လဲ၊ တကယ်ပြောနေတာ၊ ဒီည အားလားလို့"

"အစ်ကို ကျွန်တော်ငိုချင်လာပြီနော်၊ အဟင့်"

"ဟာ ! ငါက မင်းကို ဘာလုပ်လို့လဲ"

"အစ်ကိုပဲပြောနေပြီးတော့၊ ဒီည အားလားဆို"

မုတ်သုန်က မင်သေသေနဲ့ . . .

"အင်းလေ . . . အင်းလေ၊ ဘာဖြစ်လို့လဲ၊ မင်းကို ငှားမလို့ ဒီညအားလားလို့ . . . မေးတာပဲ၊ အဲဒါ ဘာဖြစ်လဲ"

"ဟော . . . ပြောလေဆိုးလေပဲ၊ ကျွန်တော်မိကောင်း ဖခင်သားသမီး ယောကျ်ားစစ်စစ်ကြီးပါ။ ခြောက်လည်း မနေပါဘူး အစ်ကိုရာ၊ ရိုးရိုးသားသားသန့်သန့်ရှင်းရှင်း လုပ်စားနေတာပါ"

"အင်းလေကွာ၊ ငါကရော မင်းကို မရိုးသားတာ ဘာပြောနေလို့လဲ"

"အစ်ကိုပဲ ဒီညအားလားဆို"

ညီညီနဲ့ တေဇထံက ရယ်သံတွေ တခွိုးခွိုးထွက်လာတယ်။ မုတ်သုန်ကတော့ လုံးဝခပ်တည်တည်ပဲ။

"ငါက ဒီည အိမ်မှာ ပါတီပွဲရှိလို့ မင်းကို စားပွဲထိုးလုပ်





ခိုင်းချင်လို့ အားလားလို့ မေးတာ၊ မင်းက ဘာတွေ တွေးနေတာလဲ"

စားပွဲထိုးလေးက နဖူးမှာသီးလာတဲ့ ချွေးတွေကို သုတ်လိုက်ရင်း . . .

"ဟို . . . ဟို"

ဆိုပြီး စကားကိုရှေ့ဆက်မရသလို ဖြစ်နေတယ်။ အဲဒီအချိန်မှာပင် မုတ်သုန်က ဘေးမှာရှိတဲ့ တေဇခါးကို မသိမသာတို့လိုက်တော့ တေဇပါးစပ်ကယောင်နေကျစကားတစ်ခွန်းက ပီပီသသကြီး ထွက်ကျလာလေတော့တယ်။ ထိန်းလို့မရဘူး။

"ချစ်လေး"

"အင်"

စားပွဲထိုးလေးက အလန့်တကြားနဲ့ တေဇကို လှည့်ကြည့်တယ်။ တေဇက တစ်ခုခုပြောဖို့ပြင်နေတုန်းမှာပဲ စားပွဲထိုးလေးအကြည့်က ညီညီ့ဆီရောက်သွားတယ်။ အဲဒီတော့မှ ပိုဆိုးတာပဲ။ ညီညီကလည်း သူ့ကို မျက်စိတွေ တအားကိုမှိတ်ပြနေတော့တာကိုး။ စားပွဲထိုးလေးခင်မျာ ဘာမပြောညာမပြောနဲ့ သူတို့ဝိုင်းနားကနေ လိမ်ကျစ်လိမ်ကျစ်နဲ့ ပြေးတော့တာပဲ။ ထိုင်ချပြီးတော့ မငိုတာကံကောင်း။

စားပွဲထိုးလေးထွက်သွားမှ မုတ်သုန်က တဟားဟားနဲ့ အော်ရယ်တော့တာပဲ။ ဒါကို ညီညီကကြည့်ပြီး ပြုံးစိစိနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။

“မုတ်သုန်ရာ၊ မင်းကတော့ နေရာတကာ မစ,ရရင် မနေနိုင်ဘူး၊ တကယ်လက်လန်တယ်၊ ဟိုငနဲသားလေး ငိုတော့မလို့”

တေဇကလည်း မကျေမနပ်နဲ့ ဝင်ပြောတယ်။

“အေးလေ၊ ကြားထဲက ငါ့ခါးကိုတောင် လာတို့လိုက်သေးတယ်၊ တော်သေးတယ်၊ မင်း ပထွေးလေးက ဘာမှလုပ်မသွားလို့၊ စိတ်ကြီးတဲ့ကောင်သာဆို ငါကကြားထဲ က နားရင်းအုပ်ခံရမှာ၊ နောက်ဆို ငါ့ခါးကို တို့တို့ပြီး တော့ မြွေမဖမ်းစမ်းပါနဲ့ကွာ၊ တောင်းပန်ပါတယ်”

မုတ်သုန်ကတော့ ဘာမှပြန်မပြောဘူး။ တသောသောသာ မျက်ရည်ကျမတတ်ရယ်နေတော့တယ်။ ရယ်လည်းရယ်ချင်စရာ။ စားပွဲထိုးလေးခင်မျာ သူတို့ဝိုင်းဘက်ကို တစ်ချက်လေးမှတောင် လှည့်မကြည့်ရဲတော့ဘဲ တခြားဝိုင်းတွေမှာသာ လိုတာတွေလျှောက်လုပ်ပေးနေတယ်။

သူတို့ကို ဘယ်လောက်အထိ လန့်သွားသလဲဆို ရင်ပြန်တော့မလို့ပိုက်ဆံရှင်းဖို့ လှမ်းခေါ်တာတောင် ခေါင်းတရမ်းရမ်း လက်တကာကာဖြင့် “လာဘူး၊ လာဘူး” လို့ အကြောက်အကန် အသေအလဲ ငြင်းနေတဲ့အထိ။

◆◆◆◆◆◆



# ရာဇဝင်ကို

ဝါး ပင်ပျို တို့ သူငယ်ချင်းသုံးယောက် အင်းလျားကန်ဘောင်သို့ရောက်သွားကာ သူမတို့ ထိုင်နေကျနေရာက ထိုင်ခုံမှာ ငတိတစ်ကောင်က အရင်ရောက်နေတယ်။ ပုံစံက ငေါင်းစင်းစင်းနဲ့ အင်းလျားရေပြင်ကျယ်ကိုကြည့်နေတာ။ ရည်း စားပူမိနေတာ လုံးဝအသိသာကြီး။ ကျန်တဲ့ ခုံတန်းလျားတွေ မှာကလည်း အတွဲတွေ အနိုင်တွေ အပြွတ်တွေက အသီးသီး နေရာယူပြီးသား။ အဲဒီတော့သူမတို့မှာ ဒီထိုင်ခုံပေါ်က ငတိ ထအသွားကိုပဲ မလှမ်းမကမ်းကနေ မယောင်မလည်နဲ့ စောင့် နေမိကြတယ်။ ဒါပေမယ့် ငါးမိနစ်လောက်သာကြာသွားတယ်။ ငတိကတော့ ဆွေးလို့ကောင်းနေတုန်း။

“ပင်ပျို . . . ဟိုလူက ဒီနေ့ထပါဦးမလား”

သူဇာက ငတိကို မေးငေါ့ပြရင်း ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



မွန်ကြည်ထွေးကလည်း ခန္ဓာကိုယ်ကို ခပ်ပြေပြေရပ် လက်ပိုက်ရင်းပြောတယ်။

"ကြည့်ရတာ ပျို့ပျို့ကပစ်သွားလို့ ကိုကိုချစ်တို့ ကွဲပြီးကျန်ခဲ့တာထင်တယ်"

"ဟဲ့ . . . ဘာကွဲတာလဲ"

"အသည်းပြောပါတယ်"

ဒီလိုနဲ့ နောက်ထပ်ငါးမိနစ်လောက်ကြာသွားပြန်တယ်။ ကိုကိုအဆွေးသမားတို့ကတော့ ကွဲလို့ကောင်းနေတုန်း။ ပင်ပျို့လည်း စိတ်မရှည်တော့ဘူး။ ဒီငတိ မြန်မြန်ပြေအောင်လုပ်မှ ဖြစ်တော့မယ်။ သိတယ်မလား။ ပင်ပျို့တို့က ဒီလိုနေရာမှာဆို ဉာဏ်နီဉာဏ်နက်တွေက တအားထွက်။ သူမက သူဇာနဲ့ မွန်ကြည်ထွေးကို နင်တို့ဒီနားမှာ ခဏနေခဲ့ဦးဆိုပြီး ထွက်လာခဲ့တယ်။

ပြီးမှ ငတိဘေးမှာ စွေ့ခနဲဝင်ထိုင်ရင်း ဘာမပြောညာမပြောနဲ့ တအိအိငိုချလိုက်တယ်။ ပါးစပ်ကလည်း

"အဟီး . . . ဟီး . . . ဟီး . . . ဟင့်၊ ယောကျ်ားတွေများ ကောင်းကိုမကောင်းဘူး၊ မရခင်ကတော့ ခေါင်းပေါ်တင်ထားမတတ်ပဲ၊ သူတို့ပဲ အသည်းအသန် ဟီး . . . ဟီး၊ ဟင့် . . . ရလည်းရရော၊ သူတို့ လက် ခုပ်ထဲက မစင်လို ရှုံလိုရှုံ စားလိုစားနဲ့ သူတို့စိတ်ထင် တိုင်းကျဲနေကြတာ၊ ဥပါတာချင်း အတူတူမှာတောင် ငါးမ, တွေလောက်ကို





သစ္စာမရှိတဲ့ဟာတွေ အဟင့် . . . ဟင့်"

လို့ ပြောပြောငိုငို ငိုကာ နှပ်ချေးကို ရွတ်ခနဲ ညှစ်လိုက်ကာ အဲဒီလက်နဲ့ပင် ငတိကို သွားကိုင်လိုက်ရင်း . . .

"အစ်ကို . . . ညီမပြောတဲ့ ယောကျ်ားတွေထဲမှာ အစ် ကိုမပါဘူးနော်"

လို့ ပြန်ပြောလိုက်တယ်။ ငတိခန္ဓာကိုယ်က ဟိုဘက်ကို တိုးသွားပြီး ကြောင်တောင်တောင်နဲ့ ပြန်ပြောတယ်။

"အေး . . . အေးပါ ညီမရယ်"

ငတိခင်မျာ ဆွေးဘာတောင်မှ ကောင်းကောင်း မဆွေးရရှာဘူး။ သက်ပြင်းချပြီး သူမကို စိတ်ပျက်သလိုကြည့်လာတယ်။ ပြီးတော့ ကန်ရေပြင်ဘက်ကို ပြန်လှည့်သွားကာ အဆွေးမုဒ်ကို ပြန်သွင်းတယ်။ ပင်ပျို့ကလည်း ငိုချင်းကို ဆက်တယ်။

"အမလေးအမေရဲ့၊ အမေပြောတော့ ယောကျ်ားတွေက ကောင်းပါတယ်ဆို၊ အခုတော့ သမီးကို တို့လို့တန်းလန်းကြီးနဲ့ ထားခဲ့ပြီအမေရဲ့၊ ဟီး . . . ဟီး . . . ရွတ်၊ ယောကျ်ားတွေများ အညာဆီးသီးလိုပဲ၊ အသားက ချဉ်သလောက် အစိ (အစေ့)က ကြီးတဲ့ဟာတွေ၊ သုံး မဖြစ်ဘူး အဟင့် . . . ဟင့်"

အဲဒီလို ငိုရင်းနဲ့ နှပ်ချေးကို ရွတ်ခနဲညှစ်လိုက် ပြန်ကာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလက်ကြီးနဲ့ပဲ ဘေးကငတိကို ကိုင်ရင်းပြော တယ်။ ငတိမျက်နှာ ရှုံ့တွသွားတယ်။

"အဲဒီယောက်ျားတွေထဲမှာ အစ်ကိုမပါဘူး နော်အစ်ကို၊ အစ်ကို့အသားက မချဉ်သလို အစေ့ကလည်း မကြီးပါ ဘူးနော်၊ အစ်ကို့ အဓိကသေးသေးလေးဆိုတာ ကြည့် တာနဲ့ သိသာပါတယ် အစ်ကိုရယ် . . . အဟီး"

ငတိခန္ဓာကိုယ် တွန့်ခနဲဖြစ်သွားပြီး အလန့်တ ကြားနဲ့ ခြေကားထိုင်နေရာကနေ တင်ကလိမ်ချိတ်ထိုင်လိုက်ပြီး ပေါင်ပေါ်မှာ လက်တွေကိုယှက်တင်ထားလိုက်တယ်။ ပင်ပို့ က သူ့ဘက်တိုးလာတော့ သူက ဟိုဘက်ကို့တိုးသွားတယ်။

"အစ်ကိုပဲ စဉ်းစားကြည့်စမ်းပါ အစ်ကိုရယ်၊ ကျွန်မက သူ့ကို ချောလွန်းခန့်လွန်းလို့ ပြန်ကြိုက်ခဲ့တာ၊ အစ်ကို့လို ခွေးနာကြီး AIDS ဖြစ်နေတဲ့ ရုပ်မျိုးနဲ့သာဆို ပြန်ကြိုက်ခဲ့မှာ မဟုတ်ဘူး အစ်ကိုရယ်၊ အခုတော့ လှတာမက်တဲ့ ကျွန်မ ဂွမ်းဂွမ်းမြည်အောင်ကွဲပြီလေ . . . အဟီး. . . ရှုတ် . . . ကျွန်မသနားစရာ မကောင်းဘူးလား အစ်ကိုရယ် . . . ဟင့်"

"ဩော် . . . အင်း . . . ကောင်းပါတယ် . . . ကောင်းပါတယ်"

"အဲဒါပြောတာပေါ့၊ အဲဒါပြောတာပေါ့ အစ်ကိုရဲ့၊ အစ် ကို့လို မြင်သူတကာအန်ချင်စရာကောင်းတဲ့ အီးသီးယိုး ပီးယားပြန် ဝမ်းလျှောနေတဲ့ ရုပ်မျိုးကို ပိုင်ဆိုင်ထားတဲ့ လူမှာတောင် အကြင်နာတရားနဲ့ သနားတတ်တဲ့ စိတ် လေးရှိသေးတာ၊ သူ့လို လူချောကြီးဆီမှာ အကြင်နာတွေ သေဆုံးနေတာကို ရင်နာလွန်းလို့ပါ အစ်ကိုရယ်၊ အဟီး . . . ရှုတ် . . . အဟင့်"

ပြောပြီး ငတိဘက်ကိုတိုးတော့ ငတိကဟိုဘက် ကို တိုးပြန်တယ်။ ငတိမျက်နှာမှာ စိတ်ရှုပ်ခြင်းတွေအတိုင်း သား။ ပင်ပို့က ငိုလိုက်၊ နှပ်ချေးညှစ်လိုက်၊ ငတိကိုတို့ပြီးပြော လိုက် ငတိဘက်ကိုတိုးသွားလိုက်၊ ငတိကဟိုဘက်ကိုးတိုးလိုက် နဲ့ တဖြည်းဖြည်း ငတိ ခုံအစွန်းကိုရောက်သွားတယ်။ နောက် တစ်ခါသာတိုးလိုက်ရင် ငတိပြုတ်ကျတော့မှာ။ ပြီးတော့ ငတိခင်မျာ ဘာလို့လဲတော့မသိဘူး၊ မျက်ရည်တွေဝိုင်းလာ တယ်။ ပင်ပို့က ဟန်ဆောင်ငိုနေရင်းကနေ တစ်ဖက်ကိုလှည့် ပြီး ကျိတ်ရယ်တယ်။ ဒီတစ်ခါသာ သူမတိုးလိုက်ရင် ငတိထ သွားရတော့မှာလေ။ ဒါဆို သူမတို့ ဒီခုံမှာအေးအေးဆေးဆေး ထိုင်ပြီး ညနေခင်းအလှကို ရှုစားလို့ရပြီပေါ့။

ဒါနဲ့ ဒီတစ်ခါတော့ လက်စသိမ်း တိုးလိုက်တော့ မယ်လို့ ဆုံးဖြတ်ပြီး ငတိဘက်ကိုအလှည့် ငတိကအသံနက်ကြီး နဲ့ ဝါးခနဲ တအားကို ငိုချလိုက်တယ်။

"အမယ်လေး ! "

ပင်ပို့တစ်ကိုယ်လုံး လန့်ပြီးဆတ်ဆတ်ကို ခါသွား တယ်။ ကြက်သီးတွေ တဖြန်းဖြန်းထသွားတာများ ရှုးရှုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်မကျတာတောင် ကံကောင်း။ အဲဒီလောက်ကို ငတိအော်သံ ကြီးက ကျယ်တာ။

"ဝါး . . . အဟီး . . . အစ်ကိုလည်း ညီမလိုပါပဲ ညီမလေးရယ်၊ မစိမ်းကားကြီးက အစ်ကို့ကိုထားသွား တာလေ၊ အဟီး . . . ဘဝတူတွေပါပဲကွယ်၊ အစ်ကို့မှာ အကြင်နာတရားရှိတာ ညီမလေးတောင်မှ သိတယ် . . . သူက မသိဘူး၊ အစ်ကိုရော သနားစရာ မကောင်း ဘူးလားဟင်၊ ပြောပါဦး ညီမလေးရယ်"

ပင်ပျိုတစ်ယောက် သူမငိုရမှာကိုတောင် မေ့သွား ရပြီး ကြောင်တောင်တောင်နဲ့ ဖြေလိုက်ရတယ်။

"ကောင်း . . . ကောင်းပါတယ်"

"အဲဒါပြောတာပေါ့။ အဲဒါပြောတာပေါ့ ညီမရဲ့၊ ညီမ တောင် အခုမှတွေ့ပြီး အစ်ကို့ကိုသနားသေးတာ၊ သူက မသနားဘူး၊ အဲဒါကို ရင်နာတာပါ ညီမလေးရယ် . . . အဟီ . . . ဟီး"

ပင်ပျိုကသွားရမလို ဆက်ပဲထိုင်နေရမလိုနဲ့ ဝေခွဲ မရဖြစ်သွားတယ်။ ငိုရမှာလည်း သတိမရတော့။ နောက်ပိုင်း မင်းသားက ပွဲကြမ်းနေတော့ ရှေ့ထွက်မင်းသမီးခမျာ မှိုင်တွေ ချနေရတဲ့အဖြစ်။ အဲဒီအချိန်မှာပဲ ငတိက ပင်ပျို့လို နှပ်ချေး ညှစ်လိုက်တယ်။ အားပါးပါး . . . အဲဒီလောက်ကျယ်တဲ့ နှပ် ချေးညှစ်သံနဲ့ အဲဒီလောက်များတဲ့ နှပ်ချေးထုထည်ကို သူမ ဒီအရွယ်ထိ တစ်ခါမှမတွေ့ဖူးချေ။

သူမတုန်းက နှစ်နှစ်ကာကာငိုတာမဟုတ်ဘဲ ဟန် ဆောင်ပန်ဆောင်ငိုပြီး နှပ်ချေးကိုလည်း ဟန်ဆောင်ညှစ်တာမို့ နှပ်ချေးကတကယ်မထွက်။ နှပ်ချေးညှစ်သံကလည်း ရှတ်ခနဲသာ တိုးတိုးလေးထွက်တာ။ ငတိက ကျတော့ တကယ်ငိုပြီးညှစ်တာမို့ နှပ်ချေးတွေက သူ့လက်ထဲမှာ တစ်လုံးတစ်ခဲကြီး။ နှပ်ချေးညှစ်သံ ကြီးကလည်း မီးနေသည်ရှိ ရင်သွေးလန့်သေလောက်အောင်ကို "ရွှီး"ခနဲ။

ငတိလက်ထဲက နှပ်ချေးတွေကိုကြည့်ပြီး ဝါးပင်ပျို ခန္ဓာကိုယ်တွန့်ခနဲဖြစ်သွားပြီး မရိုးမရွဖြစ်သွားတယ်။ ရင်တုန် ပန်းတုန်ဆိုတာ ဒါမျိုးကိုပြောတာလားမသိ။

အဲဒီအချိန်မှာပဲ ငတိက သူမဘက်ကို မျက်လုံး စွေကြည့်လာတော့ ပင်ပျိုဆံပင်မွေးတွေထောင်သွားပြီး ဒီဘက် ကို ပြန်တိုးလာတယ်။ အနေအထားမကောင်းရင် ထပြေးဖို့ စကတ်စကိုလည်း အပေါ်ကိုအဆင်သင့်ဆွဲမ တင်ထားလိုက် တယ်။ ငတိမျက်နှာလည်း သူမဘက်ကို ဆတ်ခနဲလှည့်လာရာ စကတ်ကိုမတဲ့ပြီး ပင်ပျိုတစ်ယောက် ဝုန်းခနဲထပြေးတာများ အင်းလျားကန်ဘောင်ပေါ်မှာ ဖုန်တထောင်းထောင်းထသွား တယ်။

"ညီ . . . ညီမလေး . . . နေဦးလေ . . . ဟေ့. . . နေဦးလို့"





www.burmeseclassic.com

www.burmeseclassic.com



ငတိကလှမ်းခေါ်ပေမယ့် ပင်ပို့ကတော့ လှည့်ကိုမကြည့်ရဲ။ ဖနောင့်နဲ့တင်ပါး တသားတည်းကို ပြေးတာ။ သူဇာတို့ မွန်ကြည်ထွေးတို့က ကြောက်အားလန့်အားနဲ့ ပြေးလာတဲ့ ပင်ပို့ကို ဆီးကြိုမေးကြတယ်။

"ဟဲ့ . . . ဘာဖြစ်တာလဲ"

"သူက ထိုင်ခုံဖယ်ပေးမယ်တဲ့လား"

ပင်ပို့က ခေါင်းကို သွက်သွက်ခါအောင်ရမ်းပြ ပြီး အမောတကောဖြေလိုက်တော့တယ်။

"လာ . . . လာပါဟာ၊ ငါတို့ဟာသာ ပလက်ဖောင်းပေါ်မှာပဲ သွားထိုင်ရအောင်၊ ခုံပေါ်မှာ ထိုင်ချင်မနေနဲ့ တော့၊ အခြေအနေမကောင်းဘူး၊ နှပ်ချေးလက်ပစ်ပုံး အထုခံရကိန်းရှိတယ်"

◆◆◆◆◆◆





# အခန်း ၃



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... B

နောက်တစ်နေ့ရောက်တော့ သူမတို့ကျောင်းကန်တင်းမှာထိုင်ကြတယ်။ သုံးယောက်သား မနေ့ကအဖြစ်ကို ပြောပြီးရယ်လို့မဆုံးဘူး။ အတန်းလွှတ်ချိန်မို့ ကျောင်းသားတွေနဲ့ ကန်တင်းတစ်ခုလုံး ပြည့်နေတယ်။ ဝါးပင်ပျိုက အအေးကို ပိုက်မှတဆင့်စုပ်ယူရင်း မွန်ကြည်ထွေးကိုကြည့်ကာ ပြောလိုက်တယ်။

"ငါ . . . မနေ့ညက နင့်အကြောင်းအိပ်မက်မက်တယ် သိလား မွန်ကြည်"

"ဟုတ်လား၊ ဘာတဲ့လဲ ပြောပါဦး"

"အင်း . . . အိပ်မက်ထဲမှာက နင်ရယ်ငါရယ်နှစ်ယောက်တည်းဟ"

ဒီတော့ သူဇာက မကျေမနပ်နဲ့ ဝင်ပြောတယ်။

"ငါရောမပါဘူးလား"

"အေး . . . မပါဘူး၊ ငါရယ် မွန်ကြည်ထွေးရယ် နှစ်





www.burmeseclassic.com

www.burmeseclassic.com





ယောက် ...ည်းပဲပါတာ၊ အိပ်မက်ကထူးဆန်းတယ်ဟဲ့ သိလား"

သူဇာက အိပ်မက်ထဲမှာမပါလို့ မကျေမနပ်နဲ့ မသိဘူးဆိုပြီး ဘုတောပေမယ့် မွန်ကြည်ထွေးကတော့ မျက်လုံးတွေဝင်းလက်သွားပြီး အားတက်သရောမေးတယ်။

"ဟုတ်လား၊ ဘယ်လိုထူးဆန်းတာလဲ၊ ငါ ထိ ပေါက်တယ် တဲ့လား"

"မဟုတ်ပါဘူး၊ အိပ်မက်ထဲမှာ နင်ရယ်ငါရယ် ရဟတ်ကြီးစီးနေတယ်တဲ့၊ ပျော်စရာကြီး၊ ဒါပေမယ့် အဲဒီအချိန် မှာပဲ လေတွေတအားတိုက်လာပြီးတော့ နှစ်ယောက် စလုံး ရဟတ်ကြီးထဲက ပြုတ်ကျသွားတယ်တဲ့"

မွန်ကြည်ထွေး မျက်လုံးပြူးသွားတယ်။ ပြီးတော့ အလန့်တကြားနဲ့ မေးလာတယ်။

"ဟယ် ... သေရောပေါ့"

"ဟင့်အင်း ... မသေဘူး"

"တော်ပါသေးရဲ့၊ ဘာတွေဆက်ဖြစ်သွားလဲ ပြောပါဦး"

"အင်း ... အဲဒီရဟတ်ကြီးပေါ်က ပြုတ်ကျတော့ နင်က ပျားရည်တွင်းကြီးထဲကျသွားတာ"

"ဟုတ်လား၊ နင်ကရော"

"ငါကကျတော့ မစင်တွင်းကြီးထဲကျသွားတာဟဲ့"

ပင်ပို့စကားအဆုံး သူဇာနဲ့ မွန်ကြည်ထွေးက ဟက်ဟက်ပက်ပက် အော်ရယ်ကြတယ်။ သူဇာက အဲလောက် မဟုတ်ပေမယ့် မွန်ကြည်ထွေးကတော့ ဗိုက်ကိုနှိပ်ပြီး မျက်ရည်တွေကျလာတဲ့အထိကိုရယ်တာ။

"နင့်ကုသိုလ်ကလည်းဟယ်၊ ငါကကျတော့ ပျားရည်တွင်းထဲကျတာတော်သေးတယ်၊ နင်ကချေးတွင်းထဲ ပြုတ်ကျတာဆိုတော့ ... အဟားဟား ... ဘယ်လောက်အောင်လှနေလိုက်မလဲ မြင်ကြည့်စမ်း၊ အဟီး ဟီး"

ပြောရင်းနဲ့ သဘောကျသလိုရယ်ပြန်တယ်။ ရယ်နေတာက တော်တော်နဲ့ အတောမသတ်ဘူး။ ပင်ပို့က မွန်ကြည်ထွေးကို ကြည့်ပြီး လျှို့ဝှက်စွာပြုံးတယ်။ ပြီးမှ ...

"နေဦး၊ အိပ်မက်က မပြီးသေးဘူး"

လို့ ပြောလိုက်တော့ မွန်ကြည်ထွေးက စေ့သီလာနေတဲ့အပျော်မျက်ရည်တွေကို လက်ခုံနဲ့သုတ်ရင်း ...

"ဟင် ... ဟုတ်လား"

လို့ မေးတယ်။ ပင်ပို့ကလည်း ခေါင်းကိုညိတ် ရင်း အိပ်မက်ကို ဆက်ပြောတယ်။

"နင်က ပျားရည်တွင်းထဲကျပြီး ငါကချေးတွင်းကြီးထဲကျတော့ နှစ်ယောက်စလုံးရဲ့ အင်္ကျီတွေမှာရော ဘောင်းဘီတွေမှာရော တစ်ကိုယ်လုံး ပေကုန်တာပေါ့ဟ၊ အဲဒီမှာ ...ရောက်တော့တာပဲ၊ ကျောင်းချိန်ကလည်းနီးနေပြီ၊ နင့်မှာကလည်း ပျားရည်တွေနဲ့၊ ငါ့မှာကလည်း ချေးတွေ





www.burmeseclassic.com

www.burmeseclassic.com



ပေနေတာ မဟုတ်လား၊ သွားပြန်ပြီး အဝတ်အစားလဲလို့ကလည်း မဖြစ်၊ ရေကလည်းမရှိနဲ့ ပျာယာခတ်ကုန်တယ်"

ပင်ပိျုကစကားကို ခဏဖြတ်ထားပြီး အအေးကိုသောက်တော့ မွန်ကြည်ထွေး မရိုးမရွဖြစ်သွားတယ်။

"ဆက်ပြောလေဟယ်၊ ကောင်းခန်းရောက်နေမှ ရပ်နေ တယ်၊ ငါတို့ပြဿနာကို ဘယ်လိုဖြေရှင်းလိုက်သလဲ"

"အဲဒီပြဿနာကိုဖြေရှင်းဖို့ နည်းလမ်းက ဘယ်လိုမှရှာလို့မရဘူးဟဲ့၊ အဲဒါနဲ့ ငါတို့နှစ်ယောက်လည်း ကြံရာမရတဲ့အဆုံး တစ်ယောက်မှာပေနေတာတွေကို တစ်ယောက်လျှာနဲ့ တစ်ယောက်တစ်လဲ လျက်ပစ်လိုက်ကြ တယ်တဲ့၊ ပြောင်သွားရော"

သူမစကားအဆုံး သူဇာက ခွက်ထိုးခွက်လန်ရယ်တော့တယ်။ မွန်ကြည်ထွေးကလည်း အစတော့ ကြောင်နေသေးတယ်။ နောက်မှအတွေးပေါက်သွားပြီး ဝါးပင်ပိျုကို ပစ်ပစ်နှစ်နှစ်ဆဲတော့တာပဲ။ ပြီးမှ ရှက်ရယ်ရယ်နေတော့တယ်။

သူဇာက အသာလက်ကာပြရင်း . . .

"ဟဲ့ . . . နင်တို့နောက်ကျောဘက်မှာထိုင်နေတဲ့ ယောကျ်ားလေးသုံးယောက်ဝိုင်းကို လှည့်ကြည့်လိုက်စမ်းပါ"

လို့ ပြောလာသဖြင့် ပင်ပိျုနဲ့ မွန်ကြည်ထွေးက နောက်ကို လည်ပင်းလိမ်ပြီး ကြည့်တယ်။ ပြီးမှ ပြန်လှည့်လာရင်းနဲ့ သူဇာ့ကိုမေးတယ်။





"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ဒီဘက်ကိုကျောပေးထိုင်နေတဲ့တစ်ယောက်ပေါ့၊ တစ်ချက်တစ်ချက် ငါတို့ဝိုင်းဘက်ကို လှည့်ကြည့်လာပြီးတော့ မျက်စိတွေမှိတ်မှိတ်ပြနေတယ်၊ ငါကြည့်နေတာကြာပြီ၊ ခဏခဏပဲ၊ မျက်နှာကလည်း ပြောင်ချော်ချော်နဲ့၊ ဟောဟော . . . ကြည့် ကြည့်၊ မှိတ်ပြနေပြန်ပြီ"

ပင်ပိျုတို့နှစ်ယောက် လှည့်ကြည့်လိုက်ပြန်တယ်။ ဟုတ်တယ်၊ ငတိတစ်ယောက် သူမတို့ကိုလှည့်ကြည့်လာပြီး မျက်စိတွေမှိတ်ပြနေတာ။ တစ်ဖက်တည်းတောင်မဟုတ်။ စုံကို မှိတ်ပြနေတာ။ ပင်ပိျုနဲ့ မွန်ကြည်ထွေးက အဲဒီဘက်ကို ကျောပေးထိုင်နေခဲ့တာမို့ မမြင်တာ။ အခုမှမြင်တယ်။ ပင်ပိျုကတစ်ခါကြည့်လိုက်စဉ်မှာပဲ ငတိကတစ်ခါလှည့်လာရင်း မှိတ်ပြပြန်တယ်။

"ဘာကောင်လဲဟဲ့၊ ငါတို့ကို စ,စရာလို့များ အောက်မေ့နေလားမသိဘူး၊ မျက်နှာကမျက်နှာရှူး"

ပင်ပိျုက စိတ်တိုသလို ရေရွတ်တုန်းမှာပင် မွန်ကြည်ထွေးက ထပ်ပြောတယ်။

"မှိတ်ပြနေပြန်ပြီ"

ပင်ပိျုကဝုန်းခနဲ ထရပ်လိုက်ရင်း . . .

"လာ . . . သွားကောမယ်၊ ဒီအတိုင်းထိုင်နေရင်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တယ်ထင်လိမ့်မယ်၊ ရောင့်တက်ရာကျတယ်၊ သွား ဆယ်ချောင်းလောက်ကျွတ်ထွက်သွားအောင် ဆော်ထည့်လိုက် မယ် . . . လာ"

"ဟုတ်တယ်"

"အေး . . . ကောင်းတယ်၊ ဒါမှ ဒီမျက်နှာရှုံးမှတ်သွား မှာ"

ကျန်တဲ့နှစ်ယောက်ကပါ သူမစကားကိုထောက် ခံပြီး ထိုင်ရာက ထထိုင်လိုက်ကြတယ်။ ပြီးနောက်ဝေတိထိုင်နေ တဲ့ ဝိုင်းဘက်ကို ဒေါ်ကြီးမောကြီးနဲ့လျှောက်လာကြတယ်။ ဒီ ဝိုင်းတွေက လူမိုက်အညာတွေနဲ့ အသေနွာတော့မယ့်ဒီဇိုင်း တွေ။ ပင်ပျို့က အဲဒီဝိုင်းကိုရောက်တာနဲ့ စားပွဲခုံကို လက်နဲ့ ဘုန်းခနဲ ပုတ်ချလိုက်ရင်း အော်ထည့်လိုက်တယ်။

"ဒီမှာ ! "

◆◆◆◆◆◆





'ဒီမှာ ! '

"အောင်မယ်လေးဗျ"

ရုတ်တရက်ရောက်လာပြီး စားပွဲခုံကို လက်နဲ့ ဘုန်းခနဲ ပုတ်ချလိုက်ကာ အော်ထည့်လိုက်တဲ့ ကောင်မလေး တစ်ယောက်ကြောင့် မုတ်သုန်တို့ သူငယ်ချင်းသုံးယောက် လန့် ဖျတ်ကုန်ကြတယ်။ သုံးယောက်သား ဘာမှန်းမသိ ကြောင်နေ တုန်းမှာပဲ ကောင်မလေးက ညီညီ့ကိုလက်ညှိုးထိုးလိုက်ရင်း

"နင် . . . အခုထိ ပြောင်ပြနေတုန်းပါလား"

ဆိုပြီး နားရင်းပိတ်တီးတယ်။ ရိုက်ထည့်လိုက် တာများ အုန်းခနဲ။ ညီညီတစ်ယောက် နေ့ခင်းကြောင်တောင် ကြယ်တွေလတွေမြင်ရုံတင်မကဘူး၊ သိကြားမင်းအပေါ်သွား နေတာကအစ မြင်သွားတယ်။

"ဟာ . . . မင်းဘာလုပ်တာလဲ"

တေဇက ထအော်တယ်။ နောက်ထပ်ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်ယောက်ပါ ထပ်ရောက်လာတယ်။ အရင်ဆုံး ရောက်လာပြီး တီးထည့်လိုက်တဲ့ကောင်မလေးက . . .

"မမြင်ဘူးလား၊ နားရင်းအုပ်ထည့်လိုက်တာလေ"

လို့ ပြောတယ်။ ကျန်တဲ့ကောင်မလေးတွေက လည်း ဒေါသတွေတရှုးရှုးထွက်နေတယ်။ ဘာမှန်းမသိညာ မှန်းမသိ နားရင်းအုပ်ခံရသော ညီညီက ကတုန်ကယင်နဲ့မေးတယ်။

"ကျွန်တော်ဘာမှားလို့လဲ၊ ကျွန်တော်ဘာလုပ်လို့လဲ ဟင်"

"ရှင် အခုထိပြောင်ပြနေတုန်းပဲ၊ အခုထိပြောင်ပြနေတုန်းပဲ၊ ငါ ထပ်ရိုက်လိုက်ရတော့ သေတော့မယ်"

ကောင်မလေးက ဒေါသတကြီးနဲ့ ထပ်ရိုက်မလို ရွယ်တယ်။ ညီညီကလည်း မျက်စိကို မှိတ်တုတ်တုတ်လုပ်ရင်း ပြောတယ်။

"ဘယ်မှာပြောင်ပြလို့လဲဗျ"

"ပြောင်မလိမ်နဲ့၊ ပြောင်မလိမ်နဲ့၊ အခုမျက်စိတွေမှိတ်ပြနေတာဘာလဲ၊ ပြောင်တာမဟုတ်လို့ ဘာလဲ၊ အခုနက လည်း ပြောင်ပြတယ်၊ အခုလည်း ပြောင်ပြနေတယ်၊ မခန့်တာလား၊ လူကိုဘာအောက်မေ့နေလဲ၊ ဟမ် . . ."

ဒီတော့မှ ညီညီက ကောင်မလေးတွေ ဒေါသ ထွက်နေရတဲ့ အရင်းခံအကြောင်းတရားကို သဘောပေါက်သွားပြီး သက်ပြင်းချတယ်။ တေဇနဲ့မုတ်သုန်က တခွီးခွီးရယ်တယ်။





ကောင်မလေးတွေက ညီညီရဲ့မွေးရာပါ မျက်လုံးမှိတ်တတ်တဲ့ အကျင့်ကိုမသိဘဲ သူတို့ကိုပြောင်ပြနေတယ်ထင်တာကိုး။

ကောင်မလေးတွေ သုံးယောက်လုံးကတော့ ဒေါသတွေ တခွီးခွီးထွက်နေတုန်း။

"ရှင် . . . အခုထိ ပြောင်ပြနေသေးတယ်၊ ဒီမျက်လုံးက ဘာလို့မှိတ်မှိတ်ပြနေတာလဲ၊ လူသတ်ချင်လာပြီ"

ညီညီက မျက်စိကိုမှိတ်တုတ်မှိတ်တုတ်လုပ်နေရင်း ဘနေ ခေါင်းကိုတစ်ချက်ကုတ်ရင်း . . .

"ကျွန်တော်ရှင်းပြမယ်၊ ခဏနေဦး"

လို့ ပြောတယ်။ ဒါပေမယ့် ကောင်မလေးတစ်ယောက်က လက်မခံနိုင်သလို ဝင်ပြောတယ်။

"ဘာရှင်းပြမှာလဲ၊ ဒီလောက်ရှင်းနေတာကြီးကို၊ အခုထိ မျက်စိတွေမှိတ်မှိတ်ပြနေတာကို မရပ်သေးဘူးလား၊ စိတ်ကြီးလာပြီနော်"

ကောင်မလေးက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အံကြိတ်အော်တယ်။ ဒေါသကြောင့်နှာခေါင်းတွေလည်း နီရဲနေကြပြီ။ မုတ်သုန်နဲ့တေဇကတော့ညီညီအခက်တွေ့နေပုံကို ကြည့်ပြီး တခွီးခွီးနဲ့အတောမသတ်အောင်ရယ်ကြတယ်။

"ရှင့်မျက်စိမှိတ်ပြပြီး ပြောင်နေတာကို အခုရပ်"

"အဲဒါကိုပဲ ရှင်းပြမလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှရှင်း၊ ရှင်ပြောင်နေတာကို အရင်ရပ်"

"ဘယ်လိုလုပ် ရပ်ရမှာလဲလို့"

"ရှင် အူကြောင်ကြောင်မလုပ်နဲ့နော်၊ ကျွန်မတို့ကို ဘာမှတ်နေသလဲ၊ ရှင်နောက်စရာပြောင်စရာများ ထင်နေလား၊ ဟမ် . . . ပြောစမ်း"

အခြေအနေက ပိုဆိုးလာတယ်။ ညီညီက ရှင်းပြဖို့ ပြင်တိုင်း ကောင်မလေးတွေက စကားကိုအဆက်မခံဘဲ ထအော်တယ်။ ကန်တင်းတစ်ခုလုံး ဆူညံပွက်လောရိုက်နေပြီး ကျောင်းသားကျောင်းသူတွေကလည်း စိတ်ဝင်တစားနဲ့ ဝိုင်းကြည့်နေကြတယ်။ ကောင်မလေးသုံးယောက်ကတော့ မျက်စိမမှိတ်ဘဲ နေလို့မရတဲ့ ညီညီ့ကို အတင်းရောအဓမ္မရော တားဆီးပိတ်ပင်နေကြတုန်း။ မျက်စိမှိတ်မပြနဲ့လို့လေ။ နောက်ဆုံး ဘယ်လိုမှဖြေရှင်းမရတဲ့အဆုံး ညီညီက လက်နှစ်ဖက်ကိုမြှောက်ပြီး လိပ်ခေါင်းထွက်မတတ် အသံကုန် ကုန်းပြီးအော်တယ်။

"နေကြပါဦး . . . နေကြပါဦး"

ညီညီရဲ့ အော်သံနက်ကြီးကြောင့် ကောင်မလေး တွေ တုန်တက်သွားပြီး အသံတွေတိတ်သွားကြတယ်။ ပြီးမှ ညီညီက အားလုံးကိုတစ်ချက်ဝေ့ကြည့်လိုက်ပြီး ပြောတယ်။

"ဒီမျက်လုံးတွေ မှိတ်မှိတ်နေတာက မွေးရာပါအကျင့်ကြီးဗျ၊ အကျင့်ကြီး၊ ခင်ဗျားလေးတို့ကို ပြောင်ပြနေတာ မဟုတ်ဘူး၊ ရှင်းပြီလား၊ မရှင်းရသေးရင်လည်း သေချာ





ကြည့်ဦး၊ ဒီမျက်လုံးတွေကို"

အဲဒီတော့မှ ကောင်မလေးတွေက ညီညီ့မျက်လုံးတွေကို မသင်္ကာဟန်နဲ့ကြည့်လာရင်း ဇဝေဇဝါနဲ့မေးလာတယ်။

"တ . . . တကယ်ကြီးလားဟင်"

"တကယ်ပေါ့ဗျ၊ ဘာကိစ္စလိမ်ရမှာလဲ"

"သိမှသိတာကိုလို့"

"အခုသိပြီမဟုတ်လား၊ ခင်ဗျားတို့ ပါးစပ်တွေ ပိတ်ထား တော့၊ ကျွတ် . . . တကယ် စိတ်ကုန်တယ်"

ညီညီက ထိုင်ခုံမှာပြန်ထိုင်တယ်။ ကောင်မလေးတွေက ကြောင်တောင်တောင်နဲ့ ရပ်နေကြတယ်။ ညီညီက "သွားတော့လေ၊ ဘာရပ်လုပ်နေကြတာလဲ" လို့အော်မှ လန့်ဖျပ်ပြီး ထွက်ခွာသွားကြတယ်။ ဒါတောင်နောက်ဆုံးအနေနဲ့ ညီညီ့ရဲ့ အော်တိုမှိတ်ဖွင့်နေတဲ့ မျက်လုံးတွေကို မသင်္ကာဟန်နဲ့ ကြည့်သွားပါသေးတယ်။ တကယ့်ဟာမလေးတွေ။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



**မုတ်သုန်**သည် မိဘများထံမှ အတင်းအကျပ် ကိုင်၍ဝယ်ခိုင်းထားသော ပြိုင်ကားလေးကို သူငယ်ချင်းများနှင့် ဝမ်းသာအားရလျှောက်မောင်းကြည့်နေလေတယ်။ သူနာမည်ပေါက်တဲ့ ကိုယ်ပိုင်ကားကို ဒီနေ့စတင်ရရှိလိုက်တာမို့ လှုကခပ်မြောက်မြောက်ဖြစ်နေတယ်။ မြို့ထဲမှာ လျှောက်မောင်းကြည့်ရင်း အပြန်လမ်းတွင် ပေဒင်ခန်းတစ်ခုကို တွေ့ရလေတော့တယ်။

ဆရာလိမ္မာ

ညီညီက ဆိုင်းဘုတ်ကို ဖတ်ကြည့်ရင်းကနေ အကြံပြုတယ်။ ပေဒင် အပျော်ဝင်ကြည့်ရအောင်တဲ့။ တစ်ယောက်က အဆိုတင်သွင်းလျှင် ကျန်တဲ့နှစ်ယောက်ကလည်း ငြင်းရိုးထုံးစံမရှိတဲ့အတွက် မုတ်သုန်က ကားကို လမ်းဘေးတစ်





နေရာမှာ ထိုးရပ်လိုက်တယ်။ ပေဒင်ဆရာကတော့ တော်တော်လေး နာမည်ကြီးပါတယ်။ မကြီးခံနိုင်ရိုးလား။ ဆိုင်းဘုတ်အကြီးကြီးနဲ့ ရေးထားတာကိုး။ ပေဒင်ကြည့်တဲ့လူကတော့ တစ်ယောက်မှမရှိပါဘူး။ သရဲခြောက်မှာတောင်ကြောက်ရတယ်။

သူတို့တွေ လိုက်ကာစကို အသာဖယ်ပြီး အထဲကို ဝင်လိုက်တဲ့အခါမှာတော့ ပွဲဆက်များတဲ့ ဆရာလိမ္မော်သီးက ဟောက်သံများနှင့်ကြိုဆိုနေပါတော့တယ်။ မုတ်သုန်က ကြည့်ပြီးတော့ ညစ်ကျယ်ကျယ်ပြုံးလိုက်တယ်။ ပြီးတော့ နောက်ဘတ်တဲ့ သူ့အကျင့်အတိုင်း ဘာမပြောညာမပြောနဲ့ ထအော်တယ်။

"မီးဗျို့ . . . မီး . . . မီး . . . မီးတွေလောင်နေတယ်၊ မီး . . . မီး"

သူ့အော်သံလည်းဆုံးရော စားပွဲပေါ်မှာမှောက်အိပ်နေတဲ့ ပေဒင်ဆရာက ဆတ်ခနဲခေါင်းထောင်လာပြီး ကြောက်အားလန့်အားနဲ့ ထရပ်လိုက်တော့ ဘယ်အချိန်ကတည်းက ကျွတ်နေမှန်းမသိတဲ့ ပုဆိုးက အောက်ကိုကွင်းလုံးပုံကျသွားတယ်။ မုတ်သုန်တို့သုံးယောက်သား မျက်လုံးတွေပြူးကုန်ကြတယ်။

အားလားလား . . . မည်းနေတာပဲ။ အောက်က ရှော့ပင် ဘောင်းဘီရဲ့အရောင်ကိုပြောပါတယ်။ ပြီးတော့ ပါးစပ်ကလည်း သွေးရူးသွေးတန်းနဲ့ မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ . . . ဘယ်မှာလဲ၊ မီးက ဘယ်မှာလောင်နေတာလဲ"

မုတ်သုန်က ပေဒင်ဆရာရဲ့နောက်ကို လက်ညှိုးထိုးပြလိုက်ပြီး . . .

"ဆရာ့နောက်မှာ . . . ဆရာ့နောက်မှာ"

"ဟင် ! "

ပေဒင်ဆရာခေါင်းနပမ်းကြီးသွားပြီးတော့ သူ့ ရှေ့က စားပွဲခုံကို ခုန်ပျံပြီး ကျော်ထည့်လိုက်တာများ ဝှီးခနဲ။ ပြီးမှ နောက်ကိုပြန်လှည့်ကြည့်တယ်။

"ဟင် ! ဘယ် . . . ဘယ်မှာလဲကွ . . . မီး"

ညီညီနဲ့တေဇက ဗိုက်ကိုနှိပ်ပြီးတော့ တဟီးဟီး ထရယ်တယ်။ မုတ်သုန်ကတော့ ရယ်ချင်စိတ်ကို အသာထိန်းထားလိုက်ပြီး ကန်တော့ပွဲထဲက မီးထွန်းထားတဲ့ ဖယောင်းတိုင်ကို လက်ညှိုးထိုးပြပြီး ထပ်ပြောလိုက်တယ်။

"ဟိုမှာလေဗျာ၊ ဟိုမှာ မီးတွေလောင်နေတာ မမြင်ဘူးလား"

ပေဒင်ဆရာက မျက်လုံးပြူးကြည့်တယ်။ ဘာကိုမှမတွေ့။

"ဘယ်မှာလဲကွ"

"ဟိုမှာလေဗျာ . . . ဟိုမှာ"

မုတ်သုန်က လက်ညှိုးထိုးပြီးထပ်ပြောတယ်။ ပေ





ဒင်ဆရာက မျက်မှောင်ကုတ်ကြည့်တယ်။ ပြီးတော့ ထူးခြားတာဘာမှလည်းမတွေ့ရော သူပဲ အိပ်မှုန်စုံမွှားဖြစ်နေလို့လား ဆိုပြီး မျက်လုံးကိုပွတ်ကြည့်တယ်။

"ဘယ်မှာလဲကွ၊ ငါတော့ ဘာမှမတွေ့ပါလား"

"ဟိုမှာလေ . . . ဟိုမှာ . . . သေချာကြည့်ပါဦး"

"ဘယ်မှာလဲ"

"ဟိုမှာလေဗျာ"

"ဘယ်ဟိုမှာလဲ"

"ကျွတ် . . . ဟိုမှာမတွေ့ဘူးလား၊ ကန်တော့ပွဲထဲမှာ မီးလောင်နေတဲ့ ဖယောင်းတိုင်ကြီးကို"

"ကန်တော့ပွဲထဲ . . . ဟင် !၊ အဲဒါ အဲဒါမီးလောင်နေတာမဟုတ်ဘူးလေ၊ မီးပူဇော်ထားတာ၊ မီးထွန်းထားတာကွ"

မုတ်သုန်က တမင်တကာ တအံ့တသြလုပ်ရင်း

"ဩော် . . . ဟုတ်လား"

"ဟုတ်တယ်"

ပေဒင်ဆရာက ဆောင့်အောင့်ဖြေတယ်။

"မသိဘူးလေဗျာ၊ ကျွန်တော်က နေ့ခင်းဘက်ကြီး ရုတ်တရက်မီးတွေမြင်တော့ မီးလောင်တယ်ပဲထင်တာပေါ့ဗျ"

ပေဒင်ဆရာက သက်ပြင်းကိုချရင်း မုတ်သုန်ကို ဘုကြည့်ကြည့်ကာ ဘယ်လိုကောင်လဲမသိဘူး အူကြောင်ကြောင်နဲ့ဆိုပြီး သူ့နေရာမှာ သူပြန်ထိုင်တယ်။ မုတ်သုန်တို့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်က ပြုံးစိစိနဲ့ သူ့ရှေ့မှာ ဝင်ထိုင်လိုက်ကြတယ်။ တေဇက ပေဒင်ဆရာကိုလက်ညှိုးထိုးရင်း . . .

"ဆရာလိမ်မှာနော်"

"ဟုတ်ပါတယ်၊ ကျွန်တော် ဆရာလိမ္မာပါ"

"လိမ်မှာနော်"

"ရော် . . . ခက်ပြီ၊ လိမ္မာပါဆိုလို့"

"တကယ်မဟောတတ်ဘူးပေါ့"

"ဟုတ်တယ်၊ ကျွန်တော်က ပါးစပ်ထဲရှိတာ လျှောက်ပြော၊ ဟင် ! ဘာစကားပြောတာလဲ၊ ဘာစကားပြောတာလဲ မဟောတတ်ဘဲနဲ့ ဗေဒင်ဟောမစားဘူး၊ နားလည်လား"

ညီညီက ဝင်ပြောပြန်တယ်။

"ဆရာပြောတော့ လိမ်မှာဆို"

"လိမ္မာ၊ လိမ္မာ၊ လိမ်မှာမဟုတ်ဘူး၊ နာမည်မဖျက်ပါနဲ့ အောက်မှာ အချောင်းမပါဘူး"

"ဟင် ! ဒါဆိုမိန်းမကြီးပေါ့"

"အဟင်း . . . ဟုတ်တယ်၊ ကျွန်တော်က အခြောက်ကြီး၊ ဟင် ! ဘာပြောတယ် . . . ဘာပြောတယ် ဘာကိစ္စမိန်းမဖြစ်ရမှာလဲ၊ ယောက်ျားစစ်စစ်ကွ၊ ပြလိုက်ချင်သေး"

"ဘာ . . . ဘာကိုလဲဟင်"

"လည်စိ . . . လည်စိ၊ မိန်းမတွေမှာလည်စိမပါဘူး





ယောက်ျားတွေမှာပဲ လည်စိပါတာ၊ ဒီမှာ ကြည့်ပါလား"

ဗေဒင်ဆရာက သူ့လည်ပင်းကို လက်ညှိုးထိုးပြတယ်။ ညီညီကထပ်ပြောတယ်။

"ဆရာပဲပြောတော့ အောက်က အချောင်းမပါဘူးဆို"

"ငါပြောတာက ငါ့နာမည်လိမ္မာမှာ "မာ"အောက်က မထိုးမပါဘူးလို့ပြောတာ"

"ဩော်ဟော် . . . ဂလိုလား"

"ဟုတ်တယ် . . . တကယ်ပဲ စိတ်ပိန်တယ်၊ နေ့ချင်းမြန်တောင်သေချင်စိတ်ပေါက်သွားတယ်၊ ပြော . . . ဘယ်သူမေးမှာလဲဗေဒင်က"

သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြတယ်။ စိတ်ကူးပေါက်လို့သာ ဝင်လာကြတာ။ ဗေဒင်က ဘယ်သူကြည့်မှာမှန်းမသိ။ နောက်ဆုံးတော့ မုတ်သုန်ကပဲ ပြောလိုက်ရတယ်။

"ကျွန်တော်ကြည့်မှာပါ"

"နာမည်"

"မုတ်သုန်ပါ"

"မွေးသက္ကရာဇ်"

မုတ်သုန်က သူ့မွေးနေ့ကို ရွတ်ပြလိုက်တော့ ဗေဒင်ဆရာက နှစ်လုံးသုံးလုံးသမားတွေ ကဏန်းတွက်သလို စာရွက်ပေါ်မှာ ဂဏန်းတွေလျှောက်ရေးခြစ်နေတယ်။ တော်



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာမှ စကားသံထွက်လာတယ်။

"အင်း . . . နာမည်က မုတ်ကြီးဆိုတော့"

ဗေဒင်ဆရာ့စကားကြောင့် မုတ်သုန်တစ်ကိုယ် လုံး ကြက်သီးတွေတဖြန်းဖြန်း ထသွားတယ်။ ဗေဒင်ဆရာ ပညာပြသလားတော့ မသိ။

"ဆရာ . . . ဆရာ၊ ကျွန်တော့်နာမည်က မုတ်သုန်လေ၊ ဆရာပြောတဲ့ဟာကြီးမဟုတ်ဘူး"

"ဪ . . . အေး၊ ဆောရီး၊ မုတ်သုန် . . . မုတ်သုန်၊ အင်း . . . မုတ်သုန်ဆိုတော့ကြာသပတေးနံနဲ့စတယ်၊ ပဖဗဘမ မုဆိုးမ"

"ဗျာ ! "

တေဇနဲ့ ညီညီဆီက တခွိုးခွိုး ကျိတ်ရယ်သံတွေ ထွက်လာတယ်။ မုတ်သုန်ရင်ဘတ်ထဲ အီလည်လည်ကြီး ဖြစ်သွားရတယ်။

"ဆရာ . . . ဆရာ ဘာတွေပြောနေတာလဲဟင်"

"ငါ ဘာပြောလို့လဲ . . . "

"ဟို . . . ခုနက မုဆိုးမ ဆိုတာ . . . "

"အေးလေ . . . .မင်း မုဆိုးမနဲ့ ရက်ိန်းရှိတယ်"

"ဝုဒ္ဓေါ . . . ဘုရားကယ်တော်မူပါ"

သူက ဘုရားတတော့ ဗေဒင်ဆရာက ပြုံးတယ်။ ပြီးမှ . . .





"သိပ်လည်း လန့်မသွားပါနဲ့၊ ငါပြောတာက မုဆိုးမနဲ့ ရက်ိန်းရှိနိုင်တယ်ပဲ ပြောတာပါ"

လို့ ဆိုတယ်။ အဲဒီတော့မှပဲ မုတ်သုန့်အလုံးကြီး (ရင်ဘတ်ထဲက) ပြုတ်ကျသွားတယ်။ တော်ပါသေးရဲ့ . . .။ နတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်ကြပေလို့။

"အဲဒီတော့ မင်း မုဆိုးမနဲ့ ညားချင်လား"

"အဲဒီစကားကြီး မသုံးပါနဲ့လား ဆရာရယ်၊ ကျွန်တော် ရင်တုန်ပန်းတုန် ဖြစ်လွန်းလို့ပါ . . . နော်လို့"

"အေး . . . အေးပါ . . . မင်း သူနဲ့ ညားချင်လား"

"မညားချင်ပါဘူးဆရာရယ်၊ အသံနဲ့တင် ဖျားချင်လာသလိုပဲ"

"ဒါဆို ယတြာချေရမယ်"

"ဟုတ်ကဲ့ပြောပါဆရာ . . . "

"မင်း အသိထဲမှာ စနေသားရှိလား"

မုတ်သုန်က တေဇကို တစ်ချက်ကြည့်လိုက်ကာ

"ဟုတ်ကဲ့ . . . ရှိပါတယ်"

"အေး . . . အဲဒါဆိုရင် အဲဒီစနေသားကို လာမယ့် တနင်္လာနေ့ မနက်ကိုးနာရီမထိုးခင် အချိန်အတော အတွင်းမှာ အစိမ်းရောင် အင်္ကျီဝတ်လာတဲ့ အင်္ဂါသား သမီးကိုရှာပြီး ငွေးသီးနှစ်လုံး လိုက်ကျွေးခိုင်း . . . "

"ဗျာ . . . ငွေး . . . ငွေးသီး၊ ဆရာရယ်၊ ဆရာပြော



www.burmeseclassic.com

www.burmeseclassic.com



သမျှ အရှေ့အလယ်ပိုင်းနယ်မြေထဲကကို မထွက်ပါလား၊ အခြားအသီးမရဘူးလား ဆရာရယ်"

"မရဘူး ... အဲဒီအသီးနဲ့မှရမယ် ... ဒါပဲ၊ ပေး... ဗေဒင်ဟောခ"

ဗေဒင်ဟောခ ထုတ်ပေးလိုက်ရတယ်။ ကျန်တဲ့ အကြောင်းတွေလည်းမမေးရဲတော့။ ဒီထက်ဆိုးလာဖွယ်ရာသာ ရှိသည်မဟုတ်လား။

◆◆◆◆◆◆





# အခန်း ၉



www.burmeseclassic.com

www.burmeseclassic.com



# အခန်း … ၄

တေဇလည်း ခေါင်းကိုတွင်တွင်ခါရင်း အသေအလဲကိုငြင်းနေတော့သည်။ ညီညီကတော့ မျက်စိကိုမှိတ်တုတ်မှိတ်တုတ်လုပ်ရင်း ပြုံးစိစိ။ မုတ်သုန်က စားပွဲပေါ်တွင် တင်ထားသော ဂွေးသီးနှစ်လုံးကို တေဇရှေ့သို့ တွန်းပို့လိုက်ရင်း ထပ်ပြော လိုက်တယ်။

"လုပ်ပါကွာ၊ သူငယ်ချင်းကလည်း ကူညီနော် … နော်လို့"

တေဇကတော့ ခေါင်းကိုချာချာလည်အောင်ရမ်း ပြီး ဂွေးသီးနှစ်လုံးကို မုတ်သုန်ရှေ့သို့ ပြန်တွန်းပို့ကာ …

"ငါ … ငါမလုပ်ရဲဘူးကွာ၊ ရင်တုန်တယ်"

လို့ ဆိုလာတယ်။ မုတ်သုန်ကလည်း ပြန်တွန်းပို့လိုက်ရင်း …

"လုပ်ပါကွာ၊ ဒီတစ်ခါတည်းပါ၊ နော် … ကိုယ့်သူငယ်ချင်းတစ်ယောက်လုံး ကံဆိုးမိုးမှောင်ကျရမယ့်အဖြစ်ကို





www.burmeseclassic.com

www.burmeseclassic.com



မင်းက မြင်ချင်လို့လား၊ ကူညီပါကွာ၊ သူ့ယ်ရင်းကလည်း လိမ္မာသားနဲ့"

လို့ မျက်နှာငယ်လေးနဲ့ ပြောလိုက်တယ်။ တကယ်တမ်းက စိတ်ထဲမှာ ရယ်ချင်လွန်းလို့ အူတွေလိပ်နေပြီ။ တကယ်တမ်း သူက ဗေဒင်တွေဘာတွေလည်း အယုံအကြည်မရှိပါ။ အပျော်သက်သက်မေးကြည့်တာလောက်သာရှိတာ။ ဆရာ လိမ္မာလိုလူမျိုးက ဟောတာဆိုရင် ပိုလို့တောင် မယုံသေးတယ်။ အခုကိစ္စက ရယ်စရာကောင်းသည်မို့ တေဇကို သက်သက် ချောက်တွန်းနေတာပါ။ ပါးရိုက်ခံရကိန်းရှိသည် မဟုတ်ပါလား။

တေဇက ဝွေးသီးနှစ်လုံးကို ပြန်တွန်းပို့လာရင်း

"အခြားကိစ္စဆိုရင် ငါလုပ်ပေးမယ်ကွာ၊ ဒါကြီးကတော့"

လို့ ဆိုပြီး စကားကိုရပ်ထားလိုက်တယ်။ အဲဒီအချိန်မှာပဲ သူတို့ထိုင်နေတဲ့ဝိုင်းကို ကောင်မလေးသုံးယောက် ရောက်လာတာမို့ မုတ်သုန်က အသီးနှစ်လုံးကို လွယ်အိတ်ထဲကောက်ထည့်လိုက်တယ်။ ကြည့်လိုက်တော့ တစ်နေ့တုန်းက ညီညီ့မျက်လုံးတွေကို ပြဿနာလာရှာတဲ့ ကောင်မလေးတွေပဲ။ သူမတို့က ထိုင်မယ်နော်ဆိုပြီး သူတို့ဝိုင်းမှာ ဝင်ထိုင်တယ်။ ပြီးမှ ကောင်မလေးတစ်ယောက်က စကားစလာတယ်။ သူမက အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီးမှ ညီညီ့ကို ရယ်ချင်သလို





ကြည့်ရင်း . . .

"တစ်နေ့ကကိစ္စ တောင်းပန်ချင်လို့ပါ"

လို့ ဆိုတယ်။ ညီညီက ဘာမှမပြောသေးဘူး။ ကောင်မလေးတစ်ယောက်ကပါ ဝင်ပြောလာပြန်တယ်။

"ကျွန်မတို့အဲဒီနေ့က နည်းနည်းဖောင်းသွားတယ်လေ၊ ခွင့်လွှတ်နော် . . . တောင်းပန်ပါတယ်"

ဒီတော့မှ ညီညီက သက်ပြင်းချရင်း စကားဆို တယ်။

"ရပါတယ်ဗျာ၊ မသိလို့ ဖြစ်တာပဲ၊ တောင်းပန်ဖို့မလိုပါဘူး"

နောက်ထပ်ကောင်မလေးကပါ စကားဝိုင်းထဲတိုးဝင်လာတယ်။ တစ်ယောက်တစ်လှည့်ပြောကြေးဆိုပြီးများ ကြိုတင်တိုင်ပင်လာကြသလားမသိ။

"ကျွန်မတို့ကလည်း ဘယ်သိမလဲ၊ အဲဒီနေ့က ဒီကတစ်ယောက်က ကျွန်မတို့ဝိုင်းဘက်ကို လှည့်လှည့်လာပြီး မျက်လုံးတွေမှိတ်မှိတ်ပြနေတော့ ပြောင်နေတယ်လို့ပဲ ထင်တာပေါ့ . . . အဟင်း"

ကောင်မလေးက ပြန်တွေးမိရုံနဲ့ ရယ်တယ်။ ပြီးတော့ သူမတို့နာမည်တွေကို ထုတ်ဖော်ပြီး မိတ်ဆက်လာတယ်။

"ကျွန်မနာမည်က သူဇာ၊ သူက မွန်ကြည်ထွေး၊ သူက ဝါးပင်ပျိုတဲ့"

"ဗျာ ! ဖားဖင်ညို"



www.burmeseclassic.com

www.burmeseclassic.com



မုတ်သုန်က ဝင်နောက်တော့ ဝါးပင်ပျိုက မျက်စောင်းထိုးလာတော့တယ်။ မုတ်သုန်ရင်ထဲ ရထားတစ်စင်း ခုတ်မောင်းသွားလေရဲ့။ တေဇကလည်း သူတို့သုံးယောက်ရဲ့ နာမည်တွေကို မိတ်ဆက်ပေးလိုက်ခြင်းဖြင့် ခင်မင်မှုတစ်ခုကို အစပျိုးတယ်။

အဲဒီအချိန်မှာပဲ ညီညီက "မုတ်သုန် . . . ဟိုမှာကြည့်" ဆိုပြီး သူတို့နဲ့မလှမ်းမကမ်းမှာ ဝင်ထိုင်တဲ့ကောင်မလေးတစ်ယောက်ကို လက်ညှိုးထိုးပြတော့ အားလုံးလှမ်းကြည့်လိုက်ကြတယ်။ အစိမ်းရောင်အကျႌ ဝတ်ဆင်ထားတဲ့ ကောင်မလေးတစ်ယောက်။ ရုပ်ကလေးက သနားကမားဆိုပေမယ့် ဝ,တာကတော့ တော်တော်ကြီးကိုဝပါတယ်။ ဂျပန်နပမ်းသမားဂိုက်မျိုးကြီးပါ။ အစိမ်းရောင်ဝတ်ထားပေမယ့် အင်္ဂါသမီးဟုတ်မဟုတ်တော့ မသိသေး။

မုတ်သုန်က တေဇကို အဓိပ္ပါယ်ပါပါ ကြည့်တော့ တေဇမျက်နှာက ရှုံ့မဲ့သွားတယ်။ ဝါးပင်ပျိုက သူတို့ကိုဝေ့ကြည့်ရင်း မေးလာတယ်။

"ရှင်တို့ထဲကတစ်ယောက်က သူ့ကို စိတ်ဝင်စားနေတာလား၊ ကျွန်မပြောပေးရမလား"

သုံးယောက်သား ပြုံးစိစိလုပ်နေတော့ သူဇာက ဝင်ပြောတယ်။

"စိမ်းနုက ဝနေပေမယ့် မျက်နှာလေးက ချစ်စရာလေး ရှင်တို့က မြင်တတ်သားပဲ"





မုတ်သုန်စိတ်ဝင်စားတာဟာ ဝတာတွေ လှတာတွေမဟုတ်။ နာမည်ကိုသာဖြစ်သည်။

"စိမ်းနု . . . ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မတို့အတန်းထဲကပဲ"

"အင်္ဂါသမီးပေါ့နော်"

"ဟုတ်မှာပေါ့၊ ဘာလို့လဲ"

"ဪ . . . ဘာမှမဟုတ်ပါဘူး"

ထိုအချိန်မှာပင် စိမ်းနုဆိုတဲ့ ဝတုတ်မလေးက ထွက်သွားတော့သည်။ မုတ်သုန်က ဆတ်ခနဲထကာ စားပွဲထိုးလေးကို လှမ်းခေါ်လိုက်တယ်။

"ညီလေးရေ . . . ရှင်းမယ်"

တစ်ဆက်တည်းမှာပဲ ဝါးပင်ပျိုတို့ကိုပါ "သွားဦးမယ်နော်၊ အရေးကြီးကိစ္စရှိလို့၊ နောက်မှတွေ့မယ်" လို့ နှုတ်ဆက်ပြီး ကျသင့်ငွေကိုရှင်းကာ တေဇကို ညီညီနဲ့နှစ်ယောက်သား ညှပ်ခေါ်လာခဲ့တယ်။ တေဇက ယက်ကန်ယက်ကန်နဲ့ပါလာတယ်။ ပြီးနောက် ငွေးသီးနှစ်လုံးကို တေဇလက်ထဲထည့်ပေးလိုက်တယ်။

"သွားတော့လေကွာ၊ ဟိုမှာသွားနေပြီ"

"ငါ . . . ငါ"

တေဇက တုန်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုးနာရီထိုးဖို့ မိနစ်နှစ်ဆယ်ပဲလိုတော့တယ်ကွ"

"ငါ တစ်ယောက်တည်းမသွားရဲဘူးကွ၊ မင်းတို့ပါ လိုက်ခဲ့ရင် ငါသွားမယ်"

"အေး . . . လာကွာ၊ လာ"

နှစ်ယောက်သား တေဇကို ကောင်မလေးဘေး တွန်းပို့လိုက်ပြီး သူတို့ကနောက်ကနေ မယောင်မလည်နဲ့ ကပ်လိုက်လာခဲ့ကြတယ်။ ဒါမှတေဇက ကျွေးရဲမှာမဟုတ်လား။

ကောင်မလေးက သူမဘေးရောက်လာတဲ့ တေဇကို လှည့်ကြည့်ရင်း ရှက်ပြုံးပြုံးတယ်။ တေဇကလည်း စပ်ဖြီးဖြီးနဲ့ ရယ်လိုက်ပြီး . . .

"နာ . . . နာမည်က စိမ်းနုနော်"

လို့ ပြောလိုက်တယ်။ ကောင်မလေးက ခေါင်း ကလေးငုံ့လမ်းလျှောက်နေရင်းကနေ "အင်း" လို့ ပြန်ပြော တယ်။ ပြီးတော့ မနေတတ်သလို လွယ်အိတ်ကိုင်းကို လုံးချေ နေပြန်တယ်။ တေဇစိတ်ထဲ အစကလောက် မကြောက်တော့ ဘဲ နည်းနည်းရဲတင်းလာတယ်။ ဒါပေမယ့် နာမည်ခေါ် ရဆိုးတဲ့ အသီးနှစ်လုံးကိုတော့ နောက်ဖက်မှာ ဖွက်ထားတုန်း။

"စိမ်းနုက ဘာနေ့သမီးလဲဟင်"

ဝတုတ်မလေး ကြောင်သွားပုံရတယ်။ ခြေလှမ်း တွေကို ရပ်ပစ်လိုက်တော့ အနောက်မှာကပ်လိုက်လာတဲ့ မုတ် သုံန်တို့နှစ်ယောက်ကိုပါ သတိထားမိသွားတယ်။ အဖော်လိုက်





လာတယ်လို့ သိသွားတယ်။ ပြီးမှရှက်သွေးဖြာနေတဲ့မျက်နှာ လေးနဲ့ ဖြေတယ်။

"အင်္ဂါသမီးပါ၊ ဘာလို့လဲဟင်"

စိမ်းနုစကားလည်းကြားရော တေဇထခုန်မိမတတ် ဝမ်းသာမိသွားတယ်။ ဝင့်ကျွတ်တော့မယ်ပေါ့လေ။ အခြေ အနေကလည်း ကောင်းနေတာပဲ မဟုတ်လား။ ဒါနဲ့ နောက် တဆင့်တက်လိုက်တယ်။

"ဒါဆိုရင် ကျွန်တော့်ကို တစ်ခုလောက်ကူညီပါလား ဟင်"

"ဘာကူညီရမှာလဲ . . . ပြောလေ၊ စိမ်းနုတတ်နိုင်တာ ဆိုရင် အပမ်းမကြီးရင် ကူညီမှာပေါ့"

အလဲ့ . . . တယ်ဟုတ်တဲ့ငါပါလားဆိုပြီး တေဇ အားတက်သွားတယ်။ ဘဝင်လည်းနည်းနည်းမြင့်သွားတယ်။ အဲဒါနဲ့ တစ်ခါတည်း လက်စသတ်လိုက်တော့မယ်ဆိုပြီး . . .

"ဒီဟာလေးတွေ စားပေးပါလားဟင်"

လို့ ပြောကာ နောက်မှာဖွက်ကိုင်လာတဲ့ အသီး နှစ်လုံးကို တစ်ဖက်တစ်ချက်ကဆုပ်ကာ ကောင်မလေးရှေ့တိုး ပေးလိုက်တော့တယ်။ ကောင်မလေးကလည်း အမူလွန်နေတာ ဆိုတော့ . . .

"ဘယ်ဟာလေးကို စားပေး . . . ဟင် ! ရှင် ရှင် မိုက်ရိုင်းလှချည်လား၊ ညစ်ပတ်လှချည်လား၊ တိုင်မယ် ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခချုပ်နဲ့တိုင်မယ်"

"ဟင် ! "

"မဟင်နဲ့၊ ဟိုနှစ်ယောက်လည်းပါတယ်၊ တေလေဂျပိုး၊ ခွေးသူခိုးတွေ၊ ရှင်တို့ကို ပါချုပ်နဲ့တိုင်မယ်"

ဝတုတ်မလေးက ဒေါသတွေ အလိပ်လိုက်ဖြင့် ပါမောက္ခချုပ်ကို သွားတိုင်တော့တယ်။ အဲဒီလိုနဲ့ သူတို့သုံးယောက်လည်း အော်တိုမစ်တစ်ပင် ပါမောက္ခရုံးခန်းဆီသို့။

◆◆◆◆◆◆





ပါမောက္ခချုပ် ဒေါ်ဇင်မေသန်းက ရွှေရောင်မျက်မှန်ကိုင်းကြီးကို ပင့်တင်ရင်းကနေ ဝတုတ်မလေးအပါအဝင် လေးယောက်စလုံးကို ဝေ့ကြည့်တယ်။ တစ်ချက်တစ်ချက်ကြည့်လိုက်တာများ ကျောရိုးထဲစိမ့်နေတယ်။ ဘာမှတော့ မပြောသေးဘူး။ ကြည့်လို့အားရပြီဆိုမှ သူ့ထိုင်ခုံမှာသူ ပြန်ဝင်ထိုင်တယ်။ ဒီတော့မှ စကားသံက စထွက်လာတော့တယ်။

"ကဲ . . . ပြော၊ ဘယ်လိုဖြစ်တာလဲ"

ပါချုပ်ရဲ့ စကားလည်း ဆုံးရော ဝတုတ်မလေးက အသံခပ်ကျယ်ကျယ်နဲ့ ထအော်တယ်။

"သူ . . . သူတို့က သမီးကို အတင်းလိုက်ကျွေးတယ် ဆရာမကြီး"

"ဘာကျွေးတာလဲ"

"ဟို ငွေး . . . ငွေး"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ကောင်မလေးက ဒေါ်သကြီးလွှန်း...
စကားသံက နင်နေတယ်။ ပါမောက္ခချုပ်ကြီး မျက်လုံးကြီးဒေ...
ပြူးထွက်လာပြီး ထိုင်ရာကနေ ဝုန်းခနဲထလာတယ်။

"ငွေး ! ဟုတ်လား၊ ဘာငွေးလည်းဆက်ပြော၊ ဆ...
ပြော၊ ဒီကောင်တွေ သမီးကို ဘာငွေးကျွေးတာလဲ"

ကောင်မလေးက ဒေါ်သတွေကို မျှိုချလိုက်သလို ...
တဲတွေးကိုဂလုဆို မျှိုချလိုက်ပြီးတော့ မျက်စိစုံမှိတ်အော...
တယ်။

"ငွေးသီးနှစ်လုံးပါ ဆရာမကြီး"

"ဘာ ! "

ဆရာမကြီးအသံက အခန်းထဲမှာ ဟိန်းပြီး ထွက်...
လာတယ်။ သုံးယောက်သား လန့်ဖျပ်သွားတယ်။

"မင်းတို့တွေ တော်တော်ညစ်ပတ်ပါလား၊ ဟင် ...
မိန်းကလေး အပျိုလေးတစ်ယောက်ကို အုပ်စုလိုက်ကြ...
ငွေးသီးအလုံးလိုက် လိုက်ကျွေးရသလား"

သုံးယောက်သား ခန္ဓာကိုယ်ကို ကျုံ့ထားလိုက်ကြ...
ရတယ်။ မှတ်သုန်က ရှင်းပြဖို့ပြင်တယ်။

"ဒါက ဒီလိုရှိ"

"တော်တန်တိတ် . . . ဆက်မပြောနဲ့"

ဆရာမကြီးက တစ်ယောက်ချင်းကို စားတော့...
တော့မတတ်ကြည့်လေသည်။ မှတ်သုန်နဲ့ တေဇကတော့ ပြသ...





နှာမရှိ။ ညီညီ့ကိုလည်း ကြည့်ရော ဆရာမကြီး အခုမှ
သတိထား မိဟန်နဲ့ လက်ညှိုးကြီးထိုးပြီး အံကြိတ်အော်တယ်။

"ဟိုအကောင် ! နင် ငါ့ကို ပြောင်နေတာပေါ့လေ"

ညီညီက ခံရပါများလာတော့ စာတတ်သွားပြီ။
အချိန်မဆိုင်းဘဲ တန်းရှင်းပြတယ်။

"မဟုတ်ပါဘူး ဆာမကြီး၊ ကျွန်တော့်မျက်လုံးတွေက
မွေးရာပါအော်တိုအဖွင့်အပိတ်ဖြစ်နေတာပါ"

"နင်ငါ့ကို ဘယ်လိုခေါ်တယ်၊ ပြန်ခေါ်စမ်း"

"ဆာမကြီး"

"ပြန်ခေါ်လိုက်စမ်း"

"ဆာမကြီး"

"ဘာဆာမကြီးလဲ၊ ဆရာမကြီးလို့ ပီပီသသခေါ်၊ နင့်
ခေါ်သံကြားရတာ ငါ့ကိုယ်ငါ နှုတ်သီးတွေထွက် တောင်ပံ
တွေပေါက်လာသလို ခံစားရတယ်"

"ဆ . . . ဆရာမကြီး"

"အေး . . . အဲဒီလိုခေါ်"

အခုမှ ဆရာမကြီး သဘောကျသွားဟန်ရှိတယ်။
အဲဒီအချိန်မှာပဲ တေဇက ထဖောက်တော့တယ်။ သက်သက်မဲ့ရွဲ့
တာလည်း ဖြစ်နိုင်ပါတယ်။ သူက အစိမ်းရောင်ကုတ်အကျႌ
ဝတ်ထားတဲ့ ဆရာမကြီးကို မဝံ့မရဲနဲ့ မေးချလိုက်တယ်။

"ဆရာမကြီးက ဒေါ်ဇင်မေသန်းဆိုတော့ အင်္ဂါ



www.burmeseclassic.com

www.burmeseclassic.com



သမီးပေါ့ နော်"

ဆရာမကြီးက မျက်မှောင်ကုတ်ရင်းကနေ "ဟုတ်တယ်၊ ဘာလုပ်မလို့လဲ" လို့ လေသံမာမာနဲ့ဖြေတယ်။ တေဇက ဝမ်းသာအားရဖြစ်သွားပြီးတော့ လက်ထဲမှာ ကိုင်ထားဆဲဖြစ်တဲ့ ငွေးသီးနှစ်လုံးကို ဆရာမကြီးရှေ့ ထိုးပေးလိုက်ပြီးနောက် . . .

"ဒါဆိုရင် . . . ဒီအသီးလေးတွေ ဆရာမကြီးပဲ စားလိုက်ပါလားဟင်"

"ဘာပြောတယ် ! "

ငွေးသီးစက်ကွင်းက သူ့ဆီလည်လာတာမို့ ဆရာမကြီးလန့်သွားပုံရတယ်။

"နင် . . . နင်"

ဆိုပြီး လက်ညှိုးကြီးထိုးကာ ဘာပြောရမှန်းမသိဖြစ်နေတဲ့ ဆရာမကြီးကို တေဇကဆက်ပြောရန်ပြင်နေတာမို့ မုတ်သုန်က ဟန့်တဲ့အနေနဲ့ လက်နဲ့မသိမသာ ခါးကိုတို့လိုက်ရတယ်။ အင်း . . . အဲဒီမှာ စတွေ့တာပါပဲ။ မုတ်သုန်ကလည်း ယောင်ပြီးတို့လိုက်မိတာကိုး။ တို့လိုက်ရင် မယောင်ဘဲ မနေနိုင်တဲ့ တေဇကလည်း . . .

"ချစ်လေး . . ."

လို့ ယောင်ထွက်သွားတယ်။ ဘာပြောကောင်း မလဲ . . . ပေါက်ကွဲဖို့ တာဆူနေတဲ့ ပူဖောင်းကို သံချွန်နဲ့သွားထိုးသလိုပဲ ဆရာမကြီး ယမ်းပုံမီးကျဖြစ်သွားပြီး စားပွဲပေါ်မှာရှိနေတဲ့ ပန်းအိုးနဲ့ ကောက်ဆော်ထည့်လိုက်တာ တေဇနေရာမှာတင် မေ့လဲသွားလို့ မနည်းကြီးနှာနှပ်ယူလိုက်ရတယ်။

◆◆◆◆◆◆







www.burmeseclassic.com

www.burmeseclassic.com



**သူတို့**စကားလည်းဆုံးရော ဝါးပင်ပျိုတို့သုံးယောက်က တသောသော အော်ရယ်ကြလေတော့တယ်။ တေဇကလည်း သူနဖူးက ပတ်တီးကိုကိုင်ကာ လိုက်ရယ်တယ်။

"ရှင်တို့ကတော့ ဖြစ်ရမယ်၊ အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ"

နှစ်ဖွဲ့စလုံးက စရိုက်တူတွေမို့ ရင်းနှီးလွယ်ကြပါသည်။ မှတ်သုန်ကတော့ ဝါးပင်ပျိုကိုသာ ငေးနေမိတယ်။

"ရှင်တို့ အဲဒီပြဿနာ ဘယ်လိုဖြေရှင်းလိုက်ရလဲ"

"ညကျမှ ဆရာမကြီးအိမ်သွားပြီး မိဘတွေနဲ့ သွားတောင်းပန်ရတာပေါ့။ တော်သေးတယ် . . . ကျောင်းထုတ်မခံရတာ"

ကဲန်တင်းထဲမှာက လူတွေ စည်ကားနေတယ်။ သူတို့တွေရဲ့ကြားမှာလည်း ခင်မင်မှုတွေက တစ်စတစ်စရစ်ပတ်လို့ . . .။ ဒီလိုနဲ့ ကျောင်းတက်ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားတော့တယ်။

◆◆◆◆◆◆





**ကား**ကိုရပ်ပြီး ကားထဲကအထွက်မှာပင် မိုးကအချက်မပေးဘာမပေးနှင့် ရွာချလာသောကြောင့် မှတ်သုန်ကကားထဲမှာ ပြန်ဝင်ထိုင်လိုက်တယ်။ ရန်ကုန်မိုးတို့ရဲ့ထုံးစံအတိုင်း ပြုန်းစားကြီးရွာတာမို့ ထီးကယူမလာမိ။ ခက်ပြီ။ တေဇတို့ကတော့ ကျောင်းခန်းထဲရောက်နေလောက်ပြီ။ ကားထဲမှာငုတ် တုတ်ထိုင်ရင်း အကြံအိုက်နေမိတယ်။

အဲဒီအချိန်မှာ ကားမှန်ကို တစ်စုံတစ်ယောက်က လာခေါက်တယ်။ ကြည့်လိုက်တော့ ဝါးပင်ပျို။ ထီးလေးတစ်ချောင်းနဲ့ ရပ်နေတယ်။

သူက ကားမှန်ကိုချလိုက်တော့ သူမက ငုံ့မိုးကြည့်လာရင်းမှ . . .

"လာ . . . ငါ့ထီးနဲ့လိုက်ခဲ့"

ဝမ်းသာအားရနဲ့ ကားမှန်ကို ပြန်တင်ပြီး ကားပြင်ထွက်ကာ သူမထီးအောက်ဝင်လိုက်တော့တယ်။

"မိုးရာသီမှန်း သိရက်သားနဲ့ ထီးဆောင်မထားဘူးလား"

"ငါက ယောက်ျားလေးပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com





လို့ ဆိုတော့ သူမက မျက်စောင်းထိုးတယ်။ ပြီးမှ ခြေလှမ်းတွေကို စတင်ဖြစ်တယ်။

သူက သူမလက်ထဲကထီးကို ယူကိုင်လိုက်တော့ သူမက အလိုက်သင့်ပဲ လွှတ်ပေးတယ်။ ထီးရိပ်တစ်ခုထဲ အောက်မှာနေနေရတာမို့ သူမဆီက ကိုယ်သင်းနံ့မွှေးအီအီ လေးက သူ့ကို ရင်ခုန်သံမှားစေတယ်။ မိုးစက်တွေကတော့ ထီးအမိုးပေါ်ကို တပေါက်ပေါက်ကျဆင်းလျက်။

"ဟိုနှစ်ယောက်ရော . . ."

သူမက တေဇတို့ကို မေးလာတော့ သူက သူမ ဘက်ကို ထီးရွက်ပိုပိုသာသာလေးမိုးပေးလိုက်ရင်းက . . .

"ရောက်လောက်ပြီထင်တယ်"

စကားသံက တိတ်သွားပြန်တယ်။ အရင်နေ့တွေ တုန်းကဆို နင်က ဘာဖြစ်တယ်၊ ငါက ဘာဖြစ်တယ်နဲ့ စကား တွေ ရေပက်မဝင်အောင်ပြောခဲ့တဲ့ သူရောသူမရောက အခုမှ ပြောစရာစကားတွေ ပျောက်ဆုံးနေရတဲ့အဖြစ်က ခပ်ဆန်း ဆန်း။

ဒါဟာနှစ်ယောက်တည်းရှိနေတဲ့ အခြေအနေ တစ်ခုကြောင့် သို့မဟုတ် ရင်ခုန်သံတွေကြောင့် သို့မဟုတ် မိုးစက်တွေရဲ့ ဖြားယောင်းမှုကြောင့် ဖြစ်မယ်လို့ သူ ထင်မိ တယ်။

ဘေးတိုက်မြင်နေရတဲ့ သူမမျက်နှာနုနုလေးက



ညို့မှိုင်းနေတဲ့ မိုးရိပ်တွေအောက်မှာ ငြိမ်းဖန်ဖန်လေးနဲ့ ဆွဲ ဆောင်အားကောင်းနေတာကို သူခိုးငေးနည်းဖြင့် ငေးရင်း စိတ်တွေလှုပ်ရှားနေမိတယ်။ ကျောင်းခန်းတွေဆီရောက်မှာ တောင်ကြောက်လာမိသလိုပင်။ ကျောင်းဆောင်တွေဆီရောက် တော့ ကော်ရစ်ဒါမှာထိုင်နေကြတဲ့ တေဇတို့က အဟမ်း အဟမ်းလို့ တမင်တကာချောင်းဟန့်ကာ စကြသည်။ သူမက တော့ ခပ်တည်တည်ပင် ထီးကိုရုတ်ကာ သူမအခန်းရှိရာဆီသို့ လျှောက်ထွက်သွားတယ်။

တေဇကပြုံးစိစိနဲ့ ကျိတ်ပုန်းခုတ်နေတာပေါ့လေ ဆိုသောအကြည့်မျိုးဖြင့် ကြည့်လာလေတယ်။ ညီညီကတော့

"အခြေအနေတွေက တိုးတက်နေတာပေါ့လေ"

ဟု ဆိုသည်။ မှတ်သုန်က မျက်စပစ်ပြလိုက်ရင်း

"ဒါပေါ့ . . . ဒါပေါ့"

လို့ပြောလိုက်တယ်။ ပြီးနောက် အခန်းထဲဝင် လာခဲ့ကြတယ်။ အဲဒီနေ့ကစပြီး သူ့နှလုံးသားက ဝါးရုံတောတစ် ခုနဲ့ ငြိသွားခဲ့တာဖြစ်ပါတယ်။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



၁၁ တန်းပြီးတော့ သည်းကြီးမည်းကြီး ရွာနေတဲ့ မိုးလည်းစဲသွားပြီဖြစ်သည်။ ဒါနဲ့ မုတ်သုန်တို့သုံးယောက်လည်း ကဲန်တင်းရှိရာဘက် လျှောက်လာခဲ့ကြတယ်။ ကဲန်တင်းရောက်တော့ စားပွဲတိုင်းလိုလို လူတွေကပြည့်နေပြီ။ အလွတ်မရှိတော့။ ဘယ်ဝိုင်းမှ ထမယ့်ပုံမပေါ်သေး။

အဲဒီအချိန်မှာပင် မုတ်သုန်က ရုတ်တရက် ထအော်လိုက်တယ်။

"ကျောင်းပေါက်ဝမှာ ရုပ်ရှင်မင်းသားပြေတီဦး ဇာတ်ကားရိုက်နေပါတယ်တဲ့၊ ပြေတီဦးရောက်နေတယ်"

သူ့အော်သံလည်းဆုံးရော ကောင်မလေးတွေ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြတယ်။

"ဟဲ့ . . . ပြေတီဦးတဲ့"

"ပြေတီဦး ရောက်နေတယ်တဲ့"

"သွားမယ်သွားမယ်လာ . . . စားပွဲထိုး ရှင်းမယ်"

"ဟို . . . စားပွဲထိုး ဒီကိုအရင်လာ"

"ဒီကိုလာ၊ ဒီက အရင်ခေါ်တာ ရှင်းမလို့"





ကောင်မလေးတွေဝိုင်းက ဟိုကခေါ် ဒီကခေါ်နဲ့ စားပွဲထိုးတွေ အလုပ်ရှုပ်သွားကြတယ်။ တစ်ချို့ဆို ပိုက်ဆံတောင်မရှင်းဘူး။ ကျောင်းပေါက်ကို ထပြေးကုန်ကြတာ။

"ဒီကို အရင်လာပါဆိုမှ . . . ကြာလိုက်တာ၊ ပြေတီဦး လွတ်သွားလို့ကတော့ စားပွဲထိုးကောင်တွေ သေမယ်မှတ်"

ကြိမ်းတဲ့သူကလည်း ကြိမ်းတယ်။ ကဲန်တင်းတစ်ခါထိုင်ရင် ဖင်က အမြစ်ထွက်အောင် ထိုင်လေ့ရှိတဲ့ကောင်မလေးတွေ ပြေတီဦးဆိုတဲ့အသံလည်းကြားရော တဝုန်းဝုန်းထပြေးကုန်တာ ကဲန်တင်းတစ်ခုလုံး မိန်းကလေးမှန်သမျှပြောင်သလောက်ရှိသွားတယ်။ အဲဒီတော့မှ မုတ်သုန်တို့ သုံးယောက်သား စိတ်ကြိုက်စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ကြတယ်။ အခုတော့လည်း ခုံတွေကပေါ်သလားမမေးနဲ့။

သူတို့တွေ မှာစရာရှိတာမှာပြီး စတင်စားသောက်စဉ်မှာပင် စောစောက ခြံထဲကန္တားမအုပ်မောင်းထုတ်သလို တဝုန်းဝုန်းပြေးသွားတဲ့ ကျောင်းသူအုပ်ကြီး ပြန်ရောက်လာတယ်။ ခုံနေရာတွေလုကြ၊ ငြင်းကြ၊ ခုန်ကြနဲ့ကဲန်တင်းက အသက်ပြန်ဝင်လာပြီး ဆူညံပွက်လောရိုက်သွားပြန်တယ်။ မကျေနပ်သံတွေကလည်း ပါးစပ်တိုင်းလိုလိုက ထွက်လာတော့တယ်။

"အမယ်လေး . . . မောလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြေတီဦးမှမရှိဘူး၊ အလကား"

"အခုနက ဘယ်သေနာကောင် အော်လိုက်တာလဲမသိဘူး၊ လမ်းသွားရင်း ဂျပန်ခေတ်က ကျန်နေတဲ့ မိုင်းဗုံး နင်းမိပြီး သေပါစေတော်"

တစ်ချို့ကလည်း . . .

"အော်တဲ့အကောင် မုဆိုးမနဲ့ညားပါစေ"

လို့ ဆုတောင်းပေးကြတယ်။ မုတ်သုန်တို့ ဘေးဝိုင်းကကောင်မလေးပြောတာဆိုလျှင် ကျောချမ်းစရာကောင်းလှတယ်။

"အရင်းကနေ အပြတ်ခံရပါစေတော်"

"ဟဲ့ . . . ဘာကိုပြတ်မှာလဲ"

"လျှာကို ပြောပါတယ်"

ညီညီနဲ့ တေဇက တခွီးခွီးကျိတ်ရယ်တယ်။ မုတ်သုန်လည်း မနေနိုင်။ အီလည်လည်နှင့် လိုက်ရယ်မိတယ်။ ဘာပဲဖြစ်ဖြစ် ထိုင်စရာနေရာတော့ ရသွားတာပဲ မဟုတ်လား။ အဲဒီအချိန်မှာပင် သူတို့ဝိုင်းကို ဝါးပင်ပျိုတို့သုံးယောက် ရောက်ချလာတယ်။

ဝါးပင်ပျိုက ထိုင်ခုံတစ်လုံးကို ဆွဲယူထိုင်ရင်း . . .

"နင်တို့ကို လိုက်ရှာနေတာဟဲ့"

ဟု ဆိုသည်။ ကျန်နှစ်ယောက်ကလည်း ထိုင်ခုံအသီးသီးမှာ ဝင်ထိုင်လိုက်ကြတယ်။





"ဘာလုပ်မလို့လဲ"

"အကူအညီတောင်းစရာရှိလို့"

"အကူအညီ"

"အင်း"

ဝါးပင်ပျိုက လိပ်စာတစ်ခုထုတ်ပေးသည်။ အဲဒီလိပ်စာအတိုင်းသွားရမည်တဲ့။

"သွားပြီးတော့ ငါတို့က ဘာလုပ်ရမှာလဲ"

"အဲဒီအိမ်မှာ ကြက်မတစ်ကောင်ရှိတယ်ဟ၊ အဲဒီကြက်မကို ဘယ်လောက်ပဲပေးရပေးရ ရအောင်ဝယ် လာခဲ့ပေး၊ ဘယ်လိုလဲ . . . ကူညီမှာလား"

ညီညီက နားမလည်သလိုနဲ့ . . .

"နင်ကလည်း ကြက်ဝယ်တာများ အထူးအဆန်းလုပ်လို့၊ ဘယ်မှာဝယ်ဝယ် အတူတူပဲဟာ"

သူမက ခေါင်းရမ်းသည်။

"မတူဘူးဟ၊ သူမှာထူးခြားချက်ရှိတယ်၊ အခြားကြက်တွေ နဲ့ လုံးဝမတူဘူး"

"ဘာတွေ ထူးခြားနေလို့လဲ၊ ပြောပါဦး"

သူမက ပြုံးတယ်။ ပြီးတော့ တစ်ခွန်းတည်း ပြောလာတော့တယ်။

"နင်တို့ ဝယ်လာပြီးရင် သိမှာပေါ့"

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



**မုတ်သုန်**တို့သုံးယောက်သည် ဝါးပင်ပျို့ပေးလိုက်သော လိပ်စာအတိုင်း ကားကိုမောင်းလာကြလေသည်။ သူမ ညွှန်လိုက်တာက ဆင်းရဲသားရပ်ကွက်တစ်ခုဖြစ်၏။ လမ်းက ချိုင့်ခွက်တွေများသောကြောင့် ကားက တဝုန်းဝုန်းဖြင့် ဆောင့်ခုန်နေလေတော့သည်။

"လမ်းကလည်း ဆိုးလိုက်တာကွာ"

"ဟုတ်ပါ့၊ ကြက်ဝယ်တာများ ဈေးတွေထဲမှာ ပေါလွန်းလို့၊ သူပြောတဲ့ ဒီကြက်က ဘာတွေများ ထူးခြားနေလို့လဲ မသိဘူး"

"ငါ ထင်တာပြောရရင်တော့ ဒီကြက်က သေးပေါက်တဲ့ ကြက်ထင်တယ်၊ ဟုတ်တယ်မလား"

"ကြက်က သေးပေါက်တယ်လို့ တစ်ခါမှလည်း မကြားဖူးပါဘူး"

"သြော် . . . မင်းကလည်း ထူးခြားတဲ့ကြက်ပါဆို"





နှစ်ယောက်သား ငြင်းခုံရင်းပါလာသော ညီညီနှင့်တေဇတို့ကို ကြည့်ကာ မုတ်သုန်က ခေါင်းယမ်းမိလေသည်။ ဒီကိစ္စက သွေးရိုးသားရိုးမဟုတ်တာကို သူ့စိတ်က အလိုလိုသိနေသည်။ မြုပ်ကွက်တစ်ခုခုရှိနေမှာက သေချာသလောက်ပင်။ မျက်ခုံးကတော့ ခပ်လှုပ်လှုပ်ရယ်။

ဒီလိုနဲ့ ကားက လမ်းကြားတစ်ခုထဲသို့ ဝင်ကာနီး တွင် ရှေ့ဆက်ဝင်သွားလို့ မရလောက်အောင် ဖြစ်နေတော့ တယ်။ ငွက်အိုင်တွေ၊ ချောက်တွေနဲ့ ကားက ဘယ်လိုမှ မဝင်သာ မလှည့်သာ။

"ဆက်ဝင်သွားလို့မရတော့ဘူးကွ"

မုတ်သုန်က ကားကိုဆက်မမောင်းတော့ဘဲ ဘရိတ်နင်းထားကာ နောက်ကနေအခန့်သား ငြင်းခုန်ထိုင်လိုက်လာသော နှစ်ယောက်ကိုပြောလိုက်တော့ နှစ်ယောက်သား အောက်ကိုဆင်းကြည့်ကြသည်။

"ဘယ်လိုလုပ်မလဲ . . . "

တေဇအမေးကို မုတ်သုန်က အကွက်ဝင်သွားသလိုဖြင့် တစ်ချက်မသိမသာ ပြုံးလိုက်ကာ ဖြေလိုက်သည်။

"ဒီလိုလုပ်ကွာ၊ မင်းတို့နှစ်ယောက်ပဲ ဒီလမ်းထဲဝင်သွားပြီး ပင်ပျို့ပြောတဲ့အိမ်က ကြက်သွားဝယ်လာခဲ့လိုက်၊ ငါ ဒီမှာကားစောင့်ရင်းနေခဲ့မယ်၊ မကောင်းဘူးလား"

"ကားက လော့ခ်ချပြီး ထားခဲ့ရင်ရပါတယ်၊ မင်းပါ



www.burmeseclassic.com

www.burmeseclassic.com



လိုက် ခဲ့"

"ဟာ . . . မင်းကလည်း ဒီနယ်မြေက ကိုယ့်နယ်မြေ မဟုတ်ဘူး၊ ကားကို တစ်ခုခုလုပ်သွားရင် ဘယ်လိုလုပ်မလဲ၊ ကလေးတွေဘာတွေက မှန်ကို ခဲနဲ့ထုသွားရင် အခက်"

"အေး . . . ဒါလည်းဟုတ်တာပဲ"

"အဲဒါကြောင့်ပြောတာပေါ့။ မင်းတို့နှစ်ယောက် သွား လိုက်ပါဆို"

မုတ်သုန်က လှည့်ပတ်ပြောလိုက်မှ နှစ်ယောက်သား လမ်းကြားထဲ ဝင်သွားကြသည်။ မုတ်သုန်ကတော့ ကား ကက်ဆက်ကိုဖွင့်ကာ ကားထဲမှာ သီချင်းနားထောင်ရင်း ကျန် နေခဲ့လေသည်။

တေဇနှင့်ညီညီသည် လိပ်စာကိုကြည့်လိုက်၊ အိမ် နံပါတ်တွေကိုကြည့်လိုက်ဖြင့် လမ်းထဲလျှောက်ဝင်လာခဲ့ကြ သည်။ ဆင်းရဲသားရပ်ကွက်ဆိုပေမယ့် အိမ်တိုင်းအိမ်တိုင်း ရှေ့မျက်နှာစာတွင် အိမ်နံပါတ်ပြားများ သေသပ်စွာ ကပ်ထား ကြသဖြင့် ရှာရတာ သိပ်မခက်ပေ။ သက်ကယ်မိုး၊ ထရံကာ အိမ်စုတ်လေး တစ်လုံးရှေ့အရောက်တွင်တော့ သူတို့ရှာနေ သော အိမ်နံပါတ်ကို တွေ့ရလေသည်။

"ဒီအိမ်ထင်တယ်ကွ"

"အေး . . . ဖြစ်နိုင်တယ်၊ အော်ခေါ်ကြည့်ကွာ"

လမ်းသွားလမ်းလာတချို့က သူတို့အား အထူး





အဆန်းလို သိသိသာသာပင်ကြည့်သွားကြတယ်။ တချို့ဆို အိမ်ထဲကနေတောင် တမင်တကာထွက်လာပြီး ကြည့်တယ်။ င်းတို့ရဲ့အကြည့်တွေက စူးစမ်းတာထက် စပ်စုတဲ့အကြည့်မျိုး။ ဘာကြောင့်လဲတော့မသိ။

တေဇက ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက် ကစား လိုက်ပြီးမှ အိမ်ထဲကို လှမ်းခေါ်လိုက်တယ်။

"အိမ်ရှင်တို့၊ အိမ်ရှင်တို့"

ဘာသံမှထွက်မလာဘူး။ တိတ်ဆိတ်လျက်ပဲ။ ဒါ နဲ့တေဇက ထပ်အော်တယ်။

"အိမ်ရှင်တို့ . . . အိမ်ရှင်တို့ . . . ဗျို့အိမ်ရှင်တို့"

အဲဒီအခါကျမှ အိမ်ထဲက မိန်းမကြီးတစ်ယောက် ထွက်လာပြီး သူတို့ရပ်နေတဲ့ခြံစည်းရိုးတံခါးနားကို လျှောက် လာတယ်။ ပုံစံကတော့ တကယ့်မိုက်ကယ်မကြီးပဲ။ အရပ်က ထောင်ထောင်မောင်းမောင်း၊ ဗလကလည်း ခပ်ကောင်း ကောင်းနဲ့။ အမျိုးသမီးကြီးက ရှုတင်းတင်းမျက်နှာကြီးနဲ့ သူတို့ အနားကိုလျှောက်လာပြီး အနားကိုရောက်တော့ ခါးနှစ်ဖက်ကို မာန်ပါပါထောက်ရင်းကနေ မေးလာတယ်။

"ဘာကိစ္စလဲ . . ."

အသုံးအနှုန်းက ပြတ်သလို အသံကလည်းတုံးတိ။ တေဇတို့နှစ်ယောက်မှာ အမျိုးသမီးကြီးရဲ့ လူမိုက်မကြီး အထာကြောင့် ခပ်ရွံ့ရွံ့ဖြစ်သွားပြီး ပြောရမယ့်စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ခေါင် မေ့သွားတယ်။ အမျိုးသမီးကြီးက သူတို့ထက် အရပ်က ခေါင်းတစ်လုံးပိုသာနေတဲ့အတွက် ကြောင်စီစီဖြစ်နေတဲ့ သူတို့နှစ်ယောက်ကို ငုံ့မိုးကြည့်လာပြီး ခပ်ငေါက်ငေါက်မေးတယ်။

"မေးနေတာမကြားဘူးလား၊ နားပင်းနေလား၊ ဘာကိစ္စလဲလို့"

ထိုအခါမှ နှစ်ယောက်သား အသက်ဝင်လာတယ်။

"ဟို . . . အန်တီက အိမ်ရှင်လား"

"ဟုတ်တယ်"

"ကျွန်တော်တို့ ဒီအိမ်က ကြက်မကို ဝယ်ချင်လို့ပါ။ အဲဒါ ရောင်းပါလားဟင်"

ညီညီ့စကားအဆုံး အမျိုးသမီးကြီးမျက်လုံးက အပြင်ကို ထွက်ကျလာမတတ် ပြူးကျယ်ဝိုင်းစက်သွားပြီး ထ အော်တယ်။

"ဘာပြောတယ် ! "

"အမယ်လေး အန်တီကလည်း . . . တိုးတိုးပြောပါ။ ဒီကိစ္စက ဒီလိုအော်စရာမဟုတ်ပါဘူး၊ တိုးတိုးသက်သာပြောရမယ့် ကိစ္စပါအန်တီရယ်"

"နင် . . . နင်တို့တွေ ရိုင်းလှချည်လား၊ ဟမ် . . . ဘယ်ဥကပေါက်တာလဲ၊ ရုပ်ကလေးတွေက သနားကမားနဲ့ တော်တော်ညစ်ပတ်လှချည်လား"

အမျိုးသမီးကြီးက ထဘီကိုတင်ပါးပေါ်မ,တင် လိုက်





ခင်းကနေ အော်ပြောတယ်။ တဖြည်းဖြည်းနဲ့ မျက်နှာကြီးက နီလာနေပြီ။ ဘာကိုဒေါသထွက်နေသလဲတော့ မပြောတတ်။ ညီညီက မျက်လုံးကို မှိတ်ကာမှိတ်ကာနဲ့ အမျိုးသမီးကြီးရဲ့ စကားကို ပြန်ချေပတယ်။

"ဟာ . . . အန်တီကလည်း ကျွန်တော်တို့ ညစ်ပတ်ပါဘူး၊ ရေချိုးပါတယ်ဗျ၊ မသိဘဲနဲ့ ရမ်းမပြောပါနဲ့၊ ထုပ်ပါ ဘယ်လောက်ပေးရမလဲ၊ တန်ရာတန်ကြေးပေးပါ့မယ်၊ အန်တီ မနစ်နာစေရပါဘူး"

အမျိုးသမီးကြီး ဆွေ့ဆွေ့ခုန်သွားပြန်တယ်။

"နင် . . . နင်တို့ လွန်လာပြီနော်"

"အန်တီကလည်းဗျာ၊ ကျွန်တော်တို့ ဘယ်မှာ လွန်လို့လဲ၊ အေးအေးဆေးဆေးပြောနေတာပဲကို၊ ရောင်းပါ အန်တီရယ်နော်၊ အန်တီတောင်းသလောက် ပေးပါ့မယ်၊ ဒီအိမ်က ကြက်မကိုရမှ ဖြစ်မှာမို့ပါ၊ တခြား ကြက်မတွေက ဒီအိမ်က ကြက်မလောက် မကောင်းဘူးပြောလို့ပါ၊ ရောင်းပါနော် . . . နော် . . . အန်တီ . . . နော်"

အမျိုးသမီးကြီးက နေရင်းထိုင်ရင်း ဒေါသတွေ အလိုလိုထွက်လာပြီး အံကြိတ်ကာ သူတို့အနားကပ်လာပြီး နောက်နှစ်ယောက်စလုံးကို အကျီရင်ဘတ်ကနေ တစ်ဖက် တစ်ယောက်ဆွဲကိုင်ပြီး အော်တယ်။

"နင်တို့ကို ဘယ်သူပြောလဲ၊ ဒီအိမ်က ကြက်မက



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်လို့ ဘယ်သူပြောလဲ"

တေဇက ဟီးခနဲတစ်ချက်ရယ်ချလိုက်ကာ . . .

"အန်တီကလည်း လျှို့နေပြန်ပြီ၊ ကျွန်တော်တို့က ခိုင်မာ တဲ့သတင်းရပ်ကွက်က သတင်းရထားတာပါ အန်တီရဲ့ ဟီးဟီး . . . ဒီအိမ်မှာ ကြက်မတစ်ကောင်ပဲရှိတယ်၊ ကျွန်တော်တို့ကလည်း အဲဒီတစ်ကောင်တည်းသော ကြက်မကိုပဲ လိုချင်တာ၊ အန်တီတောင်းသလောက်ပေး မှာပါ အန်တီရဲ့"

"ဟုတ်ပါတယ် အန်တီရယ်၊ ကျွန်တော်တို့က အန်တီ တောင်းသလောက် ပေးမှာပါ"

တေဇနဲ့ ညီညီတို့က အမျိုးသမီးကြီးရောင်းချင် လာအောင် "အန်တီတောင်းသလောက် ပေးမှာပါ" ဆိုသော စကားကို တတွတ်တွတ်ခဏခဏထည့်ပြောကြတယ်။ အမျိုး သမီးကြီးကလည်း ထိုစကားကိုကြားလေ ဒေါသတွေ ပိုပိုထွက် လေပင်။ ဆွဲထားတဲ့ အကျီတွေကိုလည်း လွှတ်မပေးသေး ဘူး။ ရင်ဘတ်ကနေ ကိုင်ထားရင်းကနေ ရှေ့တွန်းလိုက်နောက် ပြန်ဆွဲလိုက် လုပ်ပြီးနောက် . . .

"နင် . . . တို့ . . . တွေ . . . မ . . . တော် . . . ကြ . . . သေး . . . ဘူး . . . လား"

လို့ ကုန်းအော်လေတော့သည်။ တေဇတို့နှစ် ယောက်ကလည်း လိုချင်တာမရသေးသောကြောင့် ခေါင်းကို





သာ တရမ်းတည်းရမ်းနေတော့တယ်။

"အန်တီရယ် . . . ရောင်းပါနော်၊ အန်တီ တောင်း သလောက်ပေးမှာပါ၊ ကြိုက်ဈေးကိုပြော"

"အဲဒီစကားကို ခဏခဏမပြောနဲ့"

"အန်တီကမှ မရောင်းတာ"

"ဘာကိုရောင်းရမှာတုန်း"

"ကြက်မလေ"

"နင်တို့ငါ့ကို လာနောက်နေတာလား၊ ငါ့ကို ဘာထင် နေလဲ၊ လူသတ်မှုနဲ့ ထောင်ထဲကထွက်လာတာ တစ်လ ပဲရှိသေးတယ်နော်၊ နင်တို့ကိုသတ်ပြီး ထောင်ထဲပြန်ဝင် ဖို့ ဝန်မလေးဘူး"

ထောင်ထွက်ဆိုတဲ့စကား ကြားတာနဲ့ နှစ်ယောက် သား တုန်သွားကြတယ်။ ဖြစ်နိုင်တယ်။ ပုံစံက တကယ့် မိန်းမ ကြမ်းကြီး။ ဒါပေမယ့် ဟန်ကိုယ့်ဖို့ဆိုတဲ့ စကားနဲ့အညီ တေဇက တစ်ချက်ရယ်သွမ်းသွေးလိုက်တယ်။

"အန် . . . အန်တီကလည်းလာနောက်နေသေးတယ်"

"နောက်နေတာမဟုတ်ဘူး . . . သေနာလေးတွေရဲ့ တကယ်ပြောနေတာ၊ ဒီရပ်ကွက်ထဲမှာ ဘယ်သူ့မေးမေး၊ ကြိုက်တဲ့သူကိုမေး၊ ငါထောင်ထွက်ဆိုတာ လူတိုင်း သိတယ်၊ ထောင်ထွက်ဆိုပြီး အထင်တော့မသေးနဲ့နော်၊ ထောင်ထဲမှာ တန်းစီးလုပ်လာတာ . . . ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သဘောကျသလို တဟားဟားအော် ရယ်လေတော့တယ်။ ကြည့်ရတာ သူ့ကိုယ်သူ ထောင်ထွက်ဆို တာကို ဂုဏ်ယူနေတဲ့ပုံ။

"အန်တီကလည်း အချင်းချင်းတွေပဲဟာ၊ ပြေပြေလည် လည်ပေါ့၊ ဟုတ်ဖူးလား၊ အန်တီတောင်းသလောက်ပေး မှာပါအန်တီရယ်၊ နော် . . . ရောင်းပါနော် . . . အန်တီ ကြိုက်ဈေးပြောလိုက်လေ . . . နော် . . . ကျွန် တော်တို့က ဈေးမဆစ်"

"တော် . . . တိတ်"

အမျိုးသမီးကြီးက ဖြတ်အော်တော့ ညီညီလန့် ဖျပ်ပြီး ပါးစပ်ပိတ်သွားတယ်။ ပြီးတော့ အမျိုးသမီးကြီးက သူတို့ နှစ်ယောက်စလုံးကို ဆောင့်တွန်းထည့်လိုက်ရင်း . . .

"နင်တို့ပြန်ကြတော့၊ ငါ ဒေါသထွက်လာပြီနော် . . ."

နှစ်ယောက်စလုံးက ပေါက်တဲ့နဖူး မထူးဘူးဆိုပြီး လက်ကျန်သတ္တိလေးတွေနဲ့ ပေကပ်ရပ်နေကြတယ်။ စိတ်ထဲမှာ တော့ တုန်နေပြီ။ ပတ်ဝန်းကျင်ကလည်း လူသတ်ပွဲကြည့်ရ တော့မယ်ဆိုပြီး ပြူတစ်ပြူတစ်နဲ့ လုပ်နေကြတယ်။

"သွားတော့လေ၊ ဘာရပ်နေကြတာလဲ"

"ဟင့်အင်း . . . ကျွန်တော်တို့ ကြက်မ,မပါဘဲ မပြန် နိုင်ဘူး၊ အန်တီတောင်းသလောက်ပေးမှာပါ အန်တီ ရယ်"





"ဩော် . . . ဒီလိုလား၊ အေး . . . ရမယ်၊ ရမယ်၊ ခဏစောင့်"

အဲဒီလိုပြောပြီး တန်းစီးမကြီးက အိမ်ထဲပြန်ဝင် သွားတော့ တေဇတို့နှစ်ယောက် ပျော်သွားကြတယ်။ ဟုတ် တယ်လေ . . . သူတို့လိုချင်နေတဲ့ကြက်မ ရတော့မယ်လေ။ နောက်ဆုံးတော့ တန်းစီးမကြီး တင်းမထားနိုင်တော့ဘူး။ လိုက် လျောရတာပဲ မဟုတ်လား။ သိပ်မကြာပါဘူး၊ အမျိုးသမီးကြီး က အိမ်ထဲကနေ ငှက်ကြီးတောင်ဓါးရှည်ကြီးကိုင်ပြီး ပြန်ထွက် လာတော့တယ်။

ဒါကိုလည်းမြင်ရော တေဇက ပျာပျာသလဲပြေး သွားပြီးပြောတယ်။

"ဟာ . . . အန်တီ၊ မလုပ်နဲ့ . . . မလုပ်နဲ့၊ ကျွန်တော်တို့က ကြက်မကို အရှင်ပဲလိုချင်တယ်၊ အသေကြီးကို ဘာလုပ်ရမှာလဲ"

"တော်တော်ညစ်ပတ်တဲ့ အကောင်တွေ၊ ငါလင်ယူရင် တောင် ငါမွေးတဲ့သားလောက်ရှိတာကို စော်ကားလွန်းတယ်၊ ငါ့ကိုဘာများထင်နေကြသလဲ . . . ကဲဟယ်"

ဆိုပြီး အမျိုးသမီးထောင်ထွက်မကြီးက သူ့အနား ကပ်လာတဲ့ တေဇကို ပြောပြောဆိုဆို လက်ထဲက ငှက်ကြီး တောင်ဓါးကြီးနဲ့ ဝိုက်ပြီးတော့ ခုတ်ထည့်လိုက်တယ်။ တေဇလည်း ရုတ်တရက် ကြောက်အားလန့်အားနဲ့ ခေါင်းငုံ့



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တော့ ဓါးက သူ့ခေါင်းပေါ် တစ်လက်မလောက်အကွာ ကနေ ဝှီးခနဲ ချော်ထွက်သွားတယ်။ တေဇနားထဲမှာ လေတိုး သံတွေတောင် ကြားလိုက်ရတယ်။ ပြီးတော့ နောက်ပြန်ဆုတ် ရင်း ကတုန်ကယင်နဲ့ပြောတယ်။

"အန် ... အန်တီ ... ကျွန်တော့်ကို ဓါးနဲ့ခုတ်တယ်၊ ကျွန် ... ကျွန်တော် ဘာမှားလို့လဲ"

"ဘာ အခုမှမသိချင်ယောင်ဆောင်နေတာလဲ ... ဟမ်"

အမျိုးသမီးကြီးက ရှေ့တစ်လှမ်းတိုးလာတော့ တေဇ တို့က နောက်တစ်လှမ်းဆုတ်တယ်။

"နင်တို့ပဲ ကြက်မလိုချင်တယ်ဆို"

"ဟုတ် ... ဟုတ်တယ်လေ"

"အေး ... ဒီအိမ်မှာ သေးမပေါက်တဲ့ တိရစ္ဆာန်ကြက် မ,တော့မရှိဘူး၊ သေးပေါက်တဲ့ လူကြက်မ ငါပဲရှိတယ်"

ပြောရင်းရှေ့တစ်လှမ်းတိုးလာတော့ ညီညီတို့ နှစ် ယောက်သား မျက်လုံးတွေပြူး ချွေးတွေပျံလာပြီး နောက်တစ် လှမ်းထပ်ဆုတ်တယ်။ ပြီးတော့ ညီညီက အမျိုးသမီးကြီးကို လက်ညှိုးထိုးရင်း ...

"အန် ... အန်တီနာမည်က"

"ငါ့နာမည် ကြက်မ၊ ဒေါ်ကြက်မတဲ့ မှတ်ထား၊





ဘယ်သူ့ကိုမှ မကြောက်လို့ တစ်ပွေတည်းနေတာ၊ ဘယ်သူ့ အစော်ကားမှမခံဘူး၊ နင်တို့လောက်တော့ စာမဖွဲ့လောက်ဘူး၊ လာတော့မကြောနဲ့၊ တန်းစီးကြက်မတဲ့နော်၊ တစ်မ, တည်း ရှိတယ်"

ဆိုပြီး အမျိုးသမီးကြီး သူတို့ဆီပြေးဝင်လာတာနဲ့ တေဇတို့နှစ်ယောက်လည်း နောက်လှည့်ပြီး သေပြေးရှင်ပြေး ပြေးတော့တာပဲ။ ရိုးရိုးကြက်က အခွပ်ခံရမှာ၊ ဒီကြက်က အခုတ် ခံရရုံတင်မကဘူး၊ နုပ်နုပ်စင်းပြီး ပါးပါးလှီးတာပါခံရမှာ။

"တန်းစီးကြက်မတဲ့ဟေ့၊ မိလို့ကတော့ ဓားတစ်ချက် အသက်တစ်ချောင်းပဲ ... ဘာမှတ်နေလဲ၊ မပြေးနဲ့၊ အခုရပ် ... ဟေ့"

တေဇတို့ကရှေ့ကပြေး အမျိုးသမီးကြီးက ဓါးကြီး တရမ်းရမ်းနဲ့ ထဘီကို စွန်တောင်ဆွဲပြီး လိုက်တယ်။

"တန်းစီးကြက်မတဲ့နော်၊ ဓါးတစ်ချက်ကို တစ်ချောင်း ပဲ၊ တိခနဲကိုနေစေရမယ်၊ လာမကြောင်နဲ့၊ တစ်ချက်ကို တစ်ချောင်းပဲ ... ဟွန်း ... ဟွန်း"

◆◆◆◆◆◆





www.burmeseclassic.com

www.burmeseclassic.com



**မုတ်သုန်**သည် ကားမောင်းနေရင်းမှ ကားနောက်ခန်းထဲတွင် ချွေးတလုံးလုံးဖြင့် ဖုတ်လှိုက်ဖုတ်လှိုက် ပါလာသော နှစ်ယောက်ကိုကြည့်ကာ အော်ရယ်မိလေတော့သည်။ နှစ်ယောက်စလုံး ခါးစာမမိတာ တော်သေးတယ်။ ကြက်သီးထစရာကောင်းတဲ့ နာမည်ပိုင်ရှင် ဒေါ်ကြက်မက ကားနားအထိလိုက်လာတာ။ ကားပေါ်အမြန်တက်ပြီး အမြန်မောင်းလာလို့လွတ်လာတာ။ နို့မို့မလွယ်ဘူး။

"အမယ်လေး . . . ပြေးလိုက်ရတာ မောလိုက်တာကွာ၊ ကံကောင်းလို့ အသက်မပျောက်တယ် . . . ဟူး"

တေဇက ထိုသို့ပြောကာ သက်ပြင်းမောကို မှုတ်ထုတ်တော့ ညီညီက တောက်တစ်ချက်ခေါက်ကာ . . .

"ဝါးပင် . . . ဝါးပင် . . . ငါတို့ကို ကြပ်လွှတ်လိုက်တာ၊ တော်တော်ညစ်ပတ်တဲ့ ဟာမလေး"

မုတ်သုန်က ရယ်ပြန်သည်။





"အေး . . . ရယ်ပါ . . . ရယ်ပါ၊ မင်းကတော့ ရယ်နိုင် တာပေါ့၊ ကားပေါ်မှာ ကျန်ခဲ့တာကိုး"

"ဒါကတော့ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပဲလေကွာ၊ မနာလိုမဖြစ်နဲ့၊ သူတော်ကောင်းဆိုတော့ နတ်ကောင်းစောင်မတယ်လေ . . . ဟား . . . ဟား"

တကယ်တမ်းက ဒီကိစ္စကို မသက်သာလို့ ကားပေါ်မှာ တမင်နေခဲ့တာ။ အခုတော့ ထင်တဲ့အတိုင်း တန်းနေတာပဲ။

"မကျေနပ်ဘူးကွာ၊ ဒါသက်သက် ချောက်တွန်းခံလိုက်ရတာ၊ ဒီဝါးပင်မ ငုတ်တိုမ မျှစ်စို့မကို ပညာပေးရမယ့်တာဝန် ငါတို့မှာရှိတယ်၊ အဲဒီတော့ မင်း ငါတို့ကို ကူညီ မုတ်သုန်၊ မင်းက ဒီလိုနေရာဆိုရင် ဗရုတ်သုတ်ခအတွေးတွေထွက်တယ်"

"ဟာ . . . မကူညီဘူး၊ ဒီကိစ္စမှာ ငါမပါဘူးလေ"

"ဟော့ကောင် . . . မကူညီလို့မရဘူး၊ မကူညီလို့ကတော့ သေခန်းပြတ်ပဲနော် . . . ဒါပဲ"

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... D

ကျောင်း ပိတ်ရက်ဖြစ်သောကြောင့် အိပ်ယာထဲမှ မထသေးဘဲ ပေတေအိပ်ကာ အတွေးနယ်ချဲ့နေမိတယ်။ ပထမဦးဆုံး သူ့အတွေးထဲကို ဝင်လာတာက ဝါးပင်ပို့ဟူသော ကောင်မလေးတစ်ယောက်အကြောင်းပင်ဖြစ်ပါတယ်။ သူနှင့် အန်းတူရည်တူ ဇရုတ်ကျနိုင်သော သူမသည် သူ့ရင်ဘတ်ထဲသို့ တဖြည်းဖြည်းချင်း တစ်လှမ်းချင်း တစ်စတစ်စဝင်ရောက်နေရာယူခဲ့ပြီဆိုတာ သူသိပါတယ်။ ထို့ထက်ပိုရှိသော အဖြေတစ်ခုကို ပေးရမည်ဆိုပါသော် သူမကို သူ ချစ်နေမိပြီဆိုတာ သေချာသလောက်ပင်။

သူမကို စတွေ့ကတည်းက မြင်မြင်ချင်းချစ်သွားခဲ့တာတော့မဟုတ်ပါ။ တဖြည်းဖြည်းချင်းလေးနဲ့ နှလုံးသားထဲမှာ ဖွဲ့မီးတစ်ခုလို တငွေ့ငွေ့ချစ်လာခဲ့တာဖြစ်တယ်။ သူမ၏ လုပ်ရပ်တိုင်းကို သူစိတ်ဝင်စားမိသလို သူမ၏ စကားသံတိုင်းက သူ့အတွက်တော့ သာယာနာပျော်ဖွယ်ကောင်းသော ဂီတ





www.burmeseclassic.com

www.burmeseclassic.com



သံစဉ်တစ်ခုကို နားဆင်နေရသလို တသိမ့်သိမ့် ကြည်နူးမှုများကို ပေးစွမ်းတတ်ပါတယ်။

သူသက်တမ်း တလျှောက်တွင် သူနှင့်သွေးသား မတော်စပ်သော မိန်းကလေးတစ်ယောက်ကို ချစ်မိသွားသောဖြစ်စဉ်မှာ ဒါ ပထမဆုံးပါဆိုလျှင် အနည်းငယ်တော့ အံ့သြစရာကောင်းချင်ကောင်းနေပါလိမ့်မယ်။ မအံ့သြပါနဲ့။ မထူးဆန်းပါနဲ့။ ဒါဟာ လုံးဝအမှန်တရားတစ်ခုပင် ဖြစ်တယ်။ သူက ထိုသို့အတွေးများဖြင့် လုံးလည်ချာလည်လိုက်ရင်း ဝါးပင်တစ်ပင်၌ ငြိတွယ်ရင်းဖြင့် ပြန်လည်ပြီး အိပ်ပျော်သွားခဲ့တယ်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်တော့ မသိ။ သူ၏ခန္ဓာကိုယ်အား တစ်စုံတစ်ယောက်က လာရောက်လှုပ်နှိုးနေသောကြောင့် အိပ်ယာမှနိုးထလာရပြန်တော့တယ်။

"မုတ်သုန် . . . မုတ်သုန် . . . ထတော့လေ၊ နေဖင်ထိုးနေပြီ၊ အိပ်ပုပ်ကြီးလှချည်လား"

မျက်လုံးများကို မဖွင့်မိသေးသော်လည်း အသံကိုကြားရုံမျှဖြင့်ပင် ရှားရှားခင်ဆိုတာသူသိတယ်။ သူမက ကျန်သောအချိန်တွေဆိုရင်သာ သူ့ကိုသတိမရရင်နေမယ် ခိုင်းစရာရှိရင် သူ့ဆီပြေးလာတာချည်းပဲ။ သူမကလည်း သူမဆေးကျောင်းတစ်ဖက်နဲ့ နေ့စဉ်ဒေါင်ချာစိုင်းနေတတ်သလို သူကလည်း သူ့ကျောင်းကိစ္စနဲ့သူပင်။ ဒီနေ့လို ကျောင်းပိတ်ရက်များဆိုရင်တော့ သူမက စာဖတ်ရင်ဖတ်နေတတ်သလို သူကသွား





လို့ဖြစ်စေ သူမက ခိုင်းစရာရှိလို့ဖြစ်စေ တွေ့ဖြစ်ပါတယ်။

ယခု သူမ၏ လေယူလေသိမ်းကို နားထောင်ခြင်းအားဖြင့် သူ့အား တစ်ခုခုခိုင်းတော့မယ်ဆိုတာ အာရုံရနေတာမို့ မျက်လုံးများကို မဖွင့်သေးဘဲ အိပ်ပျော်နေသေးယောင်ဆောင်နေလိုက်တယ်။ အဲဒီမှာပဲ သူမရဲ့ စွာစွာစွာစွာအသံက ပို့ကျယ်လာတော့တယ်။

"မုတ်သုန်၊ နင် မထသေးဘူးလား၊ ဒီလိုပုံနဲ့တော့ ကြီးပွားဦးမယ် . . . ကြီးပွားဦးမယ်"

သူမဘာပြောပြော အသာ ငြိမ်နေလိုက်တယ်။ ဆရာဝန်လောင်းသာဆိုတယ် သူမအသံက ဆရာဝန်သံလုံးဝမပေါက်။ စူးတူးတူး စွာကျယ်ကျယ်နဲ့ ငါးစိမ်းသည်အသံမျိုး။

"မုတ်သုန် ငါ စိတ်တိုလာပြီနော်၊ တစ်ကနေ သုံးလို့ရေလို့မှ မထရင် ငါဆွဲချတော့မှာ"

သူက အနည်းငယ်ပြင်ကာ စောင်ကိုခေါင်းမြီးခြုံလိုက်ပါသေးတယ်။ အဲဒီအချိန်မှာပဲ သူမရဲ့ ရေသံက စတင်ထွက်ပေါ်လာတော့တယ်။

"တစ် . . . တစ်ခွဲ . . . နှစ် . . . နှစ်ခွဲ"

ရယ်ချင်စိတ်ကို အတော်ကြီးထိန်းထားလိုက်ရတယ်။ ကြည့်ပါဦး။ သူမရဲ့ တစ်နှစ်သုံးရေတွက်ပုံကို။

"နှစ်ဒသမ ရှစ်သုည၊ နှစ်ဒသမ ကိုးသုည . . . သုံးပြည့်တော့မယ်နော်၊ မထသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူက တမင်တကာပင် ဟောက်ပြလိုက်တယ်။ ထို အခိုက်မှာပင် သုံးဆိုသောရေရွတ်သံအဆုံးမှာ သူ့စောင် စ,က တင်းခနဲဖြစ်သွားသဖြင့် ဝေါက်ခနဲထထိုင်လိုက်ရတယ်။

"ဘာလဲဟာ . . . ဘာလဲ၊ အိပ်ကောင်းခြင်းမအိပ်ရဘူး၊ တော်တော်ဒုက္ခပေးတယ် . . . ကျွတ်"

"အေး . . . အဲဒီလိုမျိုး အစကတည်းက ထလိုက်ရင် ငါ့ရဲ့တန်ဖိုးရှိလှတဲ့ အသံစွမ်းအင်တွေလည်း ကုန်မှာ မဟုတ်ဘူး"

"တွတ် . . . ငှက်ဆိုးထိုးသံကြီးများ"

သူက ဘုတောတော့ သူမကဖက်လုံးနဲ့ ကောက်ရိုက်တယ်။

"ကဲ . . . ထတော့ဟာ၊ မျက်နှာသစ်ရေချိုး၊ Breakfast စားပြီးရင် ငါတို့အိမ်ဘက်ခဏကူးခဲ့"

"ဘာခိုင်းဦးမလို့လဲ၊ ခိုင်းစရာရှိရင်တော့ ငါ့ကိုသတိရတယ်၊ ကျွေးဖို့မွေးဖို့တော့ တစ်ခါမှ သတိမရဘူး"

သူ့စကားကြားတော့ သူမက ပြုံတီတီ ပြုံးတယ်။ ရုပ်ကိုက တစ်ဖက်ကလေးမှ ချစ်မွေ့မရှိ။ အမွေးတုံးမ။

"နင်ကလည်းဟာ၊ ခိုင်းတယ်လို့တော့ သဘော မထားပါနဲ့၊ အကူညီတောင်းတယ်လို့ သဘောထား၊ ပြီးတော့ ညနေကျရင်နင့်ကို ကြေးအိုးအဝလိုက်တိုက်မယ်"

"သေချာလို့လား . . ."





"ဆရာဝန်ကတိပါနော် . . ."

သူက ပြုံးလိုက်ကာ အရှုံးမလို့ ရေရွတ်ဖြစ်တယ်။ ပြီးတော့ အိပ်ယာပေါ်မှဆင်းရန် ကိုယ်ပေါ်တွင်တင်ထားသော စောင်ကိုခွာမည်ပြုပြီးမှ အသာပြန်ဖုံးထားလိုက်မိတယ်။ ဒုဒ္ဓေါ . . . ကယ်တော်မူပါ။ ခါးတွင်ပုဆိုးမရှိတော့ချေ။ ညက ဘောလုံးပွဲကြည့်ပြီး အိပ်ချင်လွန်းသောကြောင့် ဒီအတိုင်း ထိုး အိပ်ခဲ့တာ။ ညဝတ်ဘောင်းဘီမလဲမိ။ ရှားရှားခင်ကိုကြည့် တော့လည်း ငတိမက ထွက်မည့်ပုံမပေါ်သေး။ ခုတင်စွန်းမှာ အခန့်သားထိုင်နေလျက်သား။

"နင် . . . နင်ပြန်နှင့်၊ ငါလာခဲ့မယ်"

သူမက ဒါမျိုးတွေရိုးနေပြီဆိုသော အပြုံးမျိုးဖြင့် ပြုံးပြသည်။ ပြီးနောက် . . .

"မရဘူး၊ နင်အခုထပြီး ရေချိုးခန်းထဲမှာ ရေချိုးနေမှ ငါပြန်မယ်၊ နို့မို့ရင် နင်က ပြန်အိပ်နေဦးမှာ ငါသိတယ်"

"မအိပ်ပါဘူးဟာ"

"မယုံဘူး၊ အခုထ"

ရော် . . . ခက်နေပါပြီ ဒီမိန်းကလေးနဲ့တော့။ တစ်သက်လုံးက လျှို့ဝှက်စွာမြှုပ်နှံထားခဲ့တဲ့ တုတ်တွေခဲတွေ တော့ ပေါ်ကုန်တော့မှာပဲ။ ရွှဲပြီးထလိုက်ရ မကောင်းရှိရော့မယ်။

"မအိပ်ပါဘူးဆို မရှားရာ၊ ပြန်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"မပြန်ဘူး၊ နင်ထမှပြန်မယ်"

သူချွေးဇောတွေပျံလာကာ . . .

"ထလို့မရဘူးဟ . . . "

"နင်မကပ်နဲ့ဟာ၊ ထပါဆို"

"ထလို့မဖြစ်ပါဘူးဆို မိရှားရာ၊ နင်နဲ့တော့ ခက်တာပဲ"

သူ့စကားအဆုံးသူမက ခါးထောက်ကာ အော်တော့သည်။

"ခက်တာက ငါမဟုတ်ဘူးဟဲ့၊ နင် . . . နင်၊ နင်ခက်နေတာ၊ သိရဲ့လား၊ ထပါလို့ပြောနေတာကို ပေကတ်နေတာ၊ အချင်းချင်းတွေ ဒီလောက်ပြောနေရရင် မဟုတ်တော့ဘူး၊ ထဟာ၊ ငါ ဆွဲထူရမလား၊ ရေချိုးခန်းထဲအထိ ပွေ့ပိုးပေးရမလားပြော၊ နင့်ကို မနိုင်ဘူးမထင်နဲ့နော်၊ လက်တွေ့ပြရမလား"

ပြောရင်း သူမက ခုတင်ပေါ်သို့တက်လာကာ ပွေ့ဖို့ပြင်သည်။ မိရှားက ဝလတောင့်သည်။ တကယ်လုပ်မှာ။

"မလုပ်မရှိနဲ့နော် . . . မိရှား"

"လုပ်မှာပဲ၊ နင်မှမထတာ"

သူမက သူခြုံထားသော စောင်ကို ဆွဲလှပ်ရန်ပြင်လိုက်စဉ်မှာပင် သူ မျက်လုံးမှိတ်၍ အားခေါင်ခြစ်ကာ အော် လိုက်တယ်။

"ငါ့မှာ ပုဆိုးမပါဘူးကွ"





သူမလက်က လေပေါ်မှာတင် ရပ်တန့်သွားတယ်။ ရှေ့လည်းတိုးမလာသလို နောက်လည်း ရုတ်မသွားဘူး (တရုတ်ကားတွေထဲက အကြောပိတ်ခံလိုက်ရတဲ့ လူပုံစံမျိုး)။ ပြီးတော့ သူမမျက်နှာက နီသွားတယ်။ သူလည်း ဘာထူးလို့လဲ။ အရှက်ကွဲဖို့ သီသီလေးလိုတော့တာ။

"သေချာလို့လား၊ နင် ညာဏ်မများနဲ့နော်"

ဒါတောင် သူမက မယုံသင်္ကာနဲ့ သူ့ခန္ဓာကိုယ်အောက်ပိုင်း (စောင်ခြုံထားသော) ကိုကြည့်ရင်း မေးလာပြန်တယ်။ သူ စိတ်ပျက်လက်ပျက်နဲ့ အော်တောင်ငိုပစ်လိုက်ချင်တော့တယ်။ ဒေါသကလည်း ထွက်ချင်လာပြီ။

ဒါနဲ့ပဲ . . .

"ငါက သက်သေပြရဦးမှာလား"

လို့ ရွဲ့မေးလိုက်တော့မှ သူမက "မသာ" လို့ဆဲပြီး အခန်းထဲကထွက်သွားတယ်။ သူမထွက်သွားမှပဲ သူလည်း အသက်ရဲရဲရှူရဲတော့တယ်။ ကျွတ်ထွက်သွားတဲ့ ပုဆိုးကို လိုက်ရှာတော့ ခုတင်အောက်မှာ အပုံလိုက်။ တော်ပါသေးရဲ့၊ သူမ,ဝင် လာတုန်းက စောင်လုံလုံခြုံထားလို့။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



“ဟာ . . . ပန်းအိုးကိုချတာ သာသာချပါဟယ်၊ ကွဲကုန်ပါ ဦးမယ်၊ အဲဒီလောက်ကြီးဆောင့်ချရသလား”

“ဒါဆိုလည်း ကိုယ့်ဘာသာလာမ, လှည့်၊ လာ”

“ငါမှ မနိုင်တာ၊ အလေးကြီးတွေကို”

“ငါ့ကိုကျတော့ ပွေ့နိုင်တယ်ဆို၊ ဒီပန်းအိုးတွေက ငါ့ကိုယ် လောက်မလေးပါဘူး”

“စကားကို ကတ်မပြောနဲ့၊ နင့်ကို ပွေ့နိုင်တယ်ဆိုတာ စိတ်တိုလို့ အလကားပြောတာ၊ ဒီပန်းအိုးတွေကို ငါမ,နိုင်တယ်ထားဦး၊ ငါက ပန်းအိုးထားရမယ့်နေရာကို ကြည့်ရသေးတယ်လေ၊ ပန်းအိုးကိုရွှေ့လိုက် နေရာကိုကြည့်လိုက်ဆိုရင် ခရီးက ဘယ်တွင်တော့မလဲ၊ အခုတော့ ငါကညွှန်ကြားနင်ကရွှေ့ဆိုတော့ မမြန်ဘူးလား”

သူကသာ ပန်းအိုးကြီးတွေကို ဟိုရွှေ့ ဒီရွှေ့ ရွှေ့နေရတာ၊ သူမကတော့ ဒန်းစင်ပေါ်ကနေ လက်ပိုက်ခြေချိတ်ထိုင်ရင်း ခိုင်းနေတာဖြစ်တယ်။ အလကားလည်း လုပ်ပေးရသေး





အပြစ်တင်လည်းခံရသေး။

“ငါ့များ . . . သူ့အလုပ်သမားကျနေတာပဲ”

သူက ပွစိပွစိရေရွတ်တော့ သူမကလည်း ပူညံပူညံပြန်ပြောတယ်။

“နင့်ကိုလည်း ခိုင်းချင်လို့ ခိုင်းရတာမဟုတ်ပါဘူးနော်၊ အိမ်ကအလုပ်သမား နယ်ခဏပြန်သွားလို့ ခိုင်းရတာ”

“သူလာမှ ခိုင်းပေါ့”

“ငါက အားဦးမှကိုး၊ အခုတလောက စာမေးပွဲနည်းနည်း ပါးနေလို့၊ ရှေ့လျှောက် စာမေးပွဲတွေချည်းပဲ၊ အမယ်လေး . . . ကိုယ့်သူငယ်ချင်းလေးဆိုပြီး တစ်ခါလေး ခေါ်ခိုင်းမိပါတယ်၊ ရှင်းပြရတာမောလိုက်တာ၊ ကိုယ့်ဘာသာလုပ်တာကမှ သက်သာဦးမယ်”

“သေသွားလည်း နားအေးတာပဲ . . .”

သူနှင့်သူမက ငယ်ငယ်လေးကတည်းက အတူတူကြီးပြင်းလာတဲ့ မတည့်အတူနေ မမြင်ရချောင်းကြည့်ဆိုသော သူငယ်ချင်းများပင်။ အိမ်ချင်းကပ်ရပ်ဖြစ်သောကြောင့်လည်းကောင်း၊ တစ်ဦးတည်းသောသား၊ တစ်ဦးတည်းသောသမီးဖြစ်သောကြောင့်လည်းကောင်း မောင်နှမ မရှိသောသူတို့ နှစ်ယောက်က မောင်နှမအရင်းကဲ့သို့ပင် သံယောဇဉ်အထည်က ကြီးမားပါတယ်။

“ငါက ဘာလို့ သေရမှာလဲ၊ ဆရာဝန်မကြီးလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လူနာ တွေကိုကုသပေးရဦးမှာ"

"ယောက်ျားလည်း ယူဦးမှာကိုထည့်ပြော"

"မသာကောင်၊ ငါက အပျိုကြီးလုပ်မှာ၊ နင်သာ မိန်းမ လိုချင်လွန်းပြီး နင့်ကိုယူမယ့် မိန်းမကလည်းမရှိတော့ မယားတရှူးပြီး သေမယ့်ကောင်"

"ဟားဟား . . . ကိုယ့်ကိုကိုယ် ပြန်ပြောနေတယ် ငါ့ကို လိုချင်နေတဲ့ မိန်းကလေးတွေမှ တက္ကသိုလ်ထဲမှာ လက် ညှိုးထိုးမလွဲဘူး၊ ငါက ဝါသနာမပါလို့သာ ရည်းစား မထား သေးတာ၊ နင်သာ အပျိုကြီးဖြစ်မှာ မြင်ယောင်တယ်၊ ငါက မကြာခင်ရည်းစားရတော့မှာ၊ ရည်းစား မဟုတ်ဘူး၊ ချစ်သူ . . . ချစ်သူ"

"အော့ . . . အန်ချင်စရာကြီး . . . ထွီ"

သူမက မသတီသလို ဟန်ပန်လုပ်ပြတယ်။ ပုံစံ က ဖြတ်ရိုက်ချင်စရာ အလွန်ကောင်းပါသည်။ ဒါကြောင့် စိတ် ထဲကနေ မေတ္တာပို့လိုက်တယ်။ လူသေကောင်တွေကို လှေ့လာ ရင်း လူသေကောင်ထ, ဖက်လို့ လန့်သေပါစေဗျာ။

◆◆◆◆◆◆





သူမတို့သုံးယောက် ကြေးအိုးသောက်နေရာ ဆိုင် ထဲသို့ မုတ်သုန်နှင့် ကောင်မလေးတစ်ယောက်ဝင်ရောက်လာ တယ်။ အစကတော့ သူမက မမြင်ပါဘူး။ သူဇာက မျက်စပစ် ပြလို့သာ ကြည့်လိုက်မိတာ။ တစ်ယောက်နှင့်တစ်ယောက် ရှိက်လားပုတ်လားဖြင့် ရယ်ရယ်မောမောစကားပြောလာကြတာ ဖြစ်ပြီး သူမတို့ကို မုတ်သုန်ကမြင်ပုံမရ။ သူမတို့နှင့် မလှမ်း မကမ်း စားပွဲဝိုင်းတစ်ခုတွင် ဝင်ထိုင်လိုက်တာတွေ့ရသည်။

"ဟဲ့ . . . မုတ်သုန်ကလည်း အလာကြီးပါလား"

မွန်ကြည်ထွေးက ခပ်ပြုံးပြုံး လုပ်ရင်းပြောတာကို သူမပါ လိုက်ပြုံးဖြစ်တယ်။ မုတ်သုန်နဲ့ ထိုကောင်မလေး ဘာ တွေပြောနေသလဲတော့ မသိချေ။ နှစ်ယောက်စလုံး ဘေးပတ် ဝန်းကျင်ကိုတောင် မေ့နေတာ။

"ရည်းစားတွေထင်တယ် . . ."



www.burmeseclassic.com

www.burmeseclassic.com





သူဇာ၏မှတ်ချက်ကို ဝါးပင်ပျိုက ခေါင်းရမ်းလိုက်ရင်း . . .

"မဖြစ်နိုင်ဘူး"

ဟု ဆိုဖြစ်သည်။

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

သူဇာက သူ့အဆိုကို ပုတ်ထုတ်ခံလိုက်ရသောကြောင့် မကျေမနပ်ဝင်မေးတယ်။

"နင်တို့ကြည့်ကြည့်စမ်းပါ၊ သူတို့နှစ်ယောက်ရဲ့ စကားပြောတဲ့ အမူအရာနဲ့ မျက်နှာအရိပ်အကဲကို၊ သမီးရည်းစားတွေကို နင်တို့လည်းတွေ့ဖူးတာပဲ၊ သမီးရည်းစားနှစ်ယောက်စကားပြောရင် မျက်နှာတွေက ရှက်တက်တက်လေးတွေဖြစ်နေတတ်တယ်၊ နှုတ်ခမ်းတွေက လည်း မပွင့်တပွင့်နဲ့ဟာ တစ်မျိုးလေးပဲ၊ အခု မုတ်သုန်တို့နှစ်ယောက်ကိုကြည့်ပါလား၊ ရှက်တဲ့အမူအရာလည်း မရှိသလို မပွင့်တပွင့် ပုံစံတွေလည်းမရှိဘူး၊ ပကတိ ပွင့်လင်းမှုကိုတွေ့နေရတယ်၊ သူတို့နှစ်ယောက်က ငယ်သူငယ်ချင်းဒါမှမဟုတ် တစ်ခုခု သွေးသားတော်စပ်မှု ရှိရမယ် . . . အသေအချာပဲ"

သူမစကားအဆုံး သူဇာက နှုတ်ခမ်းကို မဲ့ကာရွဲ့ကာဖြင့် "မထင်ပေါင်" လို့ဆိုတယ်။ မွန်ကြည်ထွေးက . . .

"သွားနှုတ်ဆက်ရမလား"

ဟု မေးတော့ သူမက ခေါင်းယမ်းလိုက်တယ်။

"နေပါစေဟာ . . . အထွေအထူးပြောစရာမှမရှိတာ၊ အနှောင့်အယှက်ပေးမနေပါနဲ့"

မွန်ကြည်ထွေးက ငါသိပါတယ်ဆိုသော အကြည့်မျိုးဖြင့် ကြည့်လာပြီးပြုံးတယ်။ သူဇာကတော့ "နင်ကိုယ်တိုင်က သွားနှုတ်မဆက်ရဲတာ မဟုတ်လား" လို့မေးလာတယ်။

"ငါက ဘာကို သွားနှုတ်မဆက်ရဲရမှာလဲ"

"သေချာသွားမှာစိုးလို့ပေါ့"

"ဘာကိုလဲ"

"ဪ . . . သူတို့နှစ်ယောက်ရည်းစားတွေဆိုတာကို သိလိုက်ရမှာ နင့်စိတ်ထဲမှာ စိုးရိမ်နေတယ်မဟုတ်လား၊ မှန်မှန်ဝန်ခံနော်၊ မညာနဲ့၊ နင့်မျက်လုံးထဲမှာ အဖြေတွေ တွေ့နေရတယ်"

"အောင်မယ်လေး . . . ဝေးပါသေးတယ်"

"သေချာလို့လား"

"မယုံရင် ရင်ခွဲပြရမလား၊ ဝါးပင်ပျိုတို့က နာမည်အတိုင်း ဝါးပင်ဖြစ်နေတာ၊ လေတိုက်တိုင်း မယိမ်းတတ်ပါဘူး နော်"

"စောင့်ကြည့်ရဦးမယ် . . . စောင့်ကြည့်ရဦးမယ်"

"ကြည့် . . . ကြည့်"

ပြောပြီး ဝါးပင်ပျိုက ကြေးအိုးစားခြင်းကို လက်





www.burmeseclassic.com

www.burmeseclassic.com



စသပ်လိုက်တယ်။ မုတ်သုန်တို့ကို လှမ်းကြည့်တော့ နှစ်ယောက်သား ကြိတ်ကြိတ်ကြိတ်ကြိတ်နဲ့ ဘာတွေပြောနေမှန်းမသိချေ။

အင်း ... မနက်ဖြန်ဆို ကျောင်းတောင်ပြန်ဖွင့်တော့မှာပါလား။

◆◆◆◆◆◆





# အခန်း



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

## အခန်း ... E

ကျောင်းတွေ ပြန်ဖွင့်တဲ့နေ့မှာတော့ ကျောင်းတော်ကြီးက နွေးနွေးထွေးထွေးနဲ့ ကျောင်းသားတွေကို ပြန်ကြိုပါတယ်။ သူမတို့သူငယ်ချင်းသုံးယောက်ကလည်း ဗရုတ်သုတ်ခတွေနဲ့အတူ ကျောင်းထဲမှာ ပွက်လောရိုက်နေဆဲပါပဲ။

နှစ်ချိန်ဆက်တိုက် class တက်ပြီးနောက်မှာတော့ သူမတို့က ကျောင်းကန်တင်းဆီကို ထုံးစံအတိုင်းချီတက်ခဲ့ကြပါတယ်။ မှာစရာရှိတာမှာပြီးနောက်မှာတော့ သူမတို့က မှတ်သုန်တို့ကို ချောက်ချခဲ့တာနဲ့ပတ်သက်ပြီး ပြန်ပြောရင်းရယ်နေခဲ့ကြတယ်။

"ဟဲ့ . . . အဲဒီနေ့က သူတို့တွေ ဘယ်လောက်တောင် ခွေးပြေးဝက်ပြေး ပြေးခဲ့ကြရမလဲ မသိဘူးနော်"

"အေးဟယ် . . . ငါတို့တွေ သွားချောင်းမကြည့်မိတာနာတာပဲ၊ သူတို့တွေဖြစ်ပျက်ခဲ့ပုံကို မြင်ချင်လိုက်တာ"

သူဇာနဲ့ မွန်ကြည်ထွေးက အာပေါင်အာရင်း



www.burmeseclassic.com

www.burmeseclassic.com



သန့်သန့်နဲ့ ပြောတာကို ဝါးပင်ပျိုက လိုက်ပါရယ်မောရင်းက နေ . . .

"အေး . . . သိပ်လည်းပျော်မနေကြနဲ့ဦး၊ သူတို့က လည်း ဂျိုကာတွေပဲ၊ ငါတို့ကိုလက်စားချေနေမှ ခက်မယ် သတိနဲ့နေကြ"

ဝါးပင်ပျို့ စကားအဆုံးမှာပင် ကန်တင်းဆီသို့ ချီတက်လာသော မုတ်သုန်တို့သုံးယောက်ကို သူဇာက မြင်သွားတယ်။

"ဟဲ့ . . . ဟဲ့ အသက်ရှည်ဦးမယ် ဟိုမှာလာနေကြပြီ ကြည့်လိုက်ဦး"

ဝါးပင်ပျိုနဲ့ မွန်ကြည်ထွေးက သူဇာမေးငေါ့ပြတဲ့ ဆီကို ကြည့်လိုက်ကြတယ်။ အဟုတ်ပင် . . . သုံးယောက်စလုံး ချီတက်လာကြတာပါ။ ဒါပေမယ့် တေဇလက်ထဲမှာကိုင်လာတဲ့ အရာဝတ္ထုတစ်ခုကို သူမတို့တွေ မြင်လိုက်တဲ့အခါမှာ တော့ . . .

"ဟဲ့ . . . တေဇလက်ထဲမှာကိုင်လာတာဘာကြီးတုန်း"

"ကြက် . . . ကြက်ကြီး"

"ကြက်မ . . . ကြက်မကြီးတစ်ကောင်ဟဲ့"

သူမတို့သုံးယောက် မရိုးမရွဖြစ်သွားကြတယ်။ ခေါင်း တွေထဲမှာလည်း အချက်ပေးခေါင်းလောင်းသံတွေ မြည်လာ တယ်။





"အခြေ . . . အခြေအနေမကောင်းဘူး၊ သွားရ အောင်"

"ဟုတ်တယ် . . . ဟုတ်တယ်၊ မြန်မြန်လုပ်"

သုံးယောက်သား ကျသင့်ငွေကို ပန်းကန်တစ်ချပ် အောက်မှာဖိလိုက်ပြီး ထပြေးဖို့ ပြင်ကြတယ်။ ဒါပေမယ့် မုတ် သုန်တို့က သူမတို့ထက် ပိုလျင်တယ်။ သူမတို့အနားကို တဝုန်း ဝုန်းနဲ့ ပြေးလာကြပြီး . . .

"ဟိုး . . . ဟိုး"

"ဒါကဘယ်ကို သွားမလို့တုန်း"

လို့ ဆိုကာ သူမတို့ကို တားထားကြတယ်။ ဝါးပင်ပျိုက လက်ကနာရီကို တစ်ချက်ကြည့်လိုက်ရင်း ရုပ်တည်ကြီးနဲ့ . . .

"ငါ . . . ငါတို့အတန်းရှိသေးလို့ဟ၊ သွားတော့မယ် နော်"

ဆိုပြီး ထွက်သွားဖို့ပြင်တယ်။ ဒါကို မုတ်သုန်က ခါမျိုးတွေရိုးနေပြီဆိုတဲ့ ပုံစံမျိုးနဲ့ ပြုံးလိုက်ရင်း . . .

"မလိမ်နဲ့ မလိမ်နဲ့၊ ငါတို့ နင်တို့အတန်းဘက် ရောက် လာပြီးပြီ၊ ဒီအချိန်က နင်တို့ မြန်မာစာချိန်၊ ဒါပေမယ့် မြန်မာစာသင်တဲ့ဆရာမက မီးဖွားနေလို့ ခွင့်ယူထားတယ်၊ အစားဝင်ပေးမယ့် ဆရာကလည်း အခြား အတန်းနဲ့ အချိန် ချင်း တိုက်နေလို့ မဝင်ဖြစ်ဘူး၊ ဒီတော့ နင်တို့ အားနေ ကြတယ်ဆိုတာ သိထားပြီးသား၊ ပြန်ထိုင် ပြန်ထိုင်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောတယ်။ ညီညီကလည်း . . .

"ဟုတ်တယ်၊ နင်တို့ ငါတို့ကိုမကျွေးချင်တိုင်း ဒီလိုလစ် ပြေးလို့ရမယ်မှား ထင်နေလား၊ မရဘူး ပြန်ထိုင်ကြ"

မတတ်သာတဲ့အဆုံး သူမတို့သုံးယောက်လုံး မူလ နေရာမှာ အင်တင်တင်နဲ့ ပြန်ထိုင်လိုက်ကြတယ်။ ဒါပေမယ့် တေဇလက်ထဲက ကြက်မကြီးကို ကြည့်ရင်း မျက်ခုံးတွေ လှုပ်နေကြတယ်။

ညီညီက သူ့မေးစေ့မှာ ပေါက်နေတဲ့ တစ်ချောင်း တည်းသော မုတ်ဆိတ်မွေးကို အသာအယာပွတ်သပ်လိုက်ရင်းကနေ . . .

"နင်တို့ ငါတို့ကို ဘာကျွေးမှာလဲပြော"

"ငါတို့က ဘာလို့ နင်တို့ကို ဝယ်ကျွေးရမှာလဲ ပြောစမ်းပါဦး၊ စားချင်ရင် နင်တို့ပိုက်ဆံနဲ့နင်တို့ ဝယ်စား ကြပေါ့"

သူ့ဇာ့စကားကို မွန်ကြည်ထွေးကလည်း "အင်း လေ" လို့ ထောက်ခံတယ်။ ပုံစံတွေက ဘာမှမသိတဲ့အထာမျိုးတွေနဲ့။ ဒီတော့ တေဇက သူ့လက်ထဲမှာကိုင်ထားတဲ့ ကြက်မကြီးရဲ့ ခေါင်းကို အသာအယာပွတ်သပ်ပေးလိုက်ရင်း . . .

"ဒီမှာလေဟာ . . . ဒီမှာ"

လို့ ပြတယ်။ ဝါးပင်ပျိုက အတိတ်မေ့သလိုလို ရှေ့ပျောက်သလိုလိုပုံစံနဲ့ မျက်မှောင်တွန့်ပြလိုက်ရင်း . . .





"အဲဒါ ကြက်မကြီးလေ၊ အဲဒီကြက်မကြီးနဲ့ နင်တို့ကို တစ်ခုခု ဝယ်ကျွေးရမှာနဲ့ ဘာဆိုင်လို့တုန်း ပြောစမ်းပါဦး"

"ဒါ . . . နင်တို့ဝယ်ခိုင်းတဲ့ ကြက်မလေ"

"ဘယ်တုန်းက ဝယ်ခိုင်းလို့တုန်း၊ ကြံကြံဖန်ဖန်ဟယ်"

ဝါးပင်ပျိုက ခပ်တည်တည်နဲ့ မသိချင်ယောင် ဆောင်လိုက်တယ်။ သူ့ဇာနဲ့ မွန်ကြည်ထွေးကလည်း နှစ် ယောက် စလုံး မင်သေသေနဲ့ နားမလည်ချင်ယောင် ဆောင် နေကြတယ်။ တကယ်တမ်းကျတော့ စားပွဲခုံအောက်မှာ တစ်ယောက်လက် တစ်ယောက် ကုတ်နေကြပြီ။

"ဟာ . . . နင်တို့ဒီလိုတော့ မလုပ်နဲ့လေဟာ၊ နင်တို့ပဲဝယ်ခိုင်းပြီးတော့၊ငါတို့မှာတော့မတွေ့တွေ့အောင်သွား ရှာပြီး ဝယ်လာရတာ"

မုတ်သုန့်စကားကိုကြားတော့ ဝါးပင်ပျို့မျက်နှာက တစ်ချက်မဲ့သွားတယ်။ သူမတို့ကို ပြန်ကြပ်နေပြီဆိုတာ သိနေလို့ ရှောင်ထွက်နေမိတာဖြစ်သော်လည်း ရှောင်ထွက်လို့ ရဖြစ်နေ တယ်။ နောက်တော့ သူမက နောက်တစ်နည်းသုံးပြီး ရှောင်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် သူမက မျက်နှာကို အအုံ့တသြ ပုံစံဖမ်းပစ်လိုက်ကာ . . .

"ဩော် . . . ဟုတ်သားပဲ၊ အဲဒီကိစ္စကို ငါတို့ကမေ့နေ တာ၊ အဟင်း . . . ဟင်း . . . ဟင်း . . . ဟုတ်တယ်၊ ဟုတ်တယ်၊ ငါတို့ဝယ်ခိုင်းလိုက်တာ မှတ်မိပြီ"



www.burmeseclassic.com

www.burmeseclassic.com



ညီညီက ဝါးပင်ပျို့စကားကို အခုမှ ဘဝင်ကျ သွားပုံနဲ့ မျက်စိတွေကို မှိတ်တုတ်မှိတ်တုတ်လုပ်နေရင်းကနေ. . .

"ဒီလိုလုပ်စမ်းပါ၊ ငါတို့က ကြိုးစားပမ်းစားနဲ့ မရ၊ရ အောင် ရှာဝယ်လာရတာကို"

လို့ ဆိုတော့ တေဇာကလည်း လက်ထဲကကြက် မကြီးကို ဝါးပင်ပျို့လက်ထဲ ထိုးထည့်ပေးရင်း "ရော့ . . . ရော့၊ ဒီမှာ နင်တို့လိုချင်တဲ့ ကြက်မ" လို့ ပြောတယ်။ ဒါပေမယ့် ဝါးပင်ပျို့က လျှင်တယ်။ လက်နှစ်ဖက်ကို ဖျတ်ခနဲပိုက်ပစ်လိုက် ရင်း . . .

"ဒါ . . . ဒါပေမယ့် နင်တို့ဝယ်လာတဲ့ကြက်က မှားနေတယ်ဟ"

"ဘာ ! "

"ဟုတ်တယ်၊ နင်တို့ ကြက်မှားပြီးဝယ်လာကြတာ ငါမှာတဲ့ ကြက်မှာက ခြေချောင်းငါးချောင်းပါတယ်၊ နင်တို့ ကြက်က ခြေအတက်ရောပေါင်းမှ လေးချောင်းထဲရှိတယ်"

"နင် မဖြစ်နိုင်တာကို မပြောနဲ့၊ ဘယ်ကြက်က ခြေငါး ချောင်းပါတာကို မြင်ဖူးလဲ"

"ငါပြောတဲ့ ကြက်မှာပါတယ်ဟဲ့ . . . "

ဝါးပင်ပျို့က ဇွတ်ခိုင်းတော့ မုတ်သုန်တို့သုံး ယောက် အကြံအိုက်သွားတယ်။ ဒါပေမယ့် တကယ်တမ်းက အကြံအိုက်ချင်ယောင်ဆောင်လိုက်တာ။ သူမ ဒီလိုငြင်းလိမ့်





မယ်ဆိုတာ မုတ်သုန်တို့က ကြိုတွေးလာပြီးသား။

"ကိုင်း . . . ဒါဆိုလည်းနေပါစေတော့၊ ဒီကြက်က နင်တို့လိုချင်တဲ့ ကြက်မဟုတ်ဘူးဆိုရင် အခြားတစ်နေ ရာပြန်ရောင်းလိုက်တော့မယ်၊ အခုတော့ ဗိုက်ဆာတယ်၊ တစ်ခုခုစားဦးမှ"

မုတ်သုန့်စကားဆုံးတော့ ညီညီနဲ့တေဇာ လှုပ် လှုပ်ရှားရှားဖြစ်သွားဟန်နဲ့ . . .

"ဟော့ကောင် . . . မစားနဲ့တော့လေ၊ ငါတို့အတန်းချိန် ရှိသေးတယ်"

"မင်းတို့ပဲ သွားလိုက်တော့ကွာ၊ ငါမတက်တော့ဘူး၊ ဒီမှာ ဗိုက်က အရမ်းဆာနေပြီ၊ ပြီးမှ မင်းတို့ဆီက ပြန်ကူး မယ်"

"အေး . . . အေး . . . ဒါဆို ငါတို့သွားပြီ၊ ဒီကြက်ကို ယူထားဦး"

ညီညီနဲ့ တေဇာ သုတ်သုတ်သုတ်သုတ်နဲ့ ထွက် သွားတယ်။ မုတ်သုန်က စားပွဲထိုးလေးကို ခေါ်တ်ဆွဲကြော်တစ် ပွဲနဲ့ အအေးတစ်လုံးမှာလိုက်တယ်။ စားပွဲထိုးလေးက မုတ်သုန်နဲ့ ကြက်မကြီးကို အထူးအဆန်းလိုကြည့်နေတော့ မုတ်သုန်က စားပွဲထိုးလေးကို အရည်ရွှန်းတဲ့ မျက်လုံးတွေနဲ့ ပြန်ကြည့်ပေးလိုက်တယ်။

မုတ်သုန် အကြည့်ကြောင့် စားပွဲထိုးလေး ခမျာ



www.burmeseclassic.com

www.burmeseclassic.com



တွန့်ခနဲဖြစ်သွားပြီး လက်တကာကာနဲ့ . . .

"ဟို . . . ဟို . . . ကျွန်တော်မအားဘူးနော် အစ်ကို၊ ကျွန်တော် ညဘက်ဆိုက်ကားနင်းတဲ့အလုပ်ရှိတယ်"

ဆိုပြီး အနားကပြန်ထွက်သွားတယ်။ နောက်ငါး မိနစ်ကျော်ကျော်လောက်ရောက်တော့မှ သူမှာထားတဲ့ ခေါက်ဆွဲကြော်နဲ့ အအေးပုလင်းကို လာချပေးတယ်။

မုတ်သုန်က ကြက်မကြီးကို ဝါးပင်ပျို့ဘက် ခပ်တည်တည်ထိုးပေးလိုက်ရင်း . . .

"ရော့ . . . ခဏကိုင်ထားဦး"

"ဟင် . . . ဘာကိစ္စကိုင်ရမှာလဲ"

"ဟာ . . . ငါက ခေါက်ဆွဲကြော်ကို တူနဲ့စားရမှာလေ ဒီကြက်ကြီးနဲ့ ဘယ်လိုလုပ်စားရမှာလဲ"

"တစ်ဖက်ကကိုင်ထားပြီး တစ်ဖက်က စားပေါ့၊ ငါက တော့ ကြက်ကြီးမကိုင်ပေးနိုင်ပါဘူး"

"ဟာ . . . နင်ကလည်း ခဏတော့ကိုင်ပေးသင့်တာ ပေါ့၊ ဒီကြက်ပြဿနာကလည်း နင်စတဲ့ပြဿနာပဲဟာ၊ ကဲ . . . ရော့ပါဟာ၊ ငါ ဒီမှာ ဗိုက်အရမ်းဆာနေပြီ၊ စားပြီးရင် ငါပြန်ယူပါ့မယ်"

မုတ်သုန်က ပြောပြောဆိုဆို ကြက်မကြီးကို ဝါး ပင်ပျို့လက်ထဲ ထိုးထည့်ပေးလိုက်တော့ ဝါးပင်ပျို့ကလည်း ယောင်ယောင်နနနဲ့ ယူထားလိုက်ရတယ်။





"ဟဲ့ . . . မြန်မြန်စားနော်"

"အင်းပါ . . ."

မုတ်သုန်က တစ်ဖက်ကိုလှည့်ကာ အသာကျိတ် ပြုံးလိုက်ရင်း ခေါက်ဆွဲကြော်ကို စ,စားတယ်။ ဒါပေမယ့် ဝါး ပင်ပျို့မှာက အကြီးအကျယ် ပြဿနာတက်တော့တာပဲ။ မုတ် သုန့်လက်ထဲမှာ ကိုင်ထားတုန်းကတော့ ဘာသံမှမထွက်ဘဲ ငြိမ်နေတဲ့ ကြက်မကြီးက ဝါးပင်ပျို့လက်ထဲရောက်မှ တောင်ပံ ကို တဖျတ်ဖျတ်ခါပြီးတော့ အော်တော့တာ။ ကန်တင်းမှာရှိတဲ့ ကျောင်းသူကျောင်းသားတွေကလည်း ကွက်ကြည့်ကွက်ကြည့်။

"ဟဲ့ . . . မြန်မြန်စားလေ"

"စားနေတာပဲဟာ၊ ဒီထက် မြန်မြန်စားရရင်တော့ နင် ပြီး သေဖို့ပဲရှိတော့တယ်"

"နင်လည်း မတတ်နိုင်ဘူး၊ မြန်မြန်စား၊ ဒီမှာနင့်မိန်းမ က အငြိမ်မနေဘူး"

ဒီလိုနဲ့ နှစ်ယောက်သား ငြင်းရင်းခုန်ရင်းကနေ မုတ်သုန်က ခေါက်ဆွဲကြော်စားလို့ ပြီးသွားတယ်။ ဝါးပင်ပျို့က ပွစိပွစိပြောရင်းကနေ ကြက်မကြီးကို မုတ်သုန်ဆီ ပြန်ကမ်းပေး ရင်း . . .

"ရော့ . . . နင့်မိန်းမကို ပြန်ယူတော့"

ဒီအချိန်မှာပဲ စားပွဲထိုးလေးက အနားရောက် လာရင်းမှ "အစ်ကို . . . ဆိုင်ရှင်က ခဏလောက်တွေ့ချင်လို့၊



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ပါဦးတဲ့ခင်ဗျ" လို့ ဆိုတယ်။ မုတ်သုန်ကလည်း အအေး ပုလင်းထဲက အအေးလက်ကျန်ကို ကမန်းကတန်းမော့သောက် ပစ်လိုက်ကာ လိုက်သွားဖို့ပြင်တယ်။

"ဟဲ့ . . . ဟဲ့ . . . နင့်ကြက်ကြီးယူသွားဦးလေ"

"ဟာ . . . နင်ကလည်း ခဏနေရင်ပြန်လာမှာပဲဟာ ကိုင်ထားလက်စနဲ့ ကိုင်ထားပါဦး"

မုတ်သုန်က စားပွဲထိုးလေးနောက် ပါသွားတယ်။ ဝါးပင်ပျို့မှာတော့ ကြက်မကြီးကို ကိုင်ထားရင်း ကျန်ခဲ့တယ်။ ကဲန်တင်းထဲက လူတွေက သူမကိုကြည့်ရင်း ပြုံးစိပြုံးစိနဲ့။ ကျောင်းသားတချို့ကဆိုရင် သူမကိုကြည့်ရင်း . . .

"ဘယ်ဈေးလဲ. . . ."

လို့ မကြားတကြား မေးကြတယ်။ မုတ်သုန်က လည်း တော်တော်ကြာတဲ့အထိပြန်မလာဘူး။ စောင့်ရင်းစောင့်ရင်းနဲ့ ဆယ့်ငါးမိနစ်လောက်အကြာမှာတော့ စားပွဲထိုးလေးကို ခေါ် မေးရတော့တယ်။

"အစ်ကိုက နောက်အပေါက်ကနေ ပြန်သွားပြီခင်ဗျ"

"ဟင် . . . နင်ပြောတော့နင်တို့ဆိုင်ရှင်ကတွေ့ချင်လို့ ဆို"

"မဟုတ်ဘူးခင်ဗျ၊ အစ်ကိုသူငယ်ချင်းတစ်ယောက်က ဆိုင်ဖုန်းကိုဆက်ပြီးတော့ စောစောက အစ်ကိုကို ဆိုင်ရှင်က တွေ့ချင်တယ်လို့ပြောပြီး ခေါ်လိုက်ဆိုလို့ ကျွန်တော်က





ခေါ်ပေးလိုက်တာခင်ဗျ၊ ဟိုအစ်ကိုက ဆိုင်ထဲဝင်ပြီးတော့ နောက်အပေါက်ကနေ ပြန်သွားတာကြာလှပေါ့"

ဝါးပင်ပျို့မျက်နှာ မဲ့ရှုံ့သွားတယ်။ သူမခံလိုက်ရ ချေပြီ။ သူမက လက်ထဲမှာကိုင်ထားရတဲ့ ကြက်မကြီးကို ကြည့် ပြီး "အား"ကနဲနေအောင် အော်ပစ်လိုက်ချင်စိတ်ကို မနည်း ထိန်းထားလိုက်ရတယ်။ နောက်တော့ ကြက်မကြီးကို စားပွဲထိုး လေးလက်ထဲ ထိုးထည့်ပေးခဲ့လိုက်ပြီး . . .

"စားထားတာတွေနဲ့ ဒီကြက်နဲ့ အကြေလို့မှတ်လိုက်"

ဆိုကာ ကဲန်တင်းကနေ ပြန်လာခဲ့ကြတယ်။ ဒါပေမယ့် ဝါးပင်ပျို့နောက်ကျောမှာ စက္ကူတစ်ရွက်ကပ်နေ တာကို သုံးယောက်စလုံးမသိခဲ့ကြဘူး။

စာတန်းက . . .

"ကြက်ရောင်းသည်"

တဲ့။

ကဲန်တင်းကလူတွေအကုန်လုံး ပြုံးစိပြုံးစိနဲ့ ကျန် ခဲ့ကြတယ်။ သူမတို့သုံးယောက်ကတော့ ခပ်တည်တည်ပါပဲ။ ဒီလိုနဲ့ ကော်ရစ်တာထောင့်ချိုးတစ်ခု အရောက်မှာတော့ သူမ တို့သုံးယောက်နဲ့ ဒေါ်ဇင်မေသန်းနဲ့ ကပ်ရှောင်လိုက်ကြပါ တယ်။ ပါမောက္ခချုပ်ဒေါ်ဇင်မေသန်းရဲ့ အကြည့်က အမှတ်တ မဲ့နဲ့ ဝါးပင်ပျို့ရဲ့ နောက်ကျောဆီရောက်သွားတယ်။ ဒီမှာတင်ပဲ ဒေါ်ဇင်မေသန်းရဲ့ အော်သံကြီးက စီခနဲထွက်ပေါ်လာတော့



www.burmeseclassic.com

www.burmeseclassic.com



လေတယ်။

"အမယ်လေးတော် . . . စီးပွားရေးသောင်းကျန်းနေချက်များ ကျောင်းထဲမှာတောင် ပရိုမိုးရှင်းနဲ့ ကြက်ရောင်းနေရတယ်လို့"

◆◆◆◆◆◆





**နောက်**တစ်နေ့မှာတော့ ပါမောက္ခချုပ်ဒေါ်ဇင်မေသန်းတစ်ယောက် ကျောင်းထဲက စည်းကမ်းထုတ်ပြန်ရေး Blackboard မှာ စည်းကမ်းစာရွက်တစ်ခုကို ကျောင်းသူကျောင်းသားတွေ ဝိုင်းအုံကြည့်နေတဲ့ကြားက ကပ်လိုက်ပါတယ်။

"ကျောင်းဝန်းအတွင်း ကြက်မရောင်းရ"

ပါမောက္ခချုပ် ဒေါ်ဇင်မေသန်းက သူ့စည်းကမ်းစာရွက်ကို သူ တစ်ခေါက်ပြန်ဖတ်ကြည့်ကာ ပြုံးလိုက်ပါတယ်။ နောက်တော့ စည်းကမ်းစာရွက်မှာ ဘာတွေများရေးထားလဲလို့ အတင်းဝိုင်းအုံကာကြည့်လာတဲ့ လူတွေကြားကနေ ပြန်တိုးထွက်လာခဲ့ပါတယ်။ ဒါပေမယ့် ဘယ်သူ့လက်ချက်လဲတော့ မသိချေ။ ဒေါ်ဇင်မေသန်းရဲ့ နောက်ကျောမှာ စာရွက်တစ်ရွက်ပြန်ကပ်ပါသွားတယ်။ စာရွက်မှာရေးထားတာက . . .

"ငါ့အိမ်မှာ လာဝယ်ပါ"

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



# အခန်း

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... F

ဝါး ပင်ပျိုက မှန်ရှေ့ရပ်နေရင်းကနေ အဝတ်အစားတွေ သူမခန္ဓာကိုယ်မှာ ကပ်ကြည့်ရင်း ကျောင်းသွားဖို့ အဝတ်အစားရွေးနေတယ်။ ဆယ့်ငါးမိနစ်လောက်ကြာအောင် ရွေးချယ်အပြီးမှာတော့ အဝတ်အစားတစ်စုံကို စိတ်ကြိုက်တွေ့သွားတယ်။ သူမက စိတ်ကျေနပ်သွားသလို တစ်ချက်မြုံးထူးသွားရကာ အဝတ်အစားတွေကို ခုတင်ပေါ်ပစ်တင်လိုက်ပြီးနောက် "ကဗျာဘွဲ့မှူး" ရဲ့ "ရည်းစားနှစ်ယောက်ရှိတယ်" သီချင်းကိုဆိုရင်း ရေချိုးခန်းထဲဝင်လာခဲ့လိုက်တယ်။

ရေချိုးပြီးပြန်ထွက်အလာမှာတော့ သူမမျက်လုံးတွေ ပြူးကျယ်သွားရတော့တယ်။ ဗုဒ္ဓေါ ! ခုတင်ပေါ်မှာ အဝတ်အစားတွေ မရှိတော့ဘူး။

သူမ ပျာယာခတ်သွားတယ်။ နေရာများအထား



F တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မှားသလား။ မဖြစ်နိုင်။ သူမ ခုတင်ပေါ်မှာ သေချာတင်ထားခဲ့တာပါ။ ဒါ . . . ဒါဆို။

သူမ ခြေလှမ်းတွေက သူမအဘွားရှိရာသို့ တဝုန်းဝုန်းပြေးထွက်သွားတယ်။

"အဘွားရေ . . . အဘွား"

ပါးစပ်က တကြော်ကြော် အော်ခေါ်ရင်း အဘွားရဲ့အခန်းတံခါးကို ဆွဲဖွင့်လိုက်စဉ်မှာတော့ . . .

"ဒီအရွယ်တင့်တင့်တို့အရွယ် ××× ကျွန်မ ကျွန်မတို့အရွယ် ××× တစ်ဆယ်ကျော်ငါးနှစ်ပတ်လည် ××× အမြီးနန့်တဲ့အရွယ် ××× အပျိုလေးဆိုလား ××× အပျိုဖျန်းဆိုလား ဆန်းဆန်းပြားပြား ခေါ်ကြပြန်တယ် ×××"

အဘွားက သူမကျောင်းသွားလျှင် ဝတ်ဖို့ရွေးထားသော အဝတ်အစားများကို အကျအနဝတ်ဆင်ကာ နှုတ်ခမ်းနီများကို ရဲရဲတွတ်အောင်ဆိုးပြီး မှန်တင်ခုံရှေ့တွင် ဟန်ရေးပြနေတာများ သီချင်းလေးတောင် ဆိုနေသေး။

သူမမှာတော့ စိတ်ဓာတ်တွေ အကြီးအကျယ်ကျသွားရတယ်။ အဘွားက သူမကိုလည်းမြင်ရော အပြေးလာကာ. . .

"ဟယ် . . . မမ . . . ဒီမှာ ညီမလေး ပြင်ထားတာ မလှဘူးလား၊ ကြည့်ပါဦး"

"ဟာ . . . အဘွားကလည်း ဒီမှာသမီးက ကျောင်း





သွားရင်းဝတ်မလို့ပါလို့ဆို၊ အဘွားနဲ့တော့ စိတ်ညစ်ပါတယ်"

"ဘာ . . . အဘွားလဲ . . . ဘာအဘွားလဲ၊ ငါ့ကို အဘွားလို့ မခေါ်နဲ့လို့ ဘယ်နှစ်ခါပြောရမလဲ၊ ငါ့အသက်က နင့်ထက်တောင်ငယ်သေးတာကို"

သူငယ်ပြန်နေတဲ့ အဘွားကိုကြည့်ရင်း စိတ်တွေရှုပ်လာကာ အော်ငိုချင်စိတ်ပေါက်လာတယ်။

"အမေရေ. . . အမေ၊ ဒီမှာ အဘွားကိုလာကြည့်ပါဦး၊ အမေရေ . . . လာပါဦး"

သူမရဲ့ စူးစူးရှရှအော်သံနဲ့ မရှေးမနှောင်းမှာပဲ သူမအမေက သူမတို့ဆီသို့ တဝုန်းဝုန်းမြည်အောင် ပြေးလာတယ်။ အခန်းထဲကို ဝင်ဝင်လာချင်း ပါးစပ်ကနေ . . .

"ဘာတွေအော်နေတာလဲအေ . . . အလန့်"

အမေ့စကားသံက မဆုံးလိုက်။ အဘွားကို အမြင်မှာတော့ စကားသံက တစ်ဝက်တစ်ပျက်နဲ့ ရပ်သွားတော့တယ်။

"ဟဲ့ ဘယ်လိုတွေဖြစ်ကုန်တာတုန်း"

"အမေမြင်တဲ့ အတိုင်းပဲလေ"

သူမက ရယ်လည်းရယ်ချင် စိတ်လည်းညစ်နဲ့ ဘာလုပ်ရမှန်းမသိစွာ အဘွားရဲ့ ခုတင့်စွန်းမှာ ဝင်ထိုင်လိုက်တော့တယ်။ အဘွားက သူမအဝတ်အစားတွေကို ယူယူဝတ်နေတာ ခဏခဏပင်။ တစ်ခါလည်းမဟုတ် နှစ်ခါလည်းမဟုတ်တော့ပါ။ သူမဘယ်လောက်သတိထားထား လစ်တာနဲ့ ယူဝတ်



www.burmeseclassic.com

www.burmeseclassic.com



တော့တာ။

"အမေကလည်း ကိုယ့်မြေးအဝတ်တွေကို ဘာ
ယူဝတ်နေတာလဲ၊ အမေ့မှာလည်း အင်္ကျီတွေအများကြီးရှိတာ
ကို"

"ဟင့်အင်း . . . ဟင့်အင်း . . . ငါ့အဝတ်တွေ
လှမှ မလှတာ၊ သူ့အဝတ်တွေက လှတာကိုး"

ပြောရင်လည်း ရမှာမဟုတ်မှန်းသိနေတဲ့ သူမ
နာရီကိုတစ်ချက်ကြည့်ရင်း ကျောင်းနောက်ကျမှာစိုးတာ
ကိုယ့်အခန်း ကိုယ်ပြန်လာခဲ့လိုက်တယ်။ နောက်ထပ်ဝတ်စုံတ
စုံ ထပ်ရှာဝတ်ပြီး ပြန်ထွက်လာခဲ့တယ်။ အဲ . . . သူမအိ
အပြင်ရောက်လို့ ကားပေါ်တက်ဖို့ ပြင်ကာနီးမှာတော့ . . .

"ဟာ . . . အဘွားက ဘာလုပ်ပြန်ပြီလဲကွာ"

သူမအဘွားက နေကာမျက်မှန်မည်းကြီးတပ်ပြီး ကာ
ပေါ်မှာအဆင်သင့်ထိုင်နေပြီ။

"ငါလည်းကျောင်းလိုက်မလို့လေ"

"ဘာလိုက်လုပ်မှာလဲ"

"ငါလည်း စာသင်မှာပေါ့"

သူမက သက်ပြင်းကို ဟင်းခနဲချကာ စိတ်ကို
ဆန့်လိုက်တယ်။

"အဘွားက လိုက်လို့မရဘူးလေ၊ အသက်မှမပြည့်သေး
တာ"





"ဟင့်အင်း . . . ဟင့်အင်း . . . မရဘူး၊ လိုက်မှာပဲ
လိုက်မှာပဲ"

မတတ်နိုင်တော့ချေ။ သူမက နောက်ဆုံး ကျည်ဆန်ကို
အသုံးလိုက်တော့တယ်။

"ဟယ် . . . အဘွား၊ အဘွားရဲ့နဖူးမှာ ပွေးကွက်ကြီး
ပေါက်နေတယ်"

"ဟင် . . . ဟုတ်လား"

"အင်း "

"ခဏနေဦးနော်၊ အခန်းထဲကမှန်မှာ ငါသွားကြည့်
လိုက်ဦးမယ်၊ ခဏလေးပဲနော်၊ ခဏလေး"

အဘွားက အိမ်ထဲပြန်ဝင်ပြေးသွားတယ်။ ဒီတော့မှ
သူမက သက်ပြင်းမောကို မှုတ်ထုတ်ပစ်လိုက်ကာ ကားကို
မောင်းထွက်လာခဲ့လိုက်တော့တယ်။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com





ကျောင်း အတန်းလွှတ်ပြီဆိုတာနဲ့ ကျောင်းသူ ကျောင်းသားအများစုရဲ့ စုရပ်ဟာ ကျောင်းကန်တင်းပါပဲ။ မုတ်သုန်တို့ကလည်း အတန်းအားတာနဲ့ ဒီကန်တင်းမှာ အချိန်ဖြုန်းတတ်ကြတာပါ။ အခုလည်း မုတ်သုန်တို့နဲ့ ဝါးပင်ပျို တို့ဟာ ကန်တင်းမှာရောက်နေကြပြန်ပါတယ်။

စားစရာရှိတာစားပြီးလို့ ပိုက်ဆံရှင်းမယ့်အချိန် အရောက်မှာတော့ ပြဿနာကစတော့တာပါပဲ။ ဒီပြဿနာကို စတင်အစဆွဲထုတ်သူက ဝါးပင်ပျို။

"ဟိုတစ်နေ့က မုတ်သုန်စားသွားတဲ့ ခေါက်ဆွဲကြော်နဲ့ အအေးပုလင်းဖိုးကို ငါတို့တွေရှင်းခဲ့ရတာဆိုတော့ ဒီနေ့ အခု ငါတို့စားထားသမျှကို နင်တို့ရှင်း"

"ဘာဆိုင်လို့လဲ"

"တစ်ယောက်တစ်လှည့်လေ"

"နိုးပါ . . . နိုးပါ၊ ဝါသနာမပါဘူး၊ သူငယ်တန်းကနေ ...တက္ကသိုလ်ရောက်တဲ့အထိ ကျောင်းမှာ သူများစားထား ...တာကို ပိုက်ဆံရှင်းရမယ်လို့ သင်မပေးသေးဘူး"

မုတ်သုန့်စကားကိုကြားတော့ ဝါးပင်ပျိုတို့သုံး ...ယောက်က မကျေမနပ်ဖြစ်သွားကြတယ်။ ဒါပေမယ့် လက် ...လျှော့ဖို့တော့ စိတ်ကူးမရှိဘူး။

"နင်တို့ဒီလိုတော့ မကပ်နဲ့ဟာ၊ ဒီတစ်ခါနင်တို့ရှင်း ...လိုက်၊ နောက်တစ်ခါကျရင် ငါတို့ရှင်းမယ်"

"တောမှာသွားပြော . . . နော်၊ တောသားကြီး ...ဆိုရင်တော့ နင်တို့စကားကို ယုံလိမ့်မယ်"

မုတ်သုန့်စကားကို ညီညီနဲ့ တေဇကလည်း "ဟုတ် ...တယ် ဟုတ်တယ်" လို့ ထောက်ခံကြတယ်။ နှစ်ဖက်စလုံး ...အတွက် ဒီလောက်ပိုက်ဆံလေးကို ရှင်းလိုက်ဖို့က ဘာမှအပမ်း ...ကြီးပေမယ့် တစ်ဖက်နဲ့တစ်ဖက်က အသာစီးရယူချင်ကြ ...တာ။ ဒီလိုနဲ့ အခြေအနေက တဖြည်းဖြည်းတင်းမာလာရာ ...ကနေ သူတို့နှစ်ဖွဲ့ကြားမှာ ပြိုင်ပွဲတစ်ခုပေါ်ပေါက်လာတော့ ...တယ်။

"ဒါဆို . . . ဒီလိုလုပ်၊ နင်တို့မိန်းကလေးသုံးယောက်နဲ့ ...ယောက်ျားလေးတွေဖြစ်တဲ့ ငါတို့နဲ့ ပြိုင်ပွဲတစ်ခုလုပ်ရအောင်၊ ...ရှုံးတဲ့အဖွဲ့က ဒီဝိုင်းကို ရှင်းကြေး၊ ဘယ်လိုလဲ"

မုတ်သုန်ရဲ့ စိန်ခေါ်စကားကို ဝါးပင်ပျိုကလည်း ...ချက်ချင်းပဲ လက်ခံတယ်။ သူမကလည်း ခေသူမှမဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ . . . ပြိုင်မယ်၊ ဘာပြိုင်မှာလဲပြော"

ဝါးပင်ပို့စကားကို မုတ်သုန်က တစ်ချက်သဘောကျသွားသလို ပြုံးလိုက်ရင်းဖြေတယ်။

"ဟာသပြောပြိုင်ပွဲ"

"ဟာသပြောပြိုင်ပွဲ ! "

မုတ်သုန်ရဲ့ စကားကို သူဇာနဲ့ မွန်ကြည်ထွေးကသံပြိုင်လိုက်ပြီး ရေရွတ်တယ်။

"ဟုတ်တယ်၊ ဟာသပြောပြိုင်ပွဲ"

ဝါးပင်ပို့က လက်နှစ်ဖက်ကို ပိုက်ပစ်လိုက်ကာကုလားထိုင်နောက်မှီကို ခပ်လျော့လျော့ မှီထားလိုက်ရင်း . . .

"ပြောပါဦး၊ ဘယ်လို ပြိုင်ရမှာလဲ"

"အခု ငါတို့က တစ်ဖက်ကသုံးယောက်ဆိုတော့ ညီပါတယ်၊ တစ်ယောက်ကို ဟာသတစ်ခုစီပြောကြေး၊ မပြောနိုင်တဲ့ဘက်က အရှုံး"

"ကောင်းပြီလေ၊ ပြိုင်ကြတာပေါ့၊ ကဲ . . . ဘယ်သူစပြောမလဲ"

ညီညီက လက်ထောင်တယ်။ ပြီးတော့ မင်းသားစတိုင်လ်နဲ့ ကော်လာကိုဆွဲမလိုက်ကာ . . .

"ငါ အရင်ပြောမယ်"

လို့ ဆိုတော့ အားလုံးရဲ့ အာရုံက ညီညီ့ဆီရောက်သွားတယ်။ ညီညီက ဟာသကို စပြောတယ်။





"ဒီလိုဟာ . . . နယ်မြို့တစ်မြို့မှာပေါ့"

## "ညီညီပြောတဲ့ ဟာသ"

နယ်မြို့တစ်မြို့မှာပေါ့။ ကုန်တင်ကားတစ်စီးကိုဆောင်ထားတဲ့ ဦးဘလှဆိုတဲ့ လူကြီးတစ်ယောက်ရှိတယ်။ သူက ကားပိုင်ရှင်လည်းဟုတ်တယ်။ ကားမောင်းတော့လည်း ကိုယ်တိုင်ပဲမောင်းတယ်။ သူ့ကားရဲ့ စပယ်ယာက မောင်စပ်စုပါ။

တစ်နေ့တော့ သူတို့က အခြားမြို့တစ်မြို့ကို ကုန်သွားပို့ဖို့ ကားပေါ်မှာ ပစ္စည်းတွေကိုတင်ထားတယ်။ ဒါပေမယ့် မိုးတွေအုံ့မည်းလာတဲ့ အခါကျတော့ ပစ္စည်းတွေမိုးစိုမှာစိုးတာနဲ့ ကားအမိုးသံကိုင်းတွေပေါ်ကနေ မိုးကာစအကြီးကြီးနဲ့ အုပ်တယ်။ အုပ်ရတာက မောင်စပ်စုတစ်ယောက်တည်းပါ။

မောင်စပ်စုလည်း ကားပေါ်မှာ မိုးကာအုပ်ပြီး တော့ မောသွားတာနဲ့ ကားအမိုးကိုင်းပေါ်မှာပဲ ထိုင်ပြီးတော့ အမောဖြေနေခဲ့တယ်။ ဒါပေမယ့် လေတိုက်နေတော့ သူ့ရဲ့ ခေါင်းအောက်အနားစက လွှတ်နေတာပေါ့။

အဲဒီအချိန်မှာ ခရီးသွားမယ့် အမျိုးသမီးတစ်ယောက်နဲ့ ဦးဘလှတို့ရောက်လာတယ်။ နှစ်ယောက်လုံးက မောင်စပ်စုအဖြစ်ကို မြင်သွားကြတယ်။ အမျိုးသမီးက ရုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မကြည့်ရဲဘူး။ တစ်ဖက်ကိုမျက်နှာလှည့်ထားတယ်။

ဦးဘလှကတော့ မရဘူး။ အမျိုးသမီးကို အားနာတော့ မောင်စပ်စုကို သွယ်ဝိုက်စကားနဲ့ သတိပေးတယ်။

"စပ်စုံရေ . . . မင်းပစ္စည်းတွေ လုံအောင်ဖုံးဦး"

ဒါကို မောင်စပ်စုက ရိုးရိုးတန်းတန်းပြောတယ်ထင်တော့ . . .

"ဟာ . . . စိတ်ချဆရာ၊ ပစ္စည်းတွေက လုံပြီးသား"

"မဟုတ်သေးပါဘူး၊ မလုံတဲ့ ပစ္စည်းရှိပါတယ်၊ သေချာဖုံးစမ်းပါဦးကွ"

"ဆရာတလည်း လုံပါတယ်ဆိုနေ၊ ကျွန်တော်သေသေချာချာ လိုက်ကြည့်ပြီး ဖုံးထားတာပါ"

"မလုံပါဘူးဆိုကွာ"

"လုံပါတယ် ဆရာရဲ့"

ခက်တော့ခက်နေပြီ။ အနားမှာလည်း အမျိုးသမီးနဲ့ဆိုတော့ တိုက်ရိုက်ကြီးပြောလို့က မကောင်း။

"ကျွတ် . . . မလုံသေးတဲ့ပစ္စည်းကို ငါမြင်နေလို့ပြောနေတာကွ၊ သေချာဖုံးစမ်းပါ"

"ဟား . . . ဆရာကလည်း အကုန်လုံးလုံပါတယ်ဆို၊ ကျွန်တော် သေသေချာချာကို ကြိုးတွေနဲ့ လိုက်တုပ်ပြီး ဖုံးတာပါ"

"မလုံသေးဘူးကွ"





"လုံပါတယ် ဆရာရယ်၊ တပည့်ကြီးကို ယုံစမ်းပါ"

"ကျွတ် . . . လျှာကလည်းရှည်တယ်၊ ဖုံးဆိုရင်ဖုံးလိုက်ပေါ့"

"လုံပါတယ်ဆို ဆရာကလည်း၊ ပြောစမ်းပါ၊ ဘယ်ပစ္စည်း မလုံသေးတာလဲ"

ဦးဘလှစိတ်တိုလာပြီ။ ဒါနဲ့ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အသံကုန်ထုတ်ပြီး အော်ထည့်လိုက်တယ်။

"ဟကောင်ရ . . . မင်းရဲ့ မွေးရာပါပစ္စည်းတွေကို ပြောနေတာကွ"

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ညီညီ စကားအဆုံး သူဇာနဲ့ မွန်ကြည်ထွေးက တသောသောရယ်တယ်။ ဝါးပင်ပျိုကတော့ ပြုံးရုံသာပြုံးတယ်။ မုတ်သုန်က . . .

"ကဲ . . . ဒီတစ်ခါ နင်တို့အလှည့်၊ ဘယ်သူ စပြောမလဲ"

ဒီတစ်ခါလက်ထောင်လိုက်တာက သူဇာ။ သူဇာ က ညီညီ့ဟာသကြောင့် ရယ်နေတာကို အရှိန်သတ်လိုက်ကာ စကားကို စ,တယ်။

"ငါ့ဟာသကို ငါက ညီညီ့ဟာသထဲက ဇာတ်ကောင်ကို ယူပြီးပြောမယ် . . . ဒီလိုဟ"





## "သူဇာပြောတဲ့ ဟာသ"

မောင်စပ်စုမှာက မိန်းမရှိတယ်။ သူ့ မိန်းမနာမည်က လှခင်တဲ့။ တစ်နေ့တော့ မလှခင်က အိမ်မှာဝက်သားဟင်းချက်ထားပြီး ယောက်ျားပြန်လာရင် အထူတူစားဖို့စောင့်နေခဲ့တယ်။ သူတို့သားနီတွတ်လေးကလည်း အဖေပြန်လာရင် ဝက်သားဟင်းနဲ့ ထမင်းစားရတော့မှာဆိုတော့ ဖခင်ပြန်အလာကို တမျှော်မျှော်ပေါ့။ ဒါပေမယ့် ဖြစ်ချင်တော့ မောင်စပ်စုက အိမ်ကိုဧည့်သည်တစ်ယောက်ခေါ်လာခဲ့တယ်။ ဧည့်သည်နာမည်က သိန်းမောင်တဲ့။

"မိန်းမရေ . . . ထမင်းခူးပါဟော့၊ ဒီမှာကိုသိန်းမောင်ကြီးပါလာတယ်၊ အတူတူစားရအောင်"

မလှခင်ကလည်း ထမင်းပွဲပြင်ပေးတယ်။ သာမန်လူတန်းစားတွေဆိုတော့ ကြမ်းပေါ်မှာပဲ စားပွဲဝိုင်းတစ်ခုကိုချပြီး စားကြရတာလေ။ အစကတော့ မလှခင်က မိသားစု စုံစုံညီညီ ထမင်းစားဖို့ စိတ်ကူးထားခဲ့တာ။ ဧည့်သည်ပါလာတော့ သူမနဲ့ နီတွတ်တို့က နောက်မှပဲ စားတော့မယ်ဆိုပြီး ဧည့်သည်နဲ့ ယောက်ျားဖြစ်သူကိုပဲ အရင်ခူးကျွေးလိုက်တယ်။

ဒါကို မကျေနပ်တာက အသက် (၅)နှစ်သာရှိ သေးတဲ့ နီတွတ်။ သူ့စိတ်ထဲမှာ ဧည့်သည်က ဝက်သားဟင်းတွေ အများကြီးစားပစ်မှာကို စိုးရိမ်နေတာ။ အဲဒါနဲ့ သူ့အဖေနဲ့အမေ



www.burmeseclassic.com

www.burmeseclassic.com



အလစ်မှာ ညွှန့်သည်ရဲ့ နားနားကိုကပ်ပြီး ပြောလိုက်တယ်။

"ခင်ဗျား ... ဝက်သားဟင်းတွေကို အများကြီး မစားနဲ့ နော်"

ညွှန့်သည်က နီတွတ်ကို တအံ့တဩနဲ့ ကြည့်တယ်။ ဒါပေမယ့် ဘာမှတော့ မပြောဘူး။

ဒီလိုနဲ့ ထမင်းစ,စားကြတယ်။ ညွှန့်သည်က ဝက်သားဟင်းပန်းကန်ဆီကို လက်လှမ်းလိုက်တယ်ဆိုရင်ပဲ နီတွတ်ဆီက အသံထွက်လာတယ်။

"အဟမ်း ... အဟမ်း ... ချွဲတွေကလည်း ကျပ်လိုက်တာ"

ညွှန့်သည်ရဲ့လက်က တွန့်ခနဲဖြစ်သွားပြီး မျက်လုံးအကြည့်က နီတွတ်ဆီရောက်သွားတယ်။ နီတွတ်က သူမိဘတွေ မမြင်အောင် ညွှန့်သည်ကို အံကြိတ်ပြလိုက်တယ်။ ဒီမှာတင်ပဲ ညွှန့်သည်ရဲ့လက်က ဦးတည်ရာပြောင်းပြီး အချဉ်ဟင်းခွက်ဆီ ရောက်သွားတယ်။

မောင်စပ်စုကတော့ ဒါကိုမသိရှာဘူး။

"ကိုသိန်းမောင် ... ထည့်စားနော်၊ ဘာမှအားမနာနဲ့၊ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီးတော့စား"

မောင်စပ်စုက ဒီလိုပြောတော့ ညွှန့်သည်က နည်းနည်း သတ္တိရှိလာတယ်ထင်တယ်။ လက်က ဝက်သားဟင်းခွက် ဆီရောက်သွားပြန်တယ်။





"အမေရေ ... သား ယောက်လေးခွဘယ်ရောက်နေလဲဗျာ၊ သားကိုရှာပေးပါဦး"

ညွှန့်သည်ရဲ့ အကြည့်က နီတွတ်ဆီ ရောက်သွားပြန်တယ်။ နီတွတ်က လက်သီးဆုပ်ပြပြီး ပါးစပ်ကလည်း ငွစိပွစိ ပြောနေတာကို တွေ့သွားတယ်။ ညွှန့်သည်ရဲ့ လက်က ဝက်သားဟင်းပန်းကန်ဆီ မရောက်လိုက်၊ လမ်းတစ်ဝက်လောက်ကနေ ငါးပိရည်ကျို ပန်းကန်ဆီရောက်သွားပြန်တယ်။ ဒီလိုနဲ့ တခြားဟင်းတွေနဲ့ စားနေရတော့တယ်။

ဒါပေမယ့် ညွှန့်သည်က ထမင်းတော်တော်စားနိုင်တယ်။ မောင်စပ်စုကလည်း ကြိတ်တယ်။ မလှခင်က မိသားစုသုံးယောက်စာပဲ ချက်ထားတာဆိုတော့ ထမင်းက ပြောလောက်အောင် မများဘူး။

"လှခင်ရေ ... ထမင်းထည့်ပါဦးဟ"

ခက်ပြီ။ ထမင်းအိုးထဲမှာ ထမင်းကမရှိတော့ဘူး။ မလှခင်က မကြားချင်ယောင်ဆောင်နေတယ်။

"လှခင်ရေ ... ထမင်းထည့်လို့ပြောနေတာ မကြားဘူးလား၊ ဘာလို့ပေရပ်နေတာလဲ"

မလှခင်က မျက်နှာရိပ်မျက်နှာကဲနဲ့ ထမင်းမရှိတော့တာကို အချက်ပြတယ်။ မသိမသာလည်း လက်ခါပြတယ်။ ဒါကိုလဲမောင်စပ်စုက သဘောမပေါက်ရှာဘူး။

"ဟ ... လှခင် ... ထမင်းထည့်ပါဦးဟ"



www.burmeseclassic.com

www.burmeseclassic.com



မလှခင်စိတ်တိုလာပြီ။ ထမင်းဝိုင်းဘေးနားမှာ ထိုင်သလိုလို ထ,သလိုလို လုပ်နေရာကနေ မီးဖိုချောင်ထဲဝင်သွားတယ်။

"လှခင်ရေ ... ထမင်းထည့်ပါဟ၊ ဘာလုပ်နေတာလဲ"

ညွှံ့သည်ကလည်း ထမင်းမဝသေးဘူးထင်တယ်။ မလှခင်ထမင်းလာအထည့်ကို စောင့်ရင်း နောက်ဆုံး ထမင်းလုတ်ကို အချိန်ဆွဲပြီးစားနေတယ်။

မလှခင်က မီးဖိုချောင်ထဲကနေ ဂျိုး(ချိုး)မရှိတဲ့ ထမင်းအိုးကို တမင်တကာ ဂေါဂေါ်မြည်အောင် ဂျိုးခြစ်ပြတယ်။ ဒါကို ကြားတဲ့ညွှံ့သည်က သဘောပေါက်သွားပြီဖြစ်လို့ ထမင်းကို ဂါက်စသတ်စားတယ်။ ဒါပေမယ့် မောင်စပ်စုက အကင်းမပါးဘူး။

"လှခင်ရေ ... ထမင်းလာထည့်ဦးလို့ဆိုနေတယ် ဘာလုပ်နေတာလဲ"

မလှခင်က ထမင်းအိုးကို စောစောကထက်ပိုပြီး အသံမြည်အောင် ခြစ်ပြတယ်။

"လှခင်ရေ ..."

ဒါလည်း သဘောမပေါက်သေးဘူး။ မလှခင် တော်တော်ဒေါသထွက်လာပြီ။

"ဟ ... လှ"





မောင်စပ်စုစကားမဆုံးလိုက်။ မလှခင်က ထမင်းအိုးကို မ,လာတဲ့ပြီး မောင်စပ်စုခေါင်းမှာ စွပ်ပေးလိုက်တော့တယ်။ ပြတ်ကရော ...။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝိုင်းတင်မက ဘေးနားကဝိုင်းကပါ ရယ်သံ တွေထွက်လာတယ်။ သူတို့ပြိုင်ပွဲကို ဘေးဝိုင်းကပါ စိတ်ဝင် တစားနားထောင်နေပြီ။

"ကဲ . . . ဒီတစ်ခါ ဘယ်သူ့အလှည့်လဲ"

တေဇက လက်ထောင်တယ်။

"ငါပြောမယ် . . . ငါကလည်း အခုနကဇာတ်လမ်းထဲ က ဇာတ်ကောင်တွေကိုပဲ ယူသုံးမယ်၊ ဒီလိုဟ"

## "တေဇပြောတဲ့ ဟာသ"

မောင်စပ်စုက ကားစပယ်ယာဆိုပေမယ့် စာ လေးကဗျာလေးရေးရတာကို ဝါသနာပါတယ်။ ကဗျာတွေကို မဂ္ဂဇင်းတွေဘာတွေတော့ မပို့ပါဘူး။ ဒီလိုပဲ ဝါသနာအရ ရေး တာ။





မလှခင်ကို မောင်စပ်စုပိုးခဲ့တုန်းက မလှခင်ရဲ့ အလှကို မောင်စပ်စုက ကဗျာလေးဖွဲ့ပေးခဲ့ဖူးတယ်။ အဲဒီ ကဗျာလေးက ဒီလို။ ကဗျာနာမည်က "အချစ်မြို့သို့ ရောက်ရှိ ခြင်း" တဲ့။

"အချစ်မြို့သို့ ရောက်ရှိခြင်း"

မျက်နက်ဝန်းရဲ့ တစ်ချက်အညို့
ကော့ညွတ်တဲ့ မျက်တောင်တွေဖျတ်ခနဲအပင့်မှာ
တစ်သက်တာအသုံးမပြုရသေးတဲ့အသည်းက
ကြွေချင်ချင်။

ဝိုင်းစက်စက်မျက်နှာတော်ထက်
မှိုင်းညို့ညို့ မျက်ခုံးနှစ်သွယ်
ပါးမို့မို့စံပယ်ခင်းထဲ
ငါ့အချစ်စိတ်တွေ ထိန်းကျောင်းရခက်လိုက်တာ။

ဆုတောင်းကောင်းတဲ့ဆံနွယ်တွေ လေအနမ်းမှာ
ကုန္ဒေတစ်သန်းတန်တဲ့ခြေလှမ်းဆိုတာ
မင်းနဲ့တွေ့မှ ငါတွေ့ဖူးတယ်။
တကယ်ပါ မိန်းကလေးရယ်



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ဘတ်ထဲဝင်လှုပ်သွားတဲ့ လျှော
မင်းအပြုံးတစ်ပွင့်မှာ စတင်တယ် ။ ။

အဲ ... အိမ်ထောင်ကျသွားပြီးလို့ နီတွတ်လေး မွေးပြီးတဲ့အခါမှာ မလှခင်က သူမအလှကို နောက်ထပ်ကဗျာ ထပ်ဖွဲ့ခိုင်းတယ်။ မောင်စပ်စုကလည်း ဖွဲ့ပေးပါတယ်။ ကဗျာ နာမည်က "လှခင်ရဲ့ အလှငိုကာ" တဲ့။ ကဗျာက ဒီလို။

°လှခင်ရဲ့ အလှငိုကာ°

သွားက သွားချေးကပ်
အသားက တော်တော်နက်
ခါးက လူတစ်ဖက်
ဆံပင်က ပြောင်းဖူးမွေး
မျက်လုံးက မှေးပါသေး
သွားဟဲ့ ... ခပ်ဝေးဝေး။

တေဇရဲ့ ကဗျာရွတ်သံအဆုံး ရယ်သံတွေ ဝေါခနဲထွက်လာတယ်။ သူဇာနဲ့ မွန်ကြည်ထွေးဆို ရယ်တာတော်တော်နဲ့ အဆုံးမသတ်ဘူး။ အားရအောင် ရယ်ပြီးမှ မွန်ကြည်ထွေးက ...

"ဒီတစ်ခါ ငါပြောမယ်၊ ငါလည်း အခုနက ဇာတ်လမ်းကို ဆက်ပြီးပြောမယ်ဟာ ... ဒီလိုဟယ်"



ရာဇဝင်ကို

"မွန်ကြည်ထွေးရဲ့ ဟာသ"

တစ်နေ့မှာတော့ မောင်စပ်စုက မလှခင်အပေါ် ကျေနပ်ချက်တစ်ခုပေါ်လာတယ်။ မလှခင်က ယောက်ျားဖြစ် သူရဲ့ မကောင်းကြောင်းတွေကို အပြင်မှာအတင်းတုပ်လို့တဲ့။ ပေမယ့် အဲဒီကိစ္စက လက်ဆုပ်လက်ကိုင်မပြနိုင်တော့ ဖွင့် ဘက်လို့မရဘူးဖြစ်နေတယ်။ ဒါနဲ့ သူက သူ့ဆရာ ဦးဘလှဆီ အကြံဉာဏ်တောင်းတယ်။ ဦးဘလှကလည်း သူ့လက်စွဲ နည်းလေးကို ပြောပြလိုက်တယ်။

"မိန်းမကို ရိုက်ချင်ရင် ဟင်းအိုးထဲ ဆားခပ်ရိုက်ကွ" တဲ့။ သူလည်း မကျေနပ်တာရှိရင် ဒီလိုလုပ်တာဆိုပဲ။

မောင်စပ်စုလည်း ဦးဘလှရဲ့ အကြံဉာဏ်ကို သဘောကျသွားတယ်။ ဒါနဲ့အကြံအစည်ကို အကောင်အထည် ဖော်ဖို့ အမြဲတမ်း ချောင်းနေတော့တယ်။

တစ်ရက်မှာတော့ မောင်စပ်စုက သူ့မိန်းမ မလှ ခင်အလစ်မှာ ကြက်သားဟင်းအိုးထဲကို ဆားတွေအများကြီး တ်ထားလိုက်တယ်။ ပြီးတော့ ထမင်းစားပွဲမှာ ထမင်းစားမယ် ပြီး ထိုင်နေတော့တာပေါ့။ ပြီးတော့ သူ့အတွေးထဲမှာ မလှ ခင်ကို ကောင်းကောင်းပညာပေးနေခဲ့တယ်။

"ဒီဟင်းလေးတောင် ကောင်းကောင်းမချက်နိုင်ဘူး သား ဟမ်၊ ယောက်ျားလုပ်သူကတော့ ပင်ပင်ပန်းပန်း



www.burmeseclassic.com

www.burmeseclassic.com





လုပ်ကိုင်ကျွေးနေရတာ၊ မင်းကတော့ ဒီဟင်းလေးတော အဖြစ်ရှိအောင်မချက်နိုင်ဘူး . . . အသုံးမကျတဲ့ မိန်းမ . . . ကဲဟာ . . . ကဲဟာ"

ဆိုပြီး နရင်းကို သုံးလေးချက်လောက် အုပ် လိုက်တယ်။ အတွေးထဲမှာ . . . အတွေးထဲမှာ။ မလှခင် လည်း မောင်စပ်စုရဲ့ ဒူးလေးကိုဖက်ပြီး ငိုယိုကာ . . .

"အမယ်လေး . . . ကြောက်ပါပြီတော်၊ ကြောက်ပါ နောင်ကို ဟင်းမင်စေရပါဘူးတော့ . . . ဟီး . . . ဟီး"

"ဘာအခုမှကြောက်ပါပြီလဲ၊ ဟမ် . . . နင်က ကို ယောက်ျားမကောင်းကြောင်းတွေကိုလည်း အပြင်မှာ အတ တုပ်တယ်ဆို . . . ကဲဟာ . . ."

ဆိုပြီး မလှခင်ရဲ့ ရင်ဘတ်ကို မောင်စပ်စု ခြေထောက်နဲ့ ဆောင့်ကန်ပစ်လိုက်တယ်။ အတွေးထဲမှ အတွေးထဲမှာ . . .။

အပြင်မှာတော့ . . .။

ထမင်းစားပွဲပေါ်မှာ လက်ကြီး မေးထောက်ပြ ကျေနပ်အားရစွာပြုံးနေတဲ့ မောင်စပ်စုကို မလှခင်က စား ပေါ်ကို ဟင်းခွက်တွေ ဆောင့်ချလိုက်ရင်း . . .

"ရှင် . . . တစ်ယောက်တည်း ဘာတွေပြုံးနေတာလဲ"

"ဘာ . . . ဘာမှမဟုတ်ပါဘူး"

ဒီလိုနဲ့ ထမင်းစ,စားကြတယ်။ မောင်စပ်စုက

ကွက်ဝင်လာပြီဆိုတာနဲ့ ကြက်သားဟင်းတစ်ဖတ်ကို ာက်တွယ်လိုက်ပြီးနောက် . . .

"ဟား . . . ဟင်းကလည်း ငံလိုက်တာကွာ၊ မင်း ယ်လိုချက်ထားတာလဲ၊ ဒီဟင်းလေးတောင် အဖြစ်ရှိအောင် ာင်းကောင်း မချက်နိုင်ဘူးလားကွ . . . ဟမ်"

ဆိုပြီး မီးစ,မွှေးလိုက်တယ်။ ဒါပေမယ့် မလှခင်က ြက်သားဟင်းတစ်ဖတ်ကို စားကြည့်ပြီးတော့ ပြောလိုက် ာက . . .

"တော့နှယ်တော် . . . မငံပါဘူး၊ ထမင်းနဲ့ စားလိုက် င် အကိုက်ပါပဲ"

တဲ့။ မောင်စပ်စုခင်ဗျာ . . . ခဲလေသမျှ သဲရေကျ။ က်လက်ကို လန်ရော။

◆◆◆◆◆◆





www.burmeseclassic.com

www.burmeseclassic.com



*ကာန်တင်း* ထဲမှာ ရယ်သံတွေ ထွက်လာပြန်တယ်။ အဲ . . . ဒီတစ်ခါပြောဖို့ အလှည့်ကျလာတာက မုတ်သုန်။

"ငါကတော့ နင်တို့ပြောတဲ့ ဇာတ်လမ်းကို ဆက်မပြောတော့ဘူးဟာ၊ အသစ်ပြောမယ်၊ ဒီလို"

## "မုတ်သုန်ရဲ့ ဟာသ"

ရွာတစ်ရွာရှိတယ်။ ရွာနာမည်က လျှော်ကန်ရွာပဲ ထားပါတော့။ လျှော်ကန်ရွာဘုန်းကြီးနာမည်က ဦးစန္ဒိမတဲ့။ ဦးစန္ဒိမက သူ့ကျောင်းက ဘုန်းကြီးကျောင်းသားလေးကို တရားချနေတယ်။ ဘုန်းကြီးကျောင်းသားလေးရဲ့ အမေကဆုံးသွားတာလေ။ အဲဒီတော့ ဘုန်းကြီးကျောင်းသားလေးက ရှိုက်ကြီးတငင် ငိုနေရတော့တာပေါ့။

"တရားနဲ့ ဖြေပါ ဒကာလေးရယ်၊ ပစ္စည်းသခါရ





ှုသခါ ရတဲ့၊ သတ္တဝါတစ်ခု ကံတစ်ခုပါကွယ်၊ ဘယ်အရာမှ မမြဲပါဘူး၊ လူရယ်လို့ဖြစ်လာရင် သေမျိုးချည်းပါပဲ"

"တပည့်တော် ဝမ်းနည်းလွန်းလို့ပါဘုရား . . . ဟီး . . . ဟီး"

"တရားနဲ့ ဖြေပါကွယ် . . . တရားနဲ့ဖြေပါ"

ပြောပြီး ဘုန်းတော်ကြီးက ခေါင်းလေးတညိတ်ညိတ်နဲ့ တရားမှတ်နေတော့တယ်။

အဲ . . . သိပ်မကြာပါဘူး။ နောက်တစ်လလောက်နေရော ဘုန်းတော်ကြီးရဲ့ အမေကလည်း ဆုံးပါတော့တယ်။ ဒီသတင်းကို ယူလာတာက ဘုန်းကြီးကျောင်းသားလေး။

"ဘုန်းဘုန်းဘုရား . . . ဘုန်းဘုန်းဘုရား . . . ဘုန်းဘုန်းရဲ့ မယ်တော်ဆုံးလို့တဲ့ဘုရား"

"ဟော! . . . အမလေးအမေရဲ့၊ အဖြစ်ဆိုးလှချည်လား၊ သားကို ထားခဲ့ပြီပေါ့ . . . အမေရေ . . . ဟီး . . . ဟီး . . . ဟီး"

ဘုန်းတော်ကြီးရဲ့ ငိုသံက အကျယ်ကြီး။ ဒီတော့ ဘုန်းကြီးကျောင်းသားလေးက တည်တည်ငြိမ်ငြိမ် လေသံအေးအေးလေးနဲ့ ပြောတယ်။

"တရားနဲ့ဖြေပါဘုရား . . . သတ္တဝါတစ်ခု ကံတစ်ခု မဟုတ်"

ဘုန်းကြီးကျောင်းသားလေးရဲ့ စကားတောင် မဆုံး



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး။ ဘုန်းတော်ကြီးက ရင်ဘတ်စည်တီးပြီး ပြောလိုက်တာက . . .

"ဘယ်လိုလုပ် ဖြေရမှာတုန်းကွ၊ ဒါက ငါ့အမေလေကွာ၊ ဟီး . . . ဟီး . . . ဟီး"

ဟူ၍ . . .။

◆◆◆◆◆◆





ရယ်သံတွေ ထွက်လာပြန်လာတယ်။ ကဲ . . . အခု တစ်ယောက်ပဲ ကျန်တော့တယ်။ ဝါးပင်ပို့အလှည့်ပေါ့။

## "ဝါးပင်ပို့ရဲ့ဟာသ"

အလွန်တောကျတဲ့ တောရွာတစ်ရွာက အမျိုးသမီးကြီးနှစ်ဦးဟာ ရန်ကုန်မြို့ကို ဘုရားဖူးထွက်လာခဲ့ကြတယ်။ နှစ်ယောက်စလုံးက ဖျင်အင်္ကျီကြမ်းကြီးတွေကို အောက်ကပါတိတ်ထဘီတွေနဲ့ တွဲဝတ်ထားပြီး သနပ်ခါးကလည်း ပါးနှစ်ဖက်အပြည့် ပါးကွက်ကြီးတွေနဲ့ပေါ့။

ဒါပေမယ့် သူတို့ကိုယ်သူတို့လည်း တောသူတွေဆိုတာကို သိသွားမှာ စိုးရိမ်နေသေးတယ်။

"ဟဲ့ . . . သောင်းပုမရဲ့၊ နင့်ကြည့်ရတာ တောသူမှန်းသိသာလိုက်တာ၊ မြင်မြင်ရာကို တောကျီးကန်းမြို့ ရောက်သလို မျှတူးပြဲတဲ မကြည့်စမ်းပါနဲ့၊ ကိုယ့်မှင်နဲ့ကိုယ် နေစမ်းပါ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အမလေးတော် . . . ငါ့ကိုများ၊ ညည်းကမှ တောသူနဲ့ ပိုတူတာ ခွေးညိုမရဲ့၊ အသားက မဲလိုက်တာ မှောင်နေတာပဲ၊ ငါက အသားဖြူတော့ ရုတ်တရက်ကြည့်ရင် မြို့သူနဲ့တူပါတယ်"

"ညည်းနော် . . . ကျုပ်ကို အသားမဲတယ်လို့ မပြောနဲ့၊ ကျုပ်က အသားမဲတာ မဟုတ်ဘူး၊ အညိုလွန်တာ"

ဒီလိုနဲ့ တစ်နေ့ရာအရောက် လမ်းချိုးတစ်ခုထဲ ကနေ စက်ဘီးတစ်စီး ထွက်လာတယ်။ ဒါကိုမြင်တော့ ခွေးညိုမက ဘေးကိုရှောင်ပေးထားလိုက်ရင်း . . .

"ဟဲ့ ဟဲ့ . . . ဘိုင်လာတယ် ဘိုင် . . . ဘိုင်"

ဒါကိုကြားတော့ သောင်းပုမက ခွက်ထိုးခွက် လန်ရယ်လိုက်ရင်း . . .

"အိုအေ . . . အင်္ဂလိပ်လို မသုံးတတ်ရင်လည်း မသုံး စမ်းပါနဲ့၊ သူများကြားရင် ရှက်စရာကြီး၊ ဘယ်ကလာ 'ဘိုင်' ကမှာလဲ . . . အဲဒါ 'စကယ်' ဟဲ့ စကယ် စကယ်"

◆◆◆◆◆◆





**ကန်တင်း** ထဲမှာ ရယ်သံတွေ ညံသွားပြန်တယ်။ ဟာသပြောခြင်းက ပြီးသွားပြီ။ အားလုံးက ရယ်ရအောင် ပြောနိုင်ကြတော့ ဘယ်သူ့ကို ရှင်းခိုင်းရမှန်း မသိ။

"ကဲ . . . ဒီဝိုင်းကို ဘယ်သူရှင်းသင့်လဲ"

မုတ်သုန်စကားကို ဝါးပင်ပျိုက . . .

"မသိဘူးလေ၊ အားလုံးက ဟာသတွေပြောနိုင်တာပဲဟာ၊ ဒီတော့ နှင့် ကုသိုလ်ယူလိုက်ပါလား"

"အောင်မာ . . . ဘာကိစ္စယူရမှာလဲ၊ ငါ့မှာက ကုသိုလ်တွေ များလွန်းလို့ ထားစရာနေရာတောင် မရှိတော့ဘူး၊ ဒီတော့ အကုသိုလ်တွေ များနေတဲ့ နင်တို့သုံးယောက်ကပဲ စုပြီး ရှင်းလိုက်ကြတော့"

"အောင်မယ် . . . အောင်မယ်"

မုတ်သုန်စကားကြောင့် ဝါးပင်ပျိုတို့သုံးယောက် လုံးဆွဲ့ဆွဲ့ခုန်သွားကြတယ်။ မွန်ကြည်ထွေးက . . .

"တကယ်ဆို ဟိုတစ်နေ့က ငါတို့ရှင်းလိုက်ရတာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ နင်တို့ ရှင်းသင့်တယ်ဟာ"

"နိုး နိုး . . . ဘာမှ မဆိုင်ဘူး၊ လာမပြောနဲ့၊ အဲဒီနေ့က အတိတ်မှာ ကျန်ခဲ့ပြီ၊ ဒီနေ့က ပစ္စုပ္ပန်၊ လာမရောနဲ့"

ဘယ်သူမှ မရှင်းချင်ကြဘူး။ အားလုံးမှာ ပိုက်ဆံကိုယ်စီပါရဲ့သားနဲ့ အသာစီးယူပြီး မရှင်းချင်ကြတာဆိုတော့ ဘယ်လိုမှ ညှိလို့မရဘူး။

ဒီလိုနဲ့နောက်ဆုံးမှာတော့ အမေရိကန်စစ်စတန်ပဲ သုံးလိုက်ကြတော့တယ်။

◆◆◆◆◆◆



# အခန်း ၆





www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်ကို

# အခန်း ...၉

"အန်တီရေ မုတ်သုန်ရှိလား"

"ရှိပါ့တော် .. စာကြည့်ခန်းထဲမှာ စာဖတ်နေတယ်"

ရှားရှားခင်က လက်ထဲက ချိုင့်ကြီးကို ထမင်းစား စားပွဲပေါ် တင်လိုက်ရင်း . . .

"အိမ်မှာ အုန်းထမင်းချက်စားလို့ အန်တီရဲ့၊ အဲဒါ အန်တီတို့ စားရအောင် ပူပူလေး လာပို့တာ"

"ဟုတ်လား . . . အတော်ပဲ၊ အန်တီတောင် အုန်း ထမင်းစားချင်လို့ တစ်နေ့နေ့ ချက်စားမယ် စိတ်ကူးနေတာ"

"သိနေတယ်လေ . . . အန်တီရဲ့၊ သမီးက အာရုံရပြီး သားပဲ၊ အန်တီ . . . ချိုင့်ထားခဲ့မှာ လှယ်မနေနဲ့တော့နော်၊ နောက်မှ မုတ်သုန်ကို ပို့ခိုင်းလိုက်၊ အခုလောလောဆယ် ခင်းကို သွားခေါ်လိုက်ဦးမယ်"

"အေး . . . အေး . . . သမီး"

သူမက ထမင်းစားခန်းထဲကနေ စာကြည့်ခန်း ဘက်ကူးလာခဲ့လိုက်တယ်။ ဒီအိမ်က သူမအတွက် တံခါးမရှိ





www.burmeseclassic.com

www.burmeseclassic.com



မါးမရှိ ဝင်ထွက်နေကျမို့ ဘယ်နေရာမှာ ဘာဆိုတာ အားလုံး သိပြီးသား။

စာကြည့်ခန်းတံခါးကို ဖွင့်လိုက်တော့ မုတ်သုန်က အထဲမှာ စာကြည့်စားပွဲပေါ်မှာ ခေါင်းမှောက်ပြီး အိပ်ပျော်နေတာ။ သူမက သဘောကျသွားသလို အသာကျိတ်ရယ်လိုက်ပြီး မုတ်သုန့်အနားကို ခြေသံမကြားအောင် လှမ်းသွားလိုက်တယ်။ ကိုယ်တော်ချောက အလုပ်ဖြစ်နေတာများ ဟောက်တောင်ဟောက်နေသေး။

သူမက သူ့ကို ဘာလုပ်ရရင် ကောင်းမလဲလို့ စဉ်းစားရင်း မျက်လုံးဝေ့ကြည့်လိုက်တော့ စားပွဲပေါ်မှာတင်ထားတဲ့ ဘောပဲန်တစ်ချောင်းကို တွေ့သွားတယ်။ ဒါနဲ့ အဲဒီဘောပင်ကို ယူပြီး အိပ်ပျော်နေတဲ့သူ့ကို နှုတ်ခမ်းမွေးတပ်ပေးလိုက်တယ်။

ပြီးတော့မှ . . .

"ဟဲ့ . . . မုတ်သုန် . . . မုတ်သုန်၊ ထပါဦးဟ"

ဆိုပြီး . . . နှိုးလိုက်တယ်။ မုတ်သုန်က မျက်စိတွေဘာတွေ ပွတ်သပ်ကြည့်လာရင်းမှ . . .

"အော . . . မိရှား၊ ဘာတုန်းဟာ . . . နင်ကတော့ တကယ့်ကို မာရ်နတ်ပဲ၊ ဒီမှာ အိပ်မက်တွေ ကောင်းနေတာကို"

"အဲဒီအိပ်မက် ညမှ ပြန်ဆက်မက်ဟာ၊ လောလော ဆယ် ငါနဲ့ အပြင်လိုက်ခဲ့"

"အပြင် . . . ဘယ်အပြင်လဲ"

"ငါ shopping ထွက်မလို့ . . ."

"နင့်ဘာသာ သွားစမ်းပါဟာ၊ မလိုက်ချင်ပါဘူး . . ."

"ဟာ . . . လိုက်ခဲ့ပါဟာ၊ ငါ အဖော်မပါလို့ပါ"

"ဟာ . . . မလိုက်ဘူး၊ မလိုက်ဘူး"

သူက စားပွဲပေါ် ခေါင်းပြန်တင်ကာ အိပ်ဖို့ ပြင်လိုက်တယ်။ ဒါပေမယ့် မရ . . .။ သူမက သူ့အင်္ကျီကို ဂုတ်မှဆွဲထားလိုက်ရင်း . . .

"သယ်ရင်းကလည်း၊ လိမ္မာပါတယ်ဟာ၊ လိုက်ခဲ့နော် နော်လို့၊ နော် . . . မုတ်သုန်"

သူက နားပူလာတဲ့အဆုံး ခေါင်းတွေကို စိတ်ရှုပ်သလို တဗျင်းဗျင်းကုတ်ပစ်လိုက်တယ်။ မျက်ထောင့်နီကြီးနဲ့ ကြည့်လာတဲ့ သူ့ကို သူမက ဟီးခနဲ တစ်ချက်ရယ်ပြလိုက် ကာ . . .

"လိုက်မယ်မှလား . . . ဟင်၊ လိုက်ခဲ့ပါဟာ၊ နော် နော်လို့ . . ."

လို့ ဆိုတော့ သူက ထိုင်ရာက ဝုန်းခနဲထရပ်လိုက်ပြီး ဒေါနှစ်ဖက်ကို လက်နဲ့ ပိတ်ထားကာ . . .

"ကဲ . . . တော်ပြီ တော်ပြီ၊ နားညည်းတယ်၊ လိုက်ခဲ့







www.burmeseclassic.com

www.burmeseclassic.com





မယ် . . . ဟုတ်ပြီလား"

"အဟင်း . . . စောစောကတည်းက ဒီလိုပြောလိုက်ရင် ပြီးရော"

"ခဏစောင့်ဦး . . . ငါ အဝတ်အစားလဲပြီး လန်းသွားအောင် မျက်နှာလေးဘာလေး သစ်ဦးမယ်"

သူ့စကားကြောင့် သူမ မျက်လုံးပြူးသွားတယ်။ သူမက သူ့လက်တွေကို ဖမ်းဆွဲထားလိုက်ရင်း . . .

"အမလေး . . . လေး . . . လဲမနေပါနဲ့ဟာ၊ နင်ကခန့်ပြီးသားပဲဟာ၊ ဒီအတိုင်းပဲ လိုက်ခဲ့နော် . . . "

"နေပါဦးဟာ၊ အကျီလေးတော့ လဲပါရစေဦး"

"ဩော် . . . လဲမနေပါနဲ့ဆိုဟာ"

"ကဲ . . . ပြီးရော ပြီးရော၊ သွားမယ် . . . လာ"

ရှေ့ကနေ ဆောင့်ကြီးအောင့်ကြီးနဲ့ ထွက်သွားတဲ့သူ့ကိုကြည့်ရင်း သူမက နောက်ကနေ အသာပြုံးကာ လိုက်လာခဲ့လိုက်တယ်။ ဒီလိုနဲ့ ညနေခင်းထဲကအထွက်မှာတော့ မုတ်သုန်အမေက သူ့သားနှုတ်ခမ်းက နှုတ်ခမ်းမွှေးတွေကို မြင်သွားတယ်။

"ဟယ် . . . သား . . . မင်း"

ဒါပေမယ့် စကားက မဆက်လိုက်ရ။ ရှားရှားခင် က နောက်ကနေ ခြေဟန်လက်ဟန်တွေနဲ့ မပြောဖို့ တားလိုက်တော့ စကားက ပြတ်သွားတယ်။

"ဆက်ပြောလေ အမေ၊ ဘာပြောမလို့လဲ . . . "

"ဩော် . . . အဟော် . . . ငါ့သားက ဒီနေ့ အမေ့မျက်စိထဲ ပိုလှနေသလားလို့"

"အမေကလည်း သားအမိချင်း လာမြှောက်နေပြန်ပြီ"

အဲလိုပြောပြီး မုတ်သုန်က ရှက်ကိုးရှက်ကန်းနဲ့ အပြင်ထွက်သွားတယ်။ ကျွန်နှစ်ယောက်ကတော့ ရယ်လို့။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



၅၁။ ရှားခင်က တမင်ညစ်ပြီးတော့ ယုဇနပလာ ဇာထဲမှာ အချိန်တွေအကြာကြီး ပတ်ပစ်လိုက်တယ်။ မုတ်သုန် ကတော့ ဘာမှမသိရှာ။ သဘောရိုးပဲထင်ပြီး ရှားရှားခ ဝယ်သမျှအိတ်တွေကို နောက်က လိုက်သယ်ပေးရှာတယ် မုတ်သုန်ကို မြင်တဲ့လူတွေတိုင်းက ပြုံးစိပြုံးစိနဲ့။ သူကတော နှုတ်ခမ်းမွှေးကြီးနဲ့ ခပ်တည်တည်။

အဲ ဒါပေမယ့်လို့ ဖိနပ်ဆိုင်တစ်ခုကအထွက်မှာတော ...

"ဟဲ့ ... မုတ်သုန်"

"သြော ... ဝါးပင်တို့ပါလား၊ ဈေးလာတာလား"

"အင်း ... window shopping ပေါ့"

မုတ်သုန်က ဝါးပင်ပျိုတို့သုံးယောက်နဲ့ ရှားရှားခင် မိတ်ဆက်ပေးလိုက်တယ်။ ဝါးပင်ပျိုကတော့ သာမန်ပေမယ မွန်ကြည်ထွေးနဲ့ သူဇာကတော့ မုတ်သုန်နဲ့ ရှားရှားခင်





အဓိပ္ပာယ်တစ်မျိုးနဲ့ ပြုံးစစလုပ်ရင်း ကြည့်လာကြတယ်။ ဒါကို မုတ်သုန်က မသိချင်ယောင်ဆောင်ထားလိုက်ကာ . . .

"နင်တို့ တစ်ခုခု လိုက်စားပါလား၊ ငါကျွေးပါ့မယ်"

လို့ ... ဆိုတော့ သူဇာက သူ့ကို မျက်စောင်း ထိုးလာရင်း . . .

"အမလေး . . . တော်ပါပြီနော်၊ ဒီနေ့မှ စေတနာတွေ အားကောင်းပြနေတယ်၊ ဒါပေမယ့် ဒီစကားကိုတော့ မှတ်ထားလိုက်မယ်၊ ကျောင်းရောက်မှ ကျွေးတော့"

ဝါးပင်ပျိုတို့သုံးယောက်က မုတ်သုန့်နှုတ်ခမ်းမွှေးကို ရယ်ချင်ပေမယ့်လို့ ရှားရှားခင်က မျက်လုံးမှိတ်ပြထားတာမို့ ရယ်ဘဲ အသာအောင့်ထားလိုက်တယ်။

မုတ်သုန်က ဝါးပင်ပျိုကို တစ်ချက်ဦးတည်ကြည့် လိုက်ပြီးမှ အားလုံးကို ဝေ့ကြည့်လိုက်ကာ . . .

"ကဲ . . . ဒါဆို ငါတို့သွားဦးမယ်နော်"

ဆိုပြီး ထွက်လာခဲ့လိုက်တယ်။ ခပ်လှမ်းလှမ်းကို ရောက်တော့မှ ရှားရှားခင်က မုတ်သုန်ကို ဘေးကနေ ပခုံး ချင်း တိုက်ပစ်လိုက်ရင်း . . .

"ဟဲ့ . . . နင်က ဘယ်တစ်ယောက်လဲ"

"ဘာကိုလဲ . . ."

"အောင်မာ . . . အတိတ်မေ့သလိုလို ရွှေပျောက် သလိုလို လာလုပ်မနေနဲ့၊ သုံးယောက်စလုံးကတော့ ချော



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆရာ၊ ပြောစမ်းပါ . . . ဘယ်တစ်ယောက်လဲလို့"

တအားကို သိချင်နေတဲ့ သူမကို သူက ပြုံးစိစိ ကြည့်လာရင်း . . .

"သိချင်လား . . ."

"အင်း . . ."

"မပြောပြဘူး . . ."

သူမက သူ့ကို ခပ်တိုးတိုးကျိတ်ဆဲတယ်။ ပြီးမှ နှုတ်ခမ်းကို တမင်တကာ ရွဲ့ပစ်လိုက်ရင်း . . .

"အမလေး . . . နင်ဘယ်လောက်ဖုံးနိုင်မှာလဲ မုတ်သုန်ရယ်၊ ဒီအကြောင်း စုံစမ်းရတာများ ဘာခက်တာမှတ်လို့ . . ."

ပြောပြီး သူမက သူ့ကိုကျော်တက်ကာ ရှေ့ကနေ ဘောက်ဆတ်ဘောက်ဆတ်နဲ့ ထွက်သွားတယ်။ သူကတော့ သူမ ဖြစ်သွားပုံကိုကြည့်ရင်း သဘောတကျနဲ့ ခေါင်းတရမ်းရမ်းလုပ်ကာ ပါလာခဲ့လေတယ် . . .။

◆◆◆◆◆◆



# ရာဇဝင်ကို

မုတ်သုန်နဲ့ ရှားရှားခင်တို့ ထွက်သွားတာကို ကြည့်ရင်း စကားလုံးပေါင်းများစွာနဲ့ ကျန်နေခဲ့ရတာက ဝါးပင်ပို့တို့သုံးယောက်။ မွန်ကြည်ထွေးက မုတ်သုန်တို့ ထွက်သွားနောက်ကို မေးငေါ့ပြလိုက်ရင်းမှ . . .

"ဟဲ့ . . . အဲဒါ ဟိုတလောက ကြေးအိုးဆိုင်မှာတွေ့ တဲ့တစ်ယောက်မဟုတ်လား"

လို့ ဆိုတော့ သူဇာက ခေါင်းညိတ်ရင်း . . .

"ဟုတ်တယ် . . . သူ့ကို ငါ မှတ်မိတယ်၊ ဘာတဲ့ . . . နာမည်က ရှားရှားခင် . . . ဟုတ်လား၊ နာမည်ကတော့ မိုက်တယ်နော်"

လို့ ပြောတယ်။ ဒါကို ဝါးပင်ပို့က ထပ်မံခေါင်းညိတ်ထောက်ခံလိုက်ရင်း . . .

"လူကလည်း မိုက်ပါတယ်ဟ . . ."

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



*အချစ်က*
ကောင်းကင်ယံက လလိုပဲ
တစ်ခါတရံကျရင် ပြည့်ပြည့်ဝဝ ခံစားလို့ရတယ်
တစ်ခါတလေကျတော့ မပြည့်မဝ သေးသေးကွေးကွေးလေး
အဲ . . .
တစ်ချက်တစ်ချက်ကျပြန်တော့လည်း . . .
သူ့ကို မတွေ့ရပြန်ဘူး . . .

◆◆◆◆◆◆

BURMESE CLASSIC .com






www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... H

ထုံးစံအတိုင်း ကျောင်းအားချိန် ကန်တင်းမှာ ဆုံကြတော့ ဝါးပင်ပျိုက ကျောင်းမလာဘူး။

"ဒီနေ့ ဝါးပင်မလာဘူးလား"

မုတ်သုန့်အမေးကို သူဇာက ခေါင်းညိတ်လိုက် ကာ ...

"အင်း ... မလာဘူး၊ ဒီနေ့မနက် ကျောင်းကိုလာကာနီး လှေကားပေါ်က ပြုတ်ကျလို့တဲ့၊ ဝါးပင်က ဖုန်းဆက်တယ်"

"ဟုတ်လား ... တော်တော်များသွားလား"

မုတ်သုန်ရဲ့မေးသံက စိုးရိမ်မှုတွေ လိုအပ်တာထက်ပိုသွားတယ်။ ဒါကို သတိထားမိတဲ့သူဇာက ပြုံးလိုက်ကာ ...

"စိုးရိမ်တယ်ပေါ့လေ ... ဟီး ... ဟီး"



www.burmeseclassic.com

www.burmeseclassic.com



သူဇာ့စကားကြောင့် တစ်ဝိုင်းလုံး ပွဲကျသွားတယ်။ မုတ်သုန်က မနေတတ်မထိုင်တတ်သလို ဖြစ်သွားရင်း. . .

"စိုးရိမ်တာပေါ့ဟ . . . ဟိုဟာ . . . သူငယ်ချင်းတွေပဲဟာ၊ မဟုတ်ဘူးလား . . . "

"အင်းပါ . . . သူငယ်ချင်းပါ။ ငါတို့က ဘာတွေများ ပြောနေလို့လဲ"

"အင်းလေ . . . "

ရယ်သံတွေ ထွက်လာပြန်တယ်။ ပြီးမှ မွန်ကြည်ထွေးက ပြုံးစစနှင့် . . .

"စိုးရိမ်တယ်ဆိုရင်လည်း ကိုယ်တိုင်လိုက်ကြည့်လေ၊ ကျောင်းဆင်းရင် ငါတို့ အဲဒီကိုသွားမှာ"

လို့ ပြောတယ်။ မုတ်သုန့်ရင်ထဲ လှုပ်ရှားသွားတယ်။ သူမဆီလိုက်သွားရင် တစ်မျိုးများ ထင်သွားမလားပေါ့။ သူက ရှေ့နောက် စဉ်းစားနေတုန်းမှာပဲ တေဇကပါ အဆိုထပ်သွင်းလာတယ်။

"ဟုတ်တယ် . . . ဟေ့ကောင်၊ ငါတို့ လိုက်သွားရအောင်၊ ဝါးပင်တို့အိမ်လည်း ရောက်ဖူးသွားတာပေါ့"

"ကောင်းပါ့မလားကွ . . . "

"ဘာလို့လဲ . . . "

"ဝါးပင်မိဘတွေက ရှိသေးတယ်လေ . . . "

သူ့ရဲ့ တွေးဆဆအပြောကို သူဇာက . . .





"ဘာမှမပူနဲ့၊ ဝါးပင်မိဘတွေက အေးဆေးပဲ၊ လူငယ်တွေကို နားလည်ပြီးသား"

မုတ်သုန်တို့သုံးယောက် တစ်ယောက်ကိုတစ် ယောက် ကြည့်လိုက်ကြတယ်။ နောက်တော့ လိုက်သွားဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒီလိုနဲ့ . . . ။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ဝါးပင်ပျိုတို့အိမ်ကြီးက အကြီးကြီးပါ။ နှစ်ထပ်တိုက်အိမ်ကြီးကိုမှ အိမ်တွင်းပစ္စည်းတွေကလည်း တန်ဖိုးကြီးပစ္စည်းများသာ အလှဆင်ထားတယ်။ သူတို့အုပ်စုက ဧည့်ခန်းထဲမှာထိုင်ရင်း ဝါးပင်ပျိုထွက်အလာကို စောင့်နေမိကြတယ်။ သူဇာနဲ့ မွန်ကြည်ထွေးက ဒီအိမ်မှာ ဝင်ထွက်နေကျဆိုတော့ အပေါ်ထပ်က ဝါးပင့်အခန်းဆီ တက်သွားတဲ့အခါ ဧည့်ခန်းထဲမှာ မုတ်သုန်တို့အုပ်စုသာ ကျန်နေခဲ့တယ်။

ဝါးပင်အမေက သူတို့ကို ကော်ဖီနဲ့မုန့်တွေ လာချပေးရင်း . . .

"သောက်ကြဦးနော် သားတို့၊ သမီး ဆင်းလာလိမ့်မယ်"

"ဟုတ်ကဲ့ အန်တီ . . ."

မုတ်သုန်က ခေါင်းညိတ်ကာ အလိုက်အထိုက်ပြန်ပြောလိုက်တယ်။ နောက်တော့ ဝါးပင်ပျို့အမေက မီးဖိုဘက်ဆီကို ပြန့်ထွက်သွားတယ်။

တေဇက ဘေးမှာထိုင်နေတဲ့မုတ်သုန်ကို အသာ





သက်ကုတ်ရင်း . . .

"ဟေ့ကောင် . . . ငါတို့ကသာ ဝါးပင်ကိုစောင့်နေတာ၊ သူက လမ်းရောလျှောက်နိုင်လို့လား"

"လျှောက်နိုင်လို့ပဲ လာမယ်လို့ ပြောတာပေါ့ကွာ"

ဒီလောက်သာပြောပြီး စကားစက ပြတ်သွားပြန်တယ်။ အရင်ကဆို သုံးယောက်ထိုင်မိရင် စကားတွေ ရေပေါက်မဝင်အောင် ပြောနေတတ်တဲ့ သူတို့က အခုတော့ မတိတ်ဘူး တိတ်နေမိကြတယ်။ အိမ်ကြီးရဲ့ အရှိန်ကြောင့်ပဲ ဆိုပါတော့။

အဲဒီအချိန်မှာပဲ ဝါးပင်ပျိုရဲ့ အဘွားက ဧည့်ခန်းထဲကို ဝင်ရောက်လာတယ်။ ဝါးပင်ပျို့အဘွားက ခပ်တည်တည်ပဲ မုတ်သုန်တို့ရှေ့မှာ ဝင်ထိုင်လိုက်တော့ မုတ်သုန်တို့တွေ အလိုလို ရှိန်သွားကြတယ်။ ဘာစကားမှလည်း မပြောရဲဘူး။

အဘွားကြီးက မုတ်သုန်တို့တွေကို တစ်ယောက်ပြီးတစ်ယောက် သေသေချာချာ ကြည့်နေရင်းကနေ သူ့အကြည့်က ညီညီ့ဆီမှာ ရပ်သွားတယ်။

အဘွားကြီးက ညီညီ့ကို မျက်မှောင်ကုတ်ပြီးကြည့်တယ်။ တော်တော်ကြာ ကြည့်ပြီးတဲ့နောက်မှာတော့ ထိုင်ရာကနေ ဆတ်ခနဲ ထလာတဲ့ပြီးတော့ ဘာမပြော ညာမပြောနဲ့ ညီညီ့ပါးကို ဖြောင်းခနဲမြည်အောင် ရိုက်ချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com





"အောင်မလေးဗျ . . ."

"ဟာ !"

"ဟိုက် !"

နာနာကျင်ကျင် အော်သံတွေရော ထိတ်လန့်အံ့ဩပြီး ရေရွတ်တဲ့ အာမေဍိတ်သံတွေရော ညံသွားတယ်။

ညီညီက သူ့ပါးလေးကို အသာစမ်းရင်း မျက်နှာငယ်လေးနဲ့ အပေါ်စီးကနေ ငုံ့မိုးကြည့်နေတဲ့ အဘွားကြီးကို ကြည့်ရင်း . . .

"အ . . . အဘွား၊ သား ဘာလုပ်လို့လဲဟင်"

လို့ မေးလိုက်တယ်။ ဒါပေမယ့် အဘွားကြီးက ဘာမှမပြောဘူး။ ညီညီ့မျက်နှာကိုသာ ငုံ့မိုးစိုက်ကြည့်နေရင်းကနေ ကျန်နေသေးတဲ့ ပါးတစ်ဖက်ကိုပါ အားကုန်လွှဲရိုက်ချလိုက်ပြန်တယ်။

"ဖြောင်း !"

"အမလေး !"

ပါးနဲ့ လက်ဝါး ထိခတ်သံက အကျယ်ကြီး။ အိုသာအိုတာ လက်ဆက တော်တော်ပြင်းသေးတယ်။ မုတ်သုန်နဲ့ တေဇကလည်း ကြောင်ပြီး ဘာလုပ်လို့ဘာကိုင်ရမှန်း မသိဘဲ မင်သက်နေမိကြတယ်။ ညီညီ့မှာတော့ အမလေးတောင် ပီအောင် မအော်လိုက်နိုင်ရှာဘူး။

"အဘွား . . . သား ဘာလုပ်"

မဆုံးလိုက်။ ညီညီ့မေးသံက မဆုံးလိုက်။ အဘွားကြီးက ဖြောင်းခနဲ မြည်အောင် တီးလိုက်ပြန်တယ်။ ဒီတစ်ခါတော့ နှုတ်က . . .

"နင် ငါ့ကို ပြန်မမေးနဲ့ . . ."

"ဗျာ !"

"မဗျာနဲ့၊ လာလေရော့ တစ်ချက်"

"ဖြောင်း . . ."

"အား . . ."

"မအားနဲ့၊ သွားကျိုးသွားမယ်"

"ဖြောင်း"

"ဟင်! "

"မဟင်နဲ့ . . . နင်သွားမယ် . . . ရော့"

"ဖြောင်း . . ."

မနေသာတော့ . . .။ တေဇနဲ့ မုတ်သုန်က အဘွားကြီးကို တစ်ဖက်တစ်ချက်ကနေ ဝင်ချုပ်ရတယ်။ ချုပ်တော့လည်း ကြောက်ကြောက်လန့်လန့်နဲ့ ချုပ်တာဆိုတော့ အဘွားကြီးက လက်တွေကို ဆန့်တန်းပြီး ရုန်းလိုက်တဲ့အခါ နှစ်ယောက်စလုံး နောက်ကို ပက်လက်လန်ကုန်တယ်။ ဒီမှာတင်ပဲ လွတ်ထွက်သွားတဲ့ အဘွားကြီးက ညီညီ့ကို လည်ပင်းညှစ်တော့တယ်။

ပါးစပ်ကလည်း အသံကုန်ထုတ်ပြီး . . .





www.burmeseclassic.com

www.burmeseclassic.com



"နင် အခုထိ မတော်သေးဘူးလား . . ."

ဆိုပြီး အော်ချလိုက်တာ အိမ်ကြီးထဲမှာ ဟိန်း ထွက်သွားတယ်။ ဒီမှာတင်ပဲ ဝါးပင်ပျိုတို့ရော၊ မီးဖိုချောင်ထဲ က ဝါးပင်ပျို့အမေရောပါ ဒရောသောပါးနဲ့ ပြေးဝင်လာပြီး အဘွားကြီးကို ဆွဲကြဖျန်ကြနဲ့ ပွက်လောကို ရိုက်သွားတော့ တာပဲ။

ဝါးပင်ပျိုက အဘွားဖြစ်သူကို အသာထိန်းထား ရင်းကနေ . . .

"အဘွား . . . အဘွားက ဘာလို့ ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို ပါးရိုက်ရတာလဲ အဘွားရဲ့၊ အားနာစရာတွေ ဖြစ် ကုန်ပါပြီ၊ အဘွားနဲ့တော့ စိတ်ညစ်ပါတယ်"

လို့ ဆိုတော့ အဘွားကြီးက ဒေါသတကြီးနဲ့ ပြန် အော်တယ်။

"နင် ဘာသိလို့လဲ . . . နင် ဘာသိလို့ ပြောနေတာလဲ သူက သူများအိမ်ကိုလည်း လာသေးတယ်၊ ဧည့်ခန်းထဲမှာ အပျိုလေးတစ်ယောက်တည်းရှိနေတဲ့ ငါ့ကိုလည်း မျက်စိတွေ မှိတ်ပြနေသေးတယ်၊ မှိတ်တာတောင်မှ တစ်ဖက်တည်း အား မရလို့ စုံမှိတ်မှိတ်ပြနေတာ နင် သိလို့ လား၊ ဟွန်း . . . အပျိုလေးတစ်ယောက်တည်းဆိုပြီး လာမစမ်းနဲ့ . . . သေ သွားမယ်"

အဘွားဖြစ်သူရဲ့ စကားလုံးဆုံးရော ဧည့်ခန်းထဲ





မှာရှိတဲ့ သူတွေအကုန်လုံး ငိုရအခက် ရယ်ရအခက် ဖြစ်ကုန် တယ်။ ဘာကို ဘယ်လို ရှင်းပြရမှန်းကို မသိတော့ဘူး။

နောက်တော့ ဝါးပင်အမေက ဝါးပင်အဘွားကို အခန်းတစ်ခုထဲ အသာခေါ်သွင်းသွားရတယ်။ ဒီတော့မှ ဝါး ပင်က ညီညီ့ကို အားနာသလိုကြည့်ရင်း . . .

"ညီညီ . . . တော်တော်နာသွားလားဟင်၊ ငါ အနူး အညွတ် တောင်းပန်ပါတယ်ဟာ . . . နော်၊ ငါ့အဘွားက နည်းနည်း သူငယ်ပြန်နေလို့ပါ . . . ဆောရီးဟာ နော်"

"ရ ရပါတယ်ဟာ . . . ပြော ပြောလောက်အောင် နာပါဘူး"

မနာပါဘူးသာဆိုတာ ပါးနှစ်ဖက်က ရဲချိတ်နေပြီ။ ညီညီ့ကိုကြည့်ပြီး အကုန်လုံးက ပြုံးစိစိ။ ရယ်တော့ မရယ် ကြဘူး။ ရယ်ချင်စိတ်ကို မနည်းအောင့်ထားရတဲ့ ရုပ်တွေ။

"ဒါနဲ့ နင့် လေကားပေါ်က ပြုတ်ကျလို့ဆို . . ."

မုတ်သုန့်အမေးကို ဝါးပင်က ရှက်ကိုးရှက်ကန်း ပုံနဲ့ ခေါင်းညိတ်ပြလိုက်ရင်း . . .

"အင်း . . . ဟုတ်တယ်"

"ဘာဖြစ်သွားသေးလဲ၊ တော်တော်ထိသွားတာလား"

"အဟင်း . . . ဘာမှ မဖြစ်ပါဘူးဟာ၊ အခု နင်တို့ မြင်တဲ့အတိုင်းပဲ၊ ဖြစ်စတုန်းကသာ ခြေထောက်က တော် တော်နာနေလို့ ကျောင်းဖျက်လိုက်တာ၊ အခု ကောင်းသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဝါးပင်ပျိုစကားအဆုံး တေဇက သက်ပြင်းကို ဟင်း ခနဲချလိုက်ကာ . . .

"မသိပါဘူးဟာ၊ ငါတို့က နင့်ကို တော်တော်မှာ ထိသွားသလားလို့၊ ပြီးတော့ နင်က အပေါ်ထပ်က တော်တော် နဲ့မှ ဆင်းမလာတာ"

"အဲ . . . အဲဒါက ငါ ရေချိုးရင်းတန်းလန်းကြီး ဖြ နေလို့"

ဒီအချိန်မှာပဲ စောစောက ဝါးပင်ပျို့အဘွား ဧည့်ခန်းထဲကို ပြန်ဝင်လာတယ်။ ညီညီက ကြောက်အားလ အားနဲ့ သူ့ပါးနှစ်ဖက်ကို လက်နှစ်ဖက်နဲ့ဖိကပ်ပြီး ဖုံးထား တယ်။ တေဇနဲ့ မုတ်သုန်တို့နှစ်ယောက်လည်း သတိအနေ အထားရောက်သွားတယ်။ ဒီတစ်ခါ သူတို့နှစ်ယောက်အလှည့် ရောက်မလာဘူးလို့ မပြောနိုင်ဘူးလေ။

အဘွားကြီးက စောစောကလိုပဲ မုတ်သုန်တို့ သုံးယောက်ရှေ့မှာရပ်ပြီး တစ်ယောက်ချင်းကို စေ့စေ့စပ်စပ် ကြည့်တယ်။ ညီညီက သူ့ရဲ့ အကြောဆွဲနေတဲ့ မျက်လုံးတွေကို မြင်မှာစိုးလို့ ခေါင်းကို ငုံ့ထားလိုက်တယ်။

ဒီတစ်ခါတော့ အဘွားကြီးရဲ့အကြည့်က တေဇ ဆီမှာ ရပ်တန့်သွားပြီး တေဇကို လက်ညှိုးနဲ့ ထိုးလိုက်ကာ. . .

"နင် . . . "

တေဇခန္ဓာကိုယ်က ဆတ်ခနဲတုန်သွားတယ်။ ဒီတစ်ခါ





အလှည့်ပေါ့လို့ တွေးပြီး ပါးနှစ်ဖက်ကို အသာစမ်းမိတယ်။ ခြေအနေမကောင်းရင် လစ်ပြေးဖို့ကိုပါ တစ်ခါတည်း တွေး ထားလိုက်တယ်။ ဒါပေမယ့် အဘွားကြီးဆီက ထွက်လာတဲ့ စကားက . . .

"ဟိုဘက်မှာ သွားထိုင် . . . "

တဲ့ . . .။

တေဇက ခေါင်းကို ခပ်သွက်သွက်ညိတ်ပြလိုက်ရင်း . . . 'ဟုတ် . . . ဟုတ်ကဲ့' ဆိုပြီး အဘွားကြီး ညွှန်ပြရာ မှာ သွားထိုင်လိုက်ရတယ်။ ဒီတော့မှ အဘွားကြီးက တေဇ ထိုင်ခဲ့တဲ့ခုံမှာ ဝင်ထိုင်လိုက်ပြီး မုတ်သုန်ဘက်ကို လှည့်ကာ ပြုံးပြလိုက်ရင်း . . .

"အဟင်း . . . ငါက နင်နဲ့ ခင်ချင်လို့"

"ဗျာ!"

"နင်နဲ့ ခင်ချင်လို့ပါဆို၊ နင့်နာမည် ဘယ်လိုခေါ်လဲ"

"မုတ် . . . မုတ်သုန်ပါ"

"ဟယ် . . . နာမည်လေးက လှလိုက်တာ"

ဆိုပြီး မုတ်သုန့်လက်မောင်းကို ဖတ်ခနဲ ရိုက်တယ်။ သူ့ကိုကြည့်ပြီး သူ့ဇာနဲ့မွန်ကြည်ထွေးဆီက ရယ်သံတွေ တခစ်ခစ် ထွက်လာတော့တယ်။

"ငါ့နာမည်လည်း မှတ်ထားနော်၊ ငါ့နာမည်က မူမူတဲ့"

အဘွားကြီးနာမည်က ဒေါ်မြမူပါ။ မူမူဆိုတာက



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးငယ်ငယ်တုန်းက ချစ်စနိုးနဲ့ အခေါ်ခံရတဲ့ နာမည်

"ဟုတ်ကဲ့ . . . ကျွန်တော် မှတ်ထားပါ့မယ်"

"လမ်းမှာတွေ့ရင်လည်း ခေါ်နော်"

"ဟုတ် . . . ဟုတ်ကဲ့"

"ညကျရင်လည်း ဖုန်းဆက်ဦး . . ."

"ဟုတ် ဟုတ်ကဲ့ခင်ဗျ"

"ဒီဘက်နည်းနည်းတိုး . . ."

"ဗျာ!"

မှတ်သုန်ကြောင်သွားတယ်။ အဘွားကြီးက ဒါကို မျက်စောင်းထိုးလိုက်ရင်း . . .

"ပြောစရာရှိလို့ ဒီဘက်နည်းနည်းတိုးပါဆို"

"ဒီ ဒီအတိုင်းပြောလို့ မဖြစ်ဘူးလား"

"ကျွတ် . . . ငါက နားနားကပ်ပြီး တိုးတိုးလေး ပြော ချင်တာ"

ဒါနဲ့ မှတ်သုန်က အဘွားကြီးဒေါ်မြမူဘက်ကို နားလေးအသာတိုးကပ်ပေးလိုက်တယ်။ ဒီမှာတင်ပဲ အဘွား ကြီးက ဘယ်သူမှ ထင်မှတ်မထားတဲ့ လုပ်ရပ်တစ်ခုကို လုပ်ခ ပစ်လိုက်တော့တာပဲ။

အဘွားကြီးက ခေါင်းလေးအသာတိုးကပ်ပေးလာတဲ့ မှတ်သုန်ပါးကို ရှုးခနဲမြည်အောင် နမ်းပစ်လိုက်တော့တာ။ ထင်မှတ်မထားတော့ မှတ်သုန်အပါအဝင် အားလုံး အံ့သြ







ခင်သက်ကုန်တော့တယ်။ အဘွားကြီးကတော့ အောင်နိုင်သူ ဘစ်ယောက်လိုပြုံးလိုက်ရင်း မှတ်ချက်ပြုရှာပါတယ်။

"ပါးကလေးက မွှေးသားပဲ"

တဲ့ . . .။

◆◆◆◆◆◆





www.burmeseclassic.com

www.burmeseclassic.com

# အခန်း

[illegible]



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... ၁

ကျောင်းပိတ်ရက်မို့ မနက်ကိုးနာရီလောက်မှ အိပ်ယာထကာ Breakfast စားနေတုန်းမှာပဲ သူ့ handphone က မြည်လာတယ်။ သူက အစားစားနေတာမို့ စိတ်ပျက်သွားရကာ phone နံပါတ်ကိုပင် ကြည့်မနေတော့ဘဲ phone ကို ဖွင့်နားထောင်လိုက်ကာ . . .

"ဟယ်လို . . ."

"မှတ်သုန်လား . . ."

ဖုန်းထဲကထွက်လာတဲ့ ဝါးပင်ပျို့ရဲ့အသံကြောင့် သူက စိတ်ထဲ တစ်မျိုးလေးဖြစ်သွားရကာ . . .

"အင်း . . . ဝါးပင်လား၊ ပြောလေ . . ."

"ငါမပြောဘူး၊ ပြောချင်တဲ့သူ ရှိတယ်၊ ကိုင်ထား"



www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် အံ့သြသွားရကာ သူက Breakfast စားနေခြင်းကိုပင် ရပ်တန့်ပစ်လိုက်ပြီး တစ်ဖက်က အသံကို နားစွင့်နေလိုက်တယ်။ သိပ်မကြာပါဘူး . . .

"ဟယ်လို . . . မုတ်သုန်လား"

"အင်း . . ဘယ်သူလဲ"

"ငါပါဟဲ့ . . . မူမူလေ"

"မူမူ!"

'မူမူ' ဆိုတဲ့နာမည်ကြောင့် သူက ကြောင်သွားရပြီးမှ ရုတ်တရက် တစ်စုံတစ်ယောက်ကို မျက်လုံးထဲ ပြေးမြင်မိသွားတဲ့အခါ . . .

"ဟင်!"

စားနေတဲ့ မြီးရှည်က လည်ပင်းထဲမှာ တစ်ဆို့ကာ နင်သွားရတော့တယ်။ လူကလည်း သတိဆွဲပြီးသား ဖြစ်သွားတယ်။

"ဟဲ့ . . . ဘာလို့ ငြိမ်သွားရတာလဲ၊ မမှတ်မိဘူးလား"

သူ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတယ်။ နောက်တော့ အကြံတစ်ခုရသွားကာ ဖုန်းကို ပါးစပ်နှင့် နီးလိုက်ဝေးလိုက်လုပ်ပစ်လိုက်ပြီး . . .

"ဟယ်လို . . . ဟယ်လို . . . ဘာမှ မကြားရဘူး၊ ဟယ်လို . . . အသံကြားလား၊ ဟယ်လို . . . ဟယ် . . . လို ဘာမှ မကြားရတော့ဘူး . . . ဟယ်လို"





လို့ phone မံမိချင်ယောင်ဆောင်ကာ ပိတ်ပစ်လိုက်တယ်။ နောက်တော့ စိတ်ချသွားရအောင် ပါဝါမီးကိုပါ တစ်ခါတည်း ပိတ်ပစ်လိုက်ပြီး Breakfast ကို ဆက်စားတယ်။ သူ့လုပ်ရပ်အတွက်လည်း သူ့ကိုယ်သူ ပြုံးလိုက်မိသေးတယ်။

ဒါပေမယ့် ပြဿနာက သူထင်သလို ပြီးမသွား။ ပြဿနာက အိမ်ရှေ့အထိ ကားစီးပြီးရောက်လာတယ်။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



အခါမ်ရှေ့က ကားဟွန်းသံကြောင့် ဖတ်လက်စ စာအုပ်ကို ဆိုဖာပေါ် ပစ်တင်ခဲ့လိုက်ပြီး ခြံဝဆီ ထွက်လာခဲ့လိုက်တယ်။ ခြံစောင့်ဦးလေးကြီးရှိပေမယ့်လို့ အမေက အပြင်ခိုင်းလိုက်တော့ တံခါးဖွင့်ပေးဖို့က သူတစ်ယောက်ပဲရှိတယ်လေ။

"တီ . . တီ . . .
တီ . . တီ . . ."

ကားဟွန်းသံက အဆက်မပြတ် ထွက်ပေါ်လာတယ်။ ဒါကြောင့် သူက ခြေလှမ်းကို ပိုသွက်ပစ်လိုက်ရင်း . . .

"လာပြီဟ . . . လာပြီ၊ ဘယ်လိုဖြစ်နေတာလဲ"

တံခါးကို ဖွင့်လိုက်စဉ်မှာတော့ သူမှာ မျက်လုံး ပြူးရတော့တယ်။ တံခါးဝမှာရပ်နေတာက ဝါးပင်ပျို။

"ဟာ . . . ဝါးပင်"

သူ့အံ့သြမှုက ဒီမှာမဆုံးသေး။ သူ့မနောက်က ကားပေါ်က ဆင်းလာတဲ့သူကို မြင်ရစဉ်မှာတော့ . . .

"ဟင် . . . အ . . . အဘွား"





ဆိုပြီး မင်သက်နေမိတယ်။ ဝါးပင်ပျိုက . . .

"အဲဒီမှာလေ . . . တစ်မနက်ခင်းလုံး နင့်ဆီကို ဖုန်းဆက်ပေးပါဆိုပြီး ဂျစ်တိုက်နေတာ နားကိုပူနေတာပဲ၊ ဘာကျွေးကျွေး မစားဘူး၊ ဒါနဲ့ ဖုန်းဆက်ပေးတော့လည်း နင့်ဖုန်းက လိုင်းမမိဘူး၊ အဲဒီမှာတင်ပဲ နင့်ဆီ လိုက်ပို့ပေးပါဆိုပြီး ဖြစ်တော့တာပဲ၊ မပို့ပေးတော့ အိမ်မှာ ပန်းကန်တွေခွဲ၊ မှန်တွေခွဲပြီး ဆန္ဒပြနေတာ၊ မနိုင်တော့ဘူး၊ ကြည့်ကျက်ပြောပါဦးဟာ၊ စိတ်ညစ်လွန်း လို့ . . ."

ဝါးပင်ပျိုရဲ့ ညည်းချင်းအဆုံးမှာပဲ အဘွားဒေါ် မြမှုက အနားရောက်လာရင်း . . .

"မှတ်သုန် . . . နင်ကလည်း အိမ်လည်တောင် မလာဘူး၊ ဖုန်းလည်း မဆက်ဘူး၊ ငါ့မှာတော့ လွမ်းလိုက်ရတာ"

"ဗျာ !"

"မဗျာနဲ့၊ လာ . . . အိမ်လိုက်ခဲ့"

"ဟို . . . ဟိုဟာ"

သူက အကြောင်းတစ်ခုခုပြဖို့ ပြင်လိုက်ပေမယ့် မရတော့ဘူး။ အဘွားဒေါ်မြမှုက သူ့လက်ကိုဆွဲပြီး ကားထဲ ခေါ်သွင်းတော့တာပဲ။ ဘယ်လိုမှ မတတ်သာတဲ့အဆုံး သူလည်း ကားပေါ်ကို ယက်ကန်ယက်ကန်နဲ့ တက်လိုက်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝါးပင်ပျိုကတော့ နောက်ကြည့်မှန်ထဲမှာပေါ်နေတဲ့ အဘွားဖြစ်သူနဲ့ မုတ်သုန်ကိုကြည့်ရင်း စိတ်ရှုပ်ရတဲ့ကြားက ရယ်မိသေးတယ်။ မုတ်သုန်မျက်နှာကလည်း အီးမှန်ထားတဲ့ မျက်နှာကျနေတာပဲ။

ဒီလိုနဲ့ သူမတို့အိမ်ရောက်လာတယ်။ ပထမဆုံး အနေနဲ့ ဘာမှ ကျွေးမရသေးဘူးဆိုတဲ့ အဘွားကို မုတ်သုန်က ချော့မော့ပြီးတော့ ထမင်းစားခိုင်းရတယ်။ အဘွားက မုတ်သုန် ပြောတော့လည်း ချောနေတာပဲ။ ထမင်းကို အသာတကြည် စားတယ်။ ထမင်းစားပြီးတော့လည်း မုတ်သုန်ခပ်ပေးတဲ့ရေ ကိုမှ သောက်ချင်ပါတယ်ဆိုလို့ ရေခပ်ပေးရပြန်ရော။

ဒါတင်လားဆိုတော့ မကသေးဘူး။ ထမင်းတွေ တအားစားပြီး ဗိုက်တင်းသွားဟန်ရှိတဲ့ အဘွားက ဝါးခန် သမ်းဝေလိုက်ရင်း . . .

"ပျင်းစရာကောင်းလိုက်တာဟယ်၊ ဟဲ့ . . . မုတ်သုန် နင် ငါ့ကို သီချင်းဆိုပြ"

"ဗျာ!"

"သီချင်းဆိုပြပါဆို၊ နင်ကလည်း နားများလေးနေလား မသိဘူး၊ ပြောလိုက်တိုင်း တဗျာဗျာနဲ့ . . ."

မုတ်သုန် အကြံအိုက်သွားရတယ်။ ဘာလုပ်ရမှန်း မသိစွာ ဝါးပင်ပျို့ဆီ အကူအညီ ရလိုရငြားကြည့်မိတော့လည်း သူမက ဘာမှမတတ်နိုင်ဘူးဆိုတဲ့အထာနဲ့ ပုခုံးနှစ်ဖက်ကို





. . . ပါပါတွန့်ပြတယ်။

"ဟို . . . ကျွန်တော်က သီချင်းမဆိုတတ်ဘူး အဘွားရဲ့"

"ဘာအဘွားလဲ . . . မူမူပါဆို . . ."

"ဪ . . . မေ့လို့၊ မူမူ . . . မူမူရဲ့"

"ရတဲ့သီချင်း ဆိုပြပေါ့လို့၊ တစ်ပုဒ်တစ်လေတော့ . . . ပါနေ**"

"ဟို . . . ဂစ် . . . ဂစ်တာလည်း မရှိဘူးလေ"

"တမလေး မပူနဲ့၊ ဟဲ့ . . . ဝါးပင် နင့်အခန်းထဲမှာ ဂစ်တာတစ်လက်ရှိတယ်လေ၊ အဲဒါ သွားယူ . . ."

အဘွားစကားကြောင့် သူမျက်ခုံးတွေက ပင့်တက် သွားရတယ်။ သူမက ဂစ်တာတီးလေ့ရှိတယ်တဲ့လား။ အံ့ဖွယ် ကောင်းလေစွ။ ထင်မထားချေ။ ဒါပေမယ့် သူမက သွားမယူ . . .။

ထိုင်ရာက မထသေးဘဲ ပေကပ်ကပ်လုပ်နေတဲ့ သူမကို အဘွားက . . .

"ဟဲ့ . . . သွားလေ၊ ဘာလုပ်နေတာလဲ"

လို့ ဆိုတော့မှ ဝါးပင်ပျိုက စိတ်ကို ဒုန်းဒုန်းချ လျှော့လိုက်ဟန်နဲ့ သက်ပြင်းကို ဟင်းခနဲချလိုက်ကာ အပေါ် ထပ်ကို တက်သွားတယ်။ သိပ်မကြာပါဘူး။ ဂစ်တာတစ်လက် ကို ရင်ခွင်ပိုက်ပွေ့ပြီး ဆင်းလာပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com





အဘွားလုပ်သူက ဝါးပင်လာနေတာကို စိတ်မရှည်တော့ဘူး။ အနားကိုရောက်လာအောင်ပင် မစောင့်ဘဲ ထိုင်ရာက ထသွားပြီး ဝါးပင်ပျို့လက်ထဲက ဂစ်တာကို ဆွဲယူလိုက်ကာ မုတ်သုန်ကို ထိုးပေးလိုက်ရင်း . . .

"ကဲ . . . ရော့၊ သီချင်းဆိုပြတော့"

လို့ ဆိုတယ်။ မုတ်သုန်က ဂစ်တာကို ကြောင်နန်နဲ့ ယူထားလိုက်ပြီးမှ . . .

"ဘာ . . . ဘာသီချင်း ဆိုပြရမှာလဲ"

လို့ မေးလိုက်တယ်။ ဒါကို အဘွားကြီးက မုတ်သုန်ဘေးမှာ ဝင်ထိုင်လိုက်ရင်း နားထင်ကို လက်ညှိုးနဲ့ထောက် စဉ်းစားဟန်ပြုကာ . . .

"အင်း . . . Rဇာနည့်သီချင်း ဆိုပြ"

"ဟာ . . . ကျွန်တော်က Rဇာနည်သီချင်းတွေ သိပ်မရဘူး မူမူရဲ့"

"ဒါဆို အေသင်ချိုဆွေရဲ့ တင်းတယ် တင်းတယ် ဆိုပြ"

"အင် . . . အဲဒါကြီးက မိန်းကလေးသီချင်းကြီးလေ"

"အဲဒါဆို ဇော်ဝင်းထွဋ်သီချင်းတွေရော"

"အဲဒါတွေလည်း မရဘူး . . . အဟဲ"

"ဟင်း . . . နင်ကလည်း ဘယ်သီချင်းမှ ရတယ်လို့ကို မရှိဘူး၊ မသိတော့ဘူးဟာ၊ နင်ရတဲ့သီချင်းပဲ ဆိုပြတော့"



သူက ဘာဆိုရမှန်းမသိစွာ ခေါင်းကုတ်ရင်း စဉ်းစားတယ်။ နောက်တော့ စဉ်းစားရင်း စဉ်းစားရင်းနဲ့ သူနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ သူမဆီကို အကြည့်ရောက်သွားတယ်။ ဒီမှာတင်ပဲ သူ့ခေါင်းထဲ လက်ခနဲ ဖြစ်သွားပြီး သီချင်းတစ်ပုဒ်ကို သွားသတိရတယ်။

ဒါနဲ့ သူက ဂစ်တာကို ကြိုးညှိကာ အသံကောင်းသွားပြီဆိုမှ သီချင်းကို Intro စတီးတယ်။

နေတာအချိန်တွေကြာလာလေ ××× ကြင်နာတာတွေများလာလေ ××× အကြင်နာအချစ်တွေ ဖြစ်ပေါ်နေ ××× အနီးနားကမင်းလေးမြင်အောင် ဖွင့်ပြောဖို့လေ ××× နီးစပ်ခွင့်ပေးပါ ××× ခံစားမှုတွေ ×××

သူ့သီချင်းကို နားထောင်နေရင်း သူမက ခေါင်းလေးတညိတ်ညိတ်နဲ့ သီချင်းထဲမှာ စီးမျောနေတယ်။ သူကလည်း အကြည့်တွေကို သူမဆီ ပို့ထားလိုက်ရင်းက သီချင်းကို mood အပြည့်နဲ့ ဆိုတယ်။ ဘေးနားက အဘွားဒေါ်မြမူကိုလည်း မေ့သွားတယ်။

"နေတာအချိန်တွေကြာလေ ××× ရင်ခုန်သံမြန်လေ ××× အကြင်နာတစ်ဦးအပေါ် တစ်ဦးမှာလေ ××× သိရက်နဲ့ မင်းလေးဟန်ဆောင် ××× နေဦးမလားလေ ××× နီးစပ်ခွင့်ပေးပါ ငယ်သူငယ်ချင်းရေ ×××

မကြာခင် ××× ပြန်ဆုံပါရစေ ××× တို့ဆုတောင်းရင်း



www.burmeseclassic.com

www.burmeseclassic.com



လေ ××× စိတ်ထဲမှာ မှန်းမျှော် ပြန်ပြီးတွေး ××× ဘယ်သူ့အကြင်နာဆုံးလဲ ××× အတိတ်ကို လှမ်းကြည့်လိုက်လေ ××× မြင်နိုင်မယ်ဆို နင် လှမ်းလို့လာခဲ့လေ"

သီချင်းသံက ငြိမ့်ညောင်းစွာ ထွက်ပေါ်နေတယ်။ သူ့အကြည့်နဲ့ သူမအကြည့်ကလည်း ဖျတ်ခနဲ ဆုံသွားတယ်။ ဒါပေမယ့် ခဏလေးပဲ။ သူမက သူ့အကြည့်ကို ရင်မဆိုင်ရဲသလိုနဲ့ အကြည့်ကို လွှဲသွားတော့တယ်။

"ပန်ဆင်ဖို့ ပန်းလေးလို ပွင့်လန်းနေ ××× မပန်ချင်လည်း နှလုံးသားကို ခြွေလိုက်လေ ××× မြေမှာပန်းပွင့်လေးတွေ ××× ကြွေကာလမ်းခင်းပေးနေ ××× လာမှာ လားမင်းအတွက်ဆိုရင်လေ ×××"

ဇော်ပိုင်တောင် သူ့လောက် Mood ကောင်းအောင်ဆိုနိုင်မယ် မထင်ပါ။ သူကတော့ စိတ်တွေကို သီချင်းထဲမှာ နှစ်ပြီးတော့ကို ဆိုနေမိတော့တာပင်။

"မြေမှာပန်းပွင့်လေးတွေ ××× ကြွေကာလမ်းခင်းပေးနေ ××× လာမှာလား မင်းအတွက်ဆိုရင်လေ ×××"

သီချင်းသံဆုံးသွားတော့ သူမက မှတ်ချက်ပြုတယ်။

"ကောင်းသားပဲ . . ."

အဲ . . .။ သူ့ဘေးက ပရိသတ်ကတော့ ဆိုဖာကို နောက်မှီကာ အိပ်ပျော်သွားရှာပြီ။ ဒါနဲ့ အဘွားကို အခန်းထဲအရောက် ပွေ့ပို့ရသေးတယ်။





နောက်တော့မှ သူနဲ့သူမက ခြံထဲက ဒန်းစင် ပေါ်မှာ သွားထိုင်ဖြစ်ကြတယ်။

"ကျေးဇူးပဲဟာ . . . တော်တော်မှ စိတ်အနှောက်အယှက်ဖြစ်သွားရဲ့လား"

သူမအပြောကို သူက ရယ်ကျဲကျဲလုပ်လိုက်ရင်း . . .

"ရပါတယ်ဟ . . . ကိစ္စမရှိပါဘူး၊ အရင်ကဆို ကျောင်းပိတ်ရက်တွေကျရင် အိမ်မှာပျင်းနေတာ၊ ဒီနေ့တော့ မပျင်းရတော့ဘူး"

သူ့စကားကြောင့် သူမက သဘောတကျပြုံးတယ်။ သူ့ရင်ဘတ်အတွင်းပိုင်းဆီက လှိုင်းတစ်ခု ရိုက်ခတ်လာတယ်။ ဝဲဘက်ရင်အုံဆီကလည်း ဒုတ်ခနဲ ဒုတ်ခနဲ . . .။ ကြာရင်ခက်တော့မှာပဲ . . .။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အကြောင်းကို သူက ညနေဘက် သူငယ်ချင်းတွေ အိမ်လာအလည်မှာ ပြောပြဖြစ်တယ်။ သူက ဒင်းတို့တွေ မလာရင်တောင် ဖုန်းဆက်ပြီး ပြောပြဖို့ စိတ်ကူးထားတာပါ။

"ဒါဆို မင်း ဒီနေ့ တော်တော်လေး ဒုက္ခရောက်ခဲ့မှာပေါ့"

"အင်းပေါ့ကွ ... အဘွားကြီးက အိမ်အထိရောက်လာပါတယ်ဆိုမှ"

"အဘွားကြီးက ငါတို့နှစ်ယောက်ကျတော့ မကြည့်ဘဲနဲ့ မင်းနဲ့မှ လေပေးဖြောင့်နေတာနော်"

တေဇစကားကိုကြားတော့ ညီညီက သူ့ပါးနှစ်ဖက်ကို ယောင်ယမ်းစမ်းကြည့်လိုက်ရင်း ...

"အောင်မလေး ... ငါကတော့ တွေးမိတိုင်း ပါးနှစ်ဖက်က စပ်ဖျင်းဖျင်းနာနေတုန်းပဲ၊ နောင်များတော့ သူ့နဲ့





ဝေးဝေးကရှောင်မယ်"

ညီညီ့စကားကြောင့် မုတ်သုန်က ပြုံးလိုက် ရင်း . . .

"အဘွားဒေါ်မြမှုက မင်းကိုလည်း မေးပါတယ်ကွ၊ အိမ်လည်လေးဘာလေး လာခဲ့ပါဦးတဲ့ ..."

"အောင်မလေး ... လေး ... မသွားရဲပါဘူးဗျာ၊ ဒီတစ်ခါသာဆိုရင် အသက်ပျောက်မှာသေချာတယ်"

ပြောပြီး သုံးယောက်သား တဟားဟား အော်ရယ်မိကြတယ်။ ရယ်သံတွေရပ်သွားမှ တေဇက တစ်ခုခုကို သတိရသွားဟန်နဲ့ မုတ်သုန်ကို ကြည့်လိုက်ရင်း ...

"ဒါနဲ့ ငါ မင်းကို မေးစရာတစ်ခုရှိတယ် မုတ်သုန်၊ အမှန်အတိုင်းတော့ ဖြေနော်"

"ထူးထူးဆန်းဆန်းကွာ ... ဘာမေးမှာလဲ ... မေး"

"မင်း ဝါးပင်ပျိုကို ကြိုက်နေလား"

တေဇမေးခွန်းက ရင်ဘတ်ကို အွတ်ခနဲမြည်အောင် ဝင်ဆောင့်တယ်။ ပြီးတော့ ဟိုးအတွင်းပိုင်းဆီမှာ အမြစ်တွယ်နေရာယူထားခဲ့ပြီဖြစ်တဲ့ ခံစားချက်တစ်ခုက ရုန်းကြွလှုပ်ရှားတာ အိပ်ရာက နိုးလာခဲ့တယ်။

သူက ဝဲဘက်ရင်အုံကို လက်နဲ့ အသာဖိထားလိုက်ရင်း ...

"ငါ သူ့ကို ကြိုက်နေတာ မဟုတ်ဘူး၊ ချစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တယ်။ ဒီစကားလေး ပြောလိုက် တာနဲ့ကို ရင်ခုန်သံတွေက ဆူညံပေါက်ကွဲထွက်လာတယ်။

“ဒါဆို မင်း ဘာလို့ဖွင့်မပြောသေးတာလဲ၊ သူမ နောက်ပါသွားမယ်နော်”

“ဟုတ်တယ် . . . မင်း ရင်ဖွင့်လိုက်တော့”

တေဇနဲ့ ညီညီစကားကို သူက ပြုံးမိတယ်။ အန ဆိုတာ အလောသုံးဆယ်လုပ်လို့မရတာ သူတို့တွေ မကြားဖူးကြ သေးဘူး။

“ငါ ဖွင့်ပြောမှာပါ၊ ဒါပေမယ့် အချိန်တစ်ခုကို စောင့် ချင်သေးတယ်”

“ဘာလုပ်ဖို့လဲ . . .”

မေးမှမေးပါ့မလားလို့၊ သူက ဒီမေးခွန်း ထွက်လာ ဖို့ကိုပဲ စကားမြောင်းဖောက်ပေးနေမိတာ။

“အခုမြင်အခုကြိုက်လို့ ငါ့ကို သူထင်သွားမှာစိုးလို့ပါ အခုမြင်အခုကြိုက်ဆိုတဲ့စကားက တော်တော်လေး ပေါ့ပျက် ပျက်နိုင်တယ်လို့ ငါထင်တယ်၊ ငါ့အချစ်က လေးနက်မှုရှိတယ် ဆိုတာ သူ့ကိုသိစေချင်တယ်၊ တကယ်တော့ ငါ သူ့ကိုမြင်မြင် ချင်း ကြိုက်ခဲ့တာ မဟုတ်ဘူးဆိုပေမယ့် မြင်ပြီး သိပ်မကြာ ခင်မှာပဲ ချစ်သွားခဲ့မိတာပါ၊ ဒါပေမယ့် ငါ့အချစ်က လေးနက် စစ်မှန်ပါတယ်”

ညီညီနဲ့ တေဇက သူ့ကို မမြင်ဖူးတဲ့ လူတစ်





ယောက်လို ကြည့်လာတယ်။ ဒီတော့မှ သူလည်း သူ့ကိုယ်သူ ကိုယ်ရှိန်သတ်ကာ ဖြန့်ကျဲထားတဲ့ ခံစားချက်တွေကို ပြန်ရိတ် သိမ်းရတယ်။ ဒင်းတို့က ဉာဏ်ရည်သိပ်မြင့်တာမဟုတ်ဘူး။ စကားလုံးအမြင့်ကြီးတွေ သွားကျွေးရင် ရူးကုန်လိမ့်မယ်။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၂၂



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ... ၂

မွေးမိခင်၏ မဲဆွယ်မှုကြောင့် ယုဇနပလာဇာသို့ ပါလာရပေမယ့် သူက စိတ်တော့မပါချေ။ မွေးမိခင်က ဈေးတစ်ခေါက်သွားရင် တော်တော်နှင့် ဝယ်ခြမ်းလို့ မပြီးတတ်။ အမေ့တမောနှင့် ဆိုင်ရှိသမျှပတ်ကာ လိုအပ်သော ပစ္စည်းများကို အလုံးအရင်း လိုက်ဝယ်တတ်တဲ့အကျင့်ရှိလေရာ သူမသွားလေရာနောက်သို့ အထုပ်အပိုးတွေ မနိုင်မနင်းဆွဲပြီး သူက အမြဲတမ်း ခြေတိုအောင် လိုက်ရတော့တာ။ အခုလည်းကြည့်ဦး။ မွေးမိခင်ဝယ်မည့်ပစ္စည်းတွေက (A4) စာရွက်နဲ့ သုံးမျက်နှာကြီးများတောင်။ သေချာပေါက် နေကုန်အောင် ပတ်ရတော့မှာ။

သူက ကားပေါ်မှဆင်းကာ အမေ့လက်ထဲမှာ ကိုင်ထားတဲ့ ပစ္စည်းစာရင်းစာရွက်ကြီးကို ကြည့်မိရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"အမေ . . . အဲဒီပစ္စည်းတွေကို အကုန်ဝယ်မှာလား ဟင်"

"အေးပေါ့ . . . ဝယ်မလို့ စာရင်းရေးလာတာပေါ့"

"မများဘူးလားအမေရာ၊ ဒါတွေသာ အကုန်ဝယ်ရရင် ဘယ်တော့များမှ ဝယ်လို့ပြီးမှာလဲ"

"ဘယ်အချိန်ပြီးပြီးပေါ့ဟဲ့၊ ဒီပစ္စည်းတွေက အိမ်မှာ အခု တကယ်လိုအပ်နေတာတွေချည်းပဲ၊ နင်ဟာလေ . . . တစ်ခါတစ်လေလေး ကိုယ့်အမေကို ဈေးလိုက်ပို့ရတာများ ညည်းနေသေးတယ်"

အမေက ဗျစ်တောက်ဗျစ်တောက်ပြောရင်း ရှေ့က လျှောက်သွားတယ်။ သူကတော့ နောက်ကနေလိုက်ရင်း စိတ်ညစ်ညူးစွာ ခေါင်းတွေကို တဗျင်းဗျင်းကုတ်နေမိတော့တယ်။ ဒါနဲ့ ဈေးဝယ်တာ အမြန်ဆုံးပြီးမယ့်နည်းလမ်းကို ရှာနေမိတယ်။ နောက်တော့ သူက အကြံတစ်ခုရသွားရကာ လက်ဖျောက်တစ်ချက်တီးလိုက်ရင်း . . .

"အမေ့ . . . "

အမေက မကြား။ သူ့ပစ္စည်းစာရင်းစာရွက်ဆီမှာသာ အာရုံရောက်နေတယ်။

"အမေ . . . "

ဒါလည်း မကြားသေး။ ဒါနဲ့သူက အသံအကျယ်ကြီး အော်ချလိုက်တော့တယ်။





"အမေ !"

သူ့အသံက တော်တော်ကျယ်တော့ ရှေ့ကသွားနေတဲ့ အမေတောင် တုန်သွားတယ်။ အမေကအလန့်တကြား နောက်ကိုလှည့်ကြည့်လာရင်း . . .

"ဟဲ့ . . . ဘာလို့ ဒီလောက်အော်ခေါ်ရတာလဲ၊ လန့်သွားတာပဲ"

"အမေကမှ မကြားတာ . . . "

"ကဲ . . . အခုကြားပြီ၊ ပြော . . . ဘာပြောမှာလဲ ပြော"

"ဈေးဝယ်တာကို အမေနဲ့သားနဲ့ ခွဲဝယ်ရအောင်"

"ဘယ်လိုဝယ်မှာလဲ . . . "

"အမေတစ်ဝက် သားတစ်ဝက်ပေါ့၊ ဒါဆို အချိန်မကုန်ဘဲ အမြန်ပြီးရော . . . မဟုတ်ဘူးလား"

သူ့စကားဆုံးတော့ အမေကစဉ်းစားဟန်ပြုတယ်။ ပြီးမှ သူ့ကို မျက်စောင်းထိုးလာရင်း . . .

"ဟွန်း . . . ဒါမျိုးတော့ဖြစ်တယ်၊ တစ်ကိုယ်လုံး ဉာဏ်တွေချည်းပဲ"

လို့ ဆိုလာတယ်။ သူက မချိုမချဉ် ပြုံးလိုက်ပြီး လက်တစ်ဖက်ဖြန့်ကာ အမေ့ဆီက ဈေးပစ္စည်းစာရင်းစာရွက်ကို တောင်းတော့ အမေက စာရင်းစာရွက်တစ်ရွက်ကို ကမ်းပေးလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ပါ . . . နင်က တစ်ရွက်ပဲဝယ်၊ ငါ့ဘာသာပဲ ကျန်တဲ့နှစ်ရွက် ဝယ်လိုက်ပါ့မယ်၊ ဈေးဝယ်ပြီးရင် ဘယ်မှာ ဆုံမှာလဲ ပြောဦး"

"ကားပါကင်မှာပဲ ဆုံမယ်လေ . . ."

"ပြီးရော . . ."

နောက်တော့ သူနဲ့အမေ ဈေးလျှောက်ဝယ်ကြတယ်။ သူ့စာရင်းစာရွက်ထဲမှာ ပါလာတဲ့ပစ္စည်းတွေက အချိုတည်း စရာမုန့်တွေတို့၊ ကော်ဖီမစ်၊ အိုတာတင်း၊ တစ်ရှူး စတဲ့ ပေါ့ပေါ့ပါးပါးဝယ်လို့ရတဲ့ ပစ္စည်းတွေချည်းပါပဲ။ ပြီးတော့ အသီးတွေလည်းပါတယ်။ သူက ပန်းတစ်ချက်တွန့်ကာ လေ ချွန်လိုက်ရင်း ဈေးဝယ်ခြင်းကို စလိုက်တယ်။

တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ဈေးဝယ်ရင်းကနေ ဆိုင် တစ်ခုကနေ အထွက်မှာ မလှမ်းမကမ်းကလာနေတဲ့ အတွဲ တစ်တွဲကို သွားမြင်တယ်။

"ဟင် ! မိရှား . . ."

သူ့ပါးစပ်က ခပ်တိုးတိုး ရေရွတ်လိုက်မိတယ်။ ဟုတ် ပါတယ်၊ မိရှားမှ မိရှားအစစ်။ ကောင်လေးတစ်ယောက်နဲ့ လက်ချင်းချိတ်ပြီး လမ်းလျှောက်လာနေတာ။ နှစ်ယောက် သား ပြုံးလို့မော်လို့။

"အံမယ် . . . သူက ဒီလိုတွေတောင် ရှိနေမှကိုး"

သူက အဲဒီလိုတစ်ယောက်တည်း ရေရွတ်ပြီး





သဘောတကျ ပြုံးလိုက်မိတယ်။ အစတော့ သူက 'ငါသိတယ်' ဆိုတာကို ပြဖို့ သွားနှုတ်ဆက်ဦးမလို့ဘဲ။ နောက်တော့မှ မိရှား ရှက်သွားမှာစိုးတာနဲ့ သူ့ကိုမမြင်ခင် အသာလေး ရှောင်ထွက် လာခဲ့လိုက်တယ်။

ဒီလိုနဲ့ သူက ပစ္စည်းတွေကို စာရင်းမှတ်ထားတဲ့ အတိုင်း အပေါ်ဆုံးကနေ အောက်တိုင် ဝယ်လာရင်း အောက် ဆုံးက ပစ္စည်းသုံးမျိုး အရောက်မှာတော့ မျက်လုံးပြူးရတော့ တယ်။ ဝယ်ရမှာက အမျိုးသမီးသုံး (underwear) တွေ။ ဒီ ပစ္စည်းတွေက ဘယ်လိုလုပ် သူဝယ်မယ့် ပစ္စည်းစာရင်းစာရွက် ထဲကိုမှ ပါလာရလဲ မပြောတတ်။

သူက 'ဒါတော့ မဝယ်ဘူး' ဆိုပြီး ချန်ထားခဲ့ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲ . . . ဒါပေမယ့်လို့ မျက်နှာပြောင် တတ်တဲ့ သူ့ဗီဇက အကြံတစ်ခုရသွားတဲ့အခါမှာတော့ သူက အဲဒီလိုပစ္စည်းတွေ ရောင်းတဲ့ဆိုင်ဆီကို ခပ်တည်တည်ပဲ ချီ တက်လာခဲ့လိုက်တော့တယ်။

ဆိုင်နာမည်က "Ladies' choice" တဲ့။ အမျိုးသမီး အဝတ်အထည်တွေရောင်းတာ။ သူဝယ်ရမှာတွေက အမျိုး သမီးဝတ် အနွေးထည်နဲ့ underwear အထက်အောက် အနက် ရောင်တစ်စုံတဲ့။ ခက်တာက ဆိုဒ်ရေးမထားဘူး။ ဒါပေမယ့် ပြဿနာတော့ မဟုတ်။ သူ့မှာအကြံရှိပြီးသား။

ဆိုင်ထဲကိုရောက်တာနဲ့ သူက အမေနဲ့ ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတူတဲ့ အမျိုးသမီးတစ်ယောက်ကိုရှာတယ်။ ဟော ဟိုမှာ တွေ့ပြီ။

သူက အမျိုးသမီးကြီးဆီကို ခပ်တည်တည်ပဲ လျှောက်သွားလိုက်တယ်။ အမျိုးသမီးကြီးက သူ့ကို ဖော်ရွေစွာ ပြုံးပြလာရင်း . . .

"မောင်လေး . . . ဘာလိုချင်လို့လဲဟင်"

လို့ မေးလာတယ်။ အမျိုးသမီးကြီးအသံက သူ့အမေနဲ့ မတိမ်းမယိမ်းပါပဲ။ ဒါပေမယ့် သူ့ကို 'မောင်လေး' တဲ့ အန်တီအရွယ်ဆိုပေမယ့် သူမကတောင် 'မောင်လေး' လုပ်သေးတာ သူကလည်း 'မမ' ပေါ့ . . .။

"အင်္ကျီဝယ်ချင်လို့ မမ . . ."

"ဘာအင်္ကျီလဲကွယ် . . ."

"သိုးမွှေးအနွေးထည်လေ၊ အမေ့အတွက် ဝယ်ချင်လို့ပါ"

"ဟုတ်လား . . . ဒီဇိုင်းအမျိုးမျိုးရှိတယ်ကွယ့်၊ လာ အစ်မလိုက်ပြမယ်"

အမျိုးသမီးကြီးက သိုးမွှေးထည်အမျိုးမျိုး ထုတ်ပြတယ်။ အမေက အနက်ရောင် Crazy မို့ သူက အနက်ရောင်တွေထဲက ဒီဇိုင်းလှတာ တစ်ထည်ရွေးလိုက်ပြီး . . .

"မမ ဒီ ဒီဇိုင်းထဲက ဆိုဒ်ကြီးတာမရှိတော့ဘူးလား အမေနဲ့ ဝယ်နေမလားလို့"





"ဟုတ်လား . . . မောင်လေး အမေ့ခန္ဓာကိုယ်က ယ် အရွယ်အစားလောက်ရှိလဲ"

"မမလောက်ပါပဲ . . ."

"ဟုတ်လား . . . မမလောက်ဆိုရင်တော့ ဒီအင်္ကျီလေးက မသေးပါဘူးကွယ့်၊ သိုးမွှေးထည်ဆိုတာမျိုးက တ်ပါများရင် ကျယ်လာတာလေ၊ ဒီမှာကြည့် . . . မမ တ်ပြမယ်"

အမျိုးသမီးကြီးက သူရွေးထားတဲ့ အင်္ကျီကို စမ်းဝတ်ပြတယ်။ ဟုတ်တယ် . . . အကိုက်ပဲ။ ဒါနဲ့ သူက ဒီအင်္ကျီလေးကို ယူဖို့ ဆုံးဖြတ်လိုက်တယ်။

"နောက်ပြီးတော့ရော ဘာလိုသေးလဲ မောင်လေး"

သူက ခေါင်းတစ်ချက်ကုတ်လိုက်ရင်း . . .

"ဟိုဟာလေ . . . underwear တစ်စုံလောက် နက်ရောင်ထဲကပေးပါ"

အမျိုးသမီးကြီးက ပြုံးတယ်။ ပြီးတော့ သူ့ကို မချို ချိုကြည့်လာရင်း . . .

"ဆိုဒ်ကရော . . ."

"အမေ့အတွက်ပါပဲ၊ မမလောက်ပဲပေါ့ . . ."

အမျိုးသမီးကြီးက သူ့ဘာသာရွေးလိုက်ပြီး သူ့ကို လာ ပြတယ်။

"ဒီဟာလေးပဲ ထည့်လိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး . . . ခဏလေး အစ်မ၊ ကျွန်တော့်ကိုလေ စောစောက အနွေးထည်ကို ဝတ်ပြသလိုပဲ အဲဒီတစ်စုံကိုလည်း ဝတ်ပြပေးပါလား၊ မကိုက်မှာစိုးလို့ပါ"

"ဟော!"

◆◆◆◆◆◆◆








www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... K

ဝရန်တာပေါ်မှာထိုင်ရင်း ဂစ်တာကို ဘာရယ် မဟုတ် လျှောက်ခေါက်နေရာကနေ ရှားရှားခင်တို့ခြံဘက်ဆီကို သူ့အကြည့်က ရောက်သွားတယ်။ အဲဒီအချိန်မှာပဲ ရှားရှားခင်က အိမ်ထဲကနေ ဖုန်းပြောရင်း ထွက်လာကာ ဒန်းစင်ပေါ်မှာ ထိုင်လိုက်တာကို မြင်တယ်။ ဒါနဲ့ သူက ဂစ်တာကို အခန်းထဲက စားပွဲပေါ်မှာတင်ထားခဲ့လိုက်ပြီး ရှားရှားခင်တို့ခြံဘက် ကူးလာခဲ့တယ်။

ရှားရှားခင်က မုတ်သုန်လာတာကို မမြင်ဘူး။ ဖုန်းပြောတဲ့အထဲမှာပဲ စျာန်ဝင်နေတာ။ ဒါနဲ့ သူက သူမရဲ့ နောက်နားကို ခြေသံမကြားအောင် တိုးကပ်လာခဲ့လိုက်တယ်။

"အင်း ... ခေါင်းနည်းနည်းကိုက်နေတယ်၊ ညက စာကြည့်တာ များသွားလို့"

သူမရဲ့အသံကို ကောင်းကောင်းကြားရတဲ့ နေရာ





www.burmeseclassic.com

www.burmeseclassic.com



ရောက်မှ သူက ခြေလှမ်းတွေကို ရပ်တန့်ပစ်လိုက်တယ်။

"မောင်ရော စာတွေရပြီလား . . . "

အလဲ့ . . .။ မောင်ဆိုပါလား။ ဒါဆို အခု ဖုန်းပြောနေတဲ့သူက သူမရဲ့ ရည်းစားပေါ့။ ဒါကို သိလိုက်ရတော့ သူက ပိုပြီး စိတ်ဝင်စားသွားတယ်။ ဒါနဲ့ ရှေ့ကိုနည်းနည်း ထပ်တိုးလိုက်တယ်။

"ညနေလား . . . အားပါတယ်၊ ဘာလုပ်မလို့ မေးတာလဲ"

တစ်ဖက်က ပြောသံကိုတော့ မကြားရ။ သူမရဲ့ အသံကတော့ ကြည်နူးမှုလေးတွေ ပျော်ဝင်နေတာ အသိသာကြီး။

"ဘယ်ကိုလာခဲ့ရမှာလဲ . . . Mr.Guitar ကိုလား အင်း လာခဲ့မယ်လေ၊ ညနေ လေးနာရီလောက်ပေါ့"

တစ်ဖက်က တွေ့ဖို့ချိန်းနေပုံပါပဲ။ သူက နှုတ်ခမ်းတစ်ချက်မဲ့မိတယ်။ မနေ့ကမှ ဈေးထဲမှာ နှစ်ယောက်တွဲပြီး တွေ့လာခဲ့မိသေးတာ။ ဒီနေ့ တွေ့ဖို့ချိန်းပြန်ပြီတဲ့ . . .။

"ဒါဆို ဒါပဲနော် . . . မောင်"

သူမက ဖုန်းပိတ်လိုက်တယ်။ ပြီးမှ စိတ်က လှုံ့ဆော်လို့ထင်ပါတယ်။ နောက်ကျောဘက်ကို လှည့်ကြည့်လာတယ်။

"အမလေး . . . "

ရုတ်တရက် သူ့ကိုမြင်လိုက်တော့ ခိုးစားတာ လူမိသွားသလိုမျိုး သူမ တုန်သွားတယ်။





"နင် . . . နင် ဘယ်တုန်းက ရောက်နေတာလဲ တိတ်သုန်၊ သေနာကောင် . . . အသံမပေး ဘာမပေးနဲ့ လန့်သွားတာပဲ . . . တကယ်"

သူမစကားအဆုံး သူက တခွီးခွီးရယ်လိုက်ရင်း သူမဘေးမှာ ဝင်ထိုင်လိုက်တယ်။

"ငါရောက်နေတာ ကြာလှပေါ့။ ကိုယ့်ဘာသာ ဖုန်းထဲမှာ ချာန်ဝင်ပြီး မသိတာကို"

"နင် ဘာတွေ ကြားမိသေးလဲ"

"မကြားပါဘူး၊ မောင်ဆိုလား . . . ဘာဆိုလား"

"ဟင်း . . . မသာကောင်၊ နင် နင် သူများဖုန်းကို ခိုးပြီး နားထောင်တယ်ပေါ့၊ ကဲဟယ် . . . ကဲဟယ်"

သူမက သူ့လက်မောင်းကို လက်သီးဆုပ်တွေနဲ့ တအုန်းအုန်းထုတယ်။ ပြီးမှ . . .

"နင် အမေတို့ကို လျှောက်မပြောနဲ့နော်"

လို့ ဆိုတယ် . . .။ သူက ခေါင်းညိတ်ပြလိုက်ရင်းမှ . . .

"အင်းပါ . . . ငါ ဘယ်သူ့ကိုမှ မပြောပါဘူး၊ ဒါပေမယ့် ငါ့ကိုတော့ ပြောပြ"

"ဘာကိုလဲ . . . "

"နင့်လူအကြောင်းပေါ့ . . . "

"ဘာအကြောင်းလဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... နာမည်တို့၊ ဘာလုပ်တယ်၊ ဘာ ကိုင်တယ်၊ ဘယ်မှာနေတယ် ... စသဖြင့်ပေါ့"

သူမက သက်ပြင်းချတယ်။ နောက် ဘယ်သူမှ မရှိ နေတာ သေချာပေမယ့် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ ကြည့်လိုက်ပြီးမှ ...

"နာမည်က အောင်ကိုသက်တဲ့၊ ငါ့လိုပဲ ဆေးကျောင်း တက်နေတာ၊ ဒီလောက်ဆို ရပြီမှလား"

"အင်း ... ငါ နင်တို့ကို မနေ့က ယုဇနမှာတွေ့သား ပဲ၊ ငါက အမေနဲ့ ဈေးလာဝယ်တာ"

"ဟင် ... အန်တီရော မြင်သွားသေးလား"

"မပူပါနဲ့ ... မမြင်ဘူး၊ ငါပဲမြင်တာ ..."

သူမက သက်ပြင်းမောကို မှုတ်ထုတ်လိုက် ရင်း...

"တော်ပါသေးရဲ့ ..."

သူမကိုကြည့်နေရင်းက တစ်စုံတစ်ယောက်ကိုဖျတ်ခနဲ ပြေးမြင်မိတယ်။ ဝါးပင်ပေါက်စလေးရော အချစ်ဆို တာကို ခံစားတတ်ပါပြီလား။

◆◆◆◆◆◆



ရာဇဝင်ကို

သူမတို့ သူငယ်ချင်းသုံးယောက်က Mr.Guitar မှာ ကြာခဏထိုင်ဖြစ်ကြတယ်။ ပြီးတော့ Mr.Guitar ဆိုင် နံရံ မှာရေးထားတဲ့ စာတွေကို ဖတ်ပြီး ရယ်မောရတာကိုလည်း နှစ်သက်ပါသေးတယ်။ ဒီနေ့လည်း ဝါးပင်တို့သုံးယောက်က ဆိုင်ထဲမှာထိုင်ရင်း နံရံမှာရှိတဲ့ လက်လှမ်းမီသမျှ စာတွေကို ဖတ်လိုက် တစ်ယောက်နဲ့တစ်ယောက် စလိုက်နောက်လိုက်နဲ့ ရှိနေခဲ့ကြတယ်။

"ဟဲ့ ... ဝါးပင်၊ အဘွားက မုတ်သုန်နဲ့ပတ်သက်ပြီး ဘာတွေ နားပူနားဆာလုပ်သေးလဲ"

"ဟား ... လုပ်သလားတော့ မမေးနဲ့၊ ငါ့မှာ လှည့်ပတ်ပြီးတော့ ဖြေရှင်းနေရတာ၊ မနေ့ညကလည်း သန်း ခေါင်ကျော်လောက်ကြီး ငါ့ကိုလာနှိုးပြီးတော့ မုတ်သုန်ဆီ ဖုန်းဆက်ပေးပါလုပ်နေတာ၊ ငါ့မှာ ဖုန်းနံပါတ်တွေ ဟိုလျှောက် နှိပ် ဒီလျှောက်နှိပ်လုပ်ပြီး ခေါ်မရဘူးလို့ ညာထားလိုက်ရတယ်



www.burmeseclassic.com

www.burmeseclassic.com



. . ."

"မုတ်သုန်တို့ကတော့ စွမ်းတယ်နော်၊ အဘွားကို တောင် တန်းတန်းစွဲဖြစ်အောင် လုပ်ထားနိုင်တယ်"

သူဇာ့စကားအဆုံး သုံးယောက်သား ရယ်လိုက်မိကြ တယ်။ အခုနောက်ပိုင်း သူမတို့စကားဝိုင်းမှာ မုတ်သုန် အကြောင်းမပါရင် မပြီးဘူး။

အဲဒီအခိုက်မှာပဲ သူဇာက ဆိုင်ထဲကိုဝင်လာတဲ့ စုံတွဲ တစ်တွဲကို မြင်သွားပြီး . . .

"ဟဲ့ ဟဲ့ . . . ဟိုမှာ"

သူဇာညွှန်ပြရာကို ဝါးပင်ပျို့နဲ့ မွန်ကြည်ထွေးက လိုက်ကြည့်မိကြတယ်။ မွန်ကြည်ထွေးက . . .

"ဟဲ့ . . . အဲဒါ ဟိုတစ်ယောက်မဟုတ်လား"

"အင်း . . . ဟုတ်တယ်"

သုံးယောက်လုံး ထိုအတွဲကို အကဲခတ်နေမိကြတယ်။ အဲဒီအတွဲ ခုံမှာဝင်ထိုင်ပြီး မှာစရာရှိတာမှာပြီးပြီ ဆိုတော့မှ . . .

"သူ့နာမည်က ဘယ်သူ . . . ရှား"

"ရှားရှားခင်တဲ့ . . ."

"သြော် . . . အေး"

"သူတို့နှစ်ယောက်က ဖြစ်နေတာထင်တယ်၊ ဒါဆို မုတ်သုန်နဲ့ကရော"





မွန်ကြည်ထွေးစကားကို သူဇာက . . .

"သူငယ်ချင်းတွေ ဖြစ်မှာပေါ့"

လို့ ဝင်ထောက်တယ်။ ဘာရယ်မဟုတ် ဝါးပင်ပျို့ ချက်လုံးထဲမှာ မုတ်သုန်ကို ပြေးမြင်မိတယ်။ ဘာမှန်းမသိတဲ့ ခံစားချက်တစ်ခုက ရင်ဘတ်ထဲကို လျှပ်စီးလက်သလို ဝင်းခနဲ အရောင်ထင်ဟပ်သွားတယ်။ ခံစားချက်ကြီးက ဘယ်လိုကြီးပါ လိမ့်။

"ဝါးပင် . . . နင် ဌွမလျှော့နဲ့၊ မျှော်လင့်ချက်ရှိသေး တယ်"

"ဘာကိုလဲ . . ."

"မုတ်သုန်ကိုလေ . . ."

"မုတ်သုန်က အဘွားအတွက်ပါဟယ် . . ."

သုံးယောက်သား ရယ်မိကြပြန်တယ်။ နောက်တော့ သုံးဦးလုံးရဲ့အာရုံက ရှားရှားခင်တို့စုံတွဲဆီ ရောက်သွားပြန် တယ်။ ထိုအတွဲကလည်း ရယ်ရယ်မောမောပါပဲ။ ဘာတွေကို သဘောကျနေသလဲတော့ မသိ။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ရှူး . . . တိုးတိုး . . .
တစ်ဆိတ်လောက် ကျေးဇူးပြုပြီး
ငှါရင်ခုန်သံကို နားထောင်ကြည့်ပေးစမ်းပါ
နှလုံးသားက
ရင်ဘတ်ထဲမှာ သီချင်းများဆိုနေသလားလို့ . . .

◆◆◆◆◆◆◆





# အခန်း ၂



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... ၂

ဒီနေ့တော့ သူက ကျောင်းထဲကို အစောကြီး ရောက်လာခဲ့တယ်။ ဒါပေမယ့် သူ့ထက်ပိုပြီးစောရောက်နေ တာက တေဇနဲ့ ညီညီ။ သူတို့နှစ်ယောက်ကို ကျောင်းအဝင်နား က ကြော်ငြာဆိုင်းဘုတ်တစ်ခုရှေ့နားမှာ တွေ့ရတယ်။ သူတို့ နှစ်ယောက်က ကြော်ငြာဆိုင်းဘုတ်ကို ဖတ်နေတာ။

"ဘာတွေဖတ်နေတာလဲကွ . . ."

သူက ညီညီ့ပခုံးကို နောက်ကနေပုတ်ရင်း မေး လိုက်တယ်။ ညီညီက နောက်ကိုလှည့်ကြည့်လာရင်း . . .

"ဩော် . . . ရောက်လာပြီလား၊ ဒီမှာလေကွာ . . . 'စကားလုံးဝှက်ပြိုင်ပွဲ' တဲ့၊ ဖတ်ကြည့်ပါဦး . . ."

သူ့အကြည့်က ဆိုင်းဘုတ်ကြော်ငြာဆီ ရောက်သွား တယ်။ နောက်ထပ်လူတော်တော်များများလည်း သူတို့အနား ကို ရောက်လာခဲ့တယ်။





www.burmeseclassic.com

www.burmeseclassic.com





## စကားလုံးဝှက်ပြိုင်ပွဲ

အာစရိယပူဇော်ပွဲနှင့်အတူ ကျောင်းသူကျောင်းသားများ ပျော်ရွှင်စေရန် 'စကားလုံးဝှက်ပြိုင်ပွဲ'ကို ကျင်းပပေးပါမည်။ စည်းကမ်းချက်များမှာ . . .

၁။ ပြိုင်ပွဲတွင် အတွဲတစ်တွဲလျှင် ယောကျ်ားလေးတစ်ဦးနှင့် မိန်းကလေးတစ်ဦးပါရမည်။

၂။ အခြားကျောင်းတစ်ခုခုမှ စိတ်ပါဝင်စားသူများလည်း ဝင်ပြိုင်နိုင်သည်။ သို့သော် သက်ဆိုင်ရာကျောင်းမှ ထောက်ခံစာ ပါရှိရမည်။

၃။ မဲကျသော မေးခွန်းကို နှုတ်မှ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဟန်အမူအရာဖြင့်သော်လည်းကောင်း တစ်ဦးနှင့်တစ်ဦး ပြောပြနိုင်သည်။ သို့သော် . . . နှုတ် ဖြင့် သွယ်ဝိုက်၍ ပြောပြပါက (၅)မှတ်သာရမည်ဖြစ်ပြီး ဟန်အမူအရာဖြင့် ပြောပြပါက (၁၀)မှတ် ရမည်ဖြစ်သည်။

၄။ ------------------------------------------

၅။ ------------------------------------------

၆။ ------------------------------------------

၇။ ------------------------------------------

၈။ ------------------------------------------

ပုံ/မော်ကွန်းထိန်း

"ဘယ်လိုလဲ ပြိုင်ကြမလား"

ညီညီက မုတ်သုန်နဲ့တေဇကို မျက်စပစ်ပြရင်း မေးလာတယ်။ မုတ်သုန်က . . .

"စိတ်ဝင်စားတယ် . . ."

လို့ဆိုပြီး တေဇကို ပခုံးနဲ့တိုက်လိုက်ရင်း . . .

"မင်းရော"

"တော်ပါပြီကွာ၊ မပြိုင်ချင်ပါဘူး"

တေဇက ခေါင်းရမ်းရင်းဆိုတယ်။ နောက်တော့ သူတို့သုံးယောက်က ကျောင်းခန်းဘက်ကို လျှောက်လာခဲ့ကြတယ်။ ကော်ရစ်တာထောင့်ချိုးတစ်ခုနားအရောက်မှာတော့ အုတ်ခုံပေါ်မှာထိုင်ရင်း စကားတွတ်ထိုးနေတဲ့ ဝါးပင်ပျို့တို့သုံးယောက်ကို တွေ့တယ်။

"ဟော့ . . . နင်တို့ ဘာတွေပြောနေကြတာလဲ"

မုတ်သုန်က အသံကျယ်ကျယ်နဲ့ အော်မေးတော့ နှင်းကြည်ထွေးက . . .

"အော . . . နင်တို့တွေ့ပြီးပြီလား၊ စကားလုံးဝှက်ပြိုင်ပွဲဆိုတာလေ"

"အင်း . . . တွေ့ခဲ့ပြီ"

ညီညီက ခေါင်းကလည်းညိတ်၊ မျက်စိကလည်းမှိတ်၊ ပါးစပ်ကလည်း ဖြေရင်း သူမတို့နဲ့ မျက်နှာချင်းဆိုင်က သက်ရန်းပေါ်မှာ ဝင်ထိုင်လိုက်တယ်။





www.burmeseclassic.com

www.burmeseclassic.com



"ပြိုင်မှာလား . . . နင်တို့"

တေဇအမေးကို သူဇာက . . .

"ငါက ပြိုင်ချင်တယ်၊ ဒါပေမယ့် တွဲရမယ့်သူ မရှိလို့ပဲ၊ မိန်းကလေးချင်းကျတော့လည်း တွဲလို့မရဘူး၊ အဲဒါခက်နေတာ"

လို့ ဖြေတော့ ညီညီ့မျက်လုံးတွေက အရောင်တောက်သွားပြီး . . .

"ဒါဆို ငါနဲ့တွဲမလား . . ."

"တကယ်ပြောတာလား . . ."

"တကယ်ပေါ့ . . ."

"အိုကေ . . . လုပ်လိုက်လေ၊ ကြာသလားလို့ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ဆုရရင် သုံးပုံပုံ နှစ်ပုံ ငါ့ကို ပေးရမယ်"

"ဖြစ်တယ်၊ ငါက ပျော်ချင်လို့ ဝင်ပြိုင်တာ"

ဒီလိုနဲ့ ညီညီနဲ့သူဇာက အပေးအယူတည့်သွားကြတယ်။ ညီညီက မွန်ကြည်ထွေးနဲ့ဝါးပင်ကို ဝေ့ဝဲကြည့်လိုက်ရင်း. . .

"နင်တို့ရော . . . ပြိုင်ဦးမှာလား"

နှစ်ယောက်စလုံးက ခေါင်းရမ်းတယ်။ သူဇာက ပခုံးတစ်ချက်တွန့်လိုက်ရင်း . . .

"ဒါဆို ငါတို့နှစ်ယောက်တင်ပေါ့ ပြိုင်မယ့်သူက"





သူဇာ့စကားအဆုံး မုတ်သုန်က လက်ထောင်တယ်။ ပြီးတော့မှ နှုတ်က . . .

"ငါလည်း ပြိုင်မှာလေ"

လို့ဆိုတော့ အားလုံးရဲ့အကြည့်တွေက မုတ်သုန့်ဆီကို စုပြုံကျလာတယ်။ မွန်ကြည်ထွေးက . . .

"နင်က ဘယ်သူနဲ့တွဲမှာလဲ မုတ်သုန်"

မုတ်သုန်က ပြုံးတယ်။ နောက်မှ အားလုံးကိုတစ်ချက်ဝေ့ကြည့်လိုက်ရင်း ဆိုတယ်။

"ရှားရှားခင်လေ . . ."

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း

[illegible]



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... M

ရှားရှားခင်က ခေါင်းကို တွင်တွင်ပါအောင်ခါရမ်းလိုက်ရင်း ဆိုလာတယ်။

"မပြိုင်ဘူး ..."

ရှားရှားခင့်စကားအဆုံး မုတ်သုန်က မျက်နှာချိုလေးသွေးလိုက်ကာ ...

"သယ်ရင်း (သူငယ်ချင်း)ကလည်း ကူညီပါဟာ ... နော် ... ဒီလိုပြိုင်ပွဲဆိုတာမျိုးက တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်းသိတဲ့လူတွေမှ အဆင်ပြေမှာ၊ နင်နဲ့ငါဆိုတာ ဟိုးငယ်ငယ်လေး လေးဘက်သွားအရွယ်ကတည်းက ခင်လာခဲ့တာ၊ နင့်အကြောင်းလည်း ငါ အကုန်သိသလို ငါ့အကြောင်းလည်း နင် မသိတာ မရှိဘူး၊ ဘယ်လောက် အဆင်ပြေလဲ၊ ဘာဇာတ်မှ တိုက်နေစရာမလိုဘူး"

"အို ... ရှုပ်ရှုပ်ယှက်ယှက်ဟာ၊ ငါ စာတွေ ကျက်ရ





www.burmeseclassic.com

www.burmeseclassic.com



ဦးမှာ၊ ဆေးကျောင်းဆိုတာက နင်တို့ကျောင်းတွေလို အချိန် တွေပိုနေတာ မဟုတ်ဘူး"

"နင်ကလည်းဟာ၊ ငါ့ကို တစ်ရက်လေး အချိန်ပေး ရရုံနဲ့ နင့်ရဲ့ ဆရာဝန်ဘွဲ့ကြီးကို လက်လွှတ်လိုက်ရမှာ မဟုတ် ပါဘူး၊ ကူညီစမ်းပါဟာ ... နော် ... နော်လို့ ... သယ်ရင်းက လိမ္မာပါတယ် ..."

ရှားရှားခင်က စာဖတ်နေတာ။ ဒါကို မုတ်သုန်က ဟိုဘက်က လှည့်ပြောလိုက်၊ ဒီဘက်က လှည့်ပြောလိုက်နဲ့ ပြိုင်ပွဲမှာ ကူညီဖို့ကို အကူအညီတောင်းနေတယ်။

"မကူညီပါဘူးဆို ... ဘယ်လိုဖြစ်နေတာလဲ"

"ဟာ ... မိရှားကလည်း၊ ငါက ဒီတစ်ခါလေးပဲ အကူအညီတောင်းမိတာကို၊ ကူညီစမ်းပါဟာ၊ အပန်းလည်း ကြီးတာမဟုတ်ဘဲနဲ့၊ ကပ်မနေပါနဲ့ ... နော် ... နော်လို့"

မုတ်သုန်က ကလေးမုန့်ပူဆာသလို ဘေးနားကနေ တတွတ်တွတ်ပြောတယ်။ ရှားရှားခင်ကလည်း သူငယ်ချင်း ကောင်းပီပီသသပါပဲ။

"မကူညီဘူးဟာ ..."

"ကျွတ် ... မိရှား၊ နင် မကပ်နဲ့ဟာ၊ ကူညီစမ်းပါဆို၊ နော်လို့ ... နော်"

ရှားရှားခင်က ဘာမှ ပြန်မပြောတော့ဘူး။ အကြည့် တွေကို သူ့လက်ထဲမှာ ကိုင်ထားတဲ့ စာအုပ်ဆီမှာပဲ ပို့





ထားတယ်။ မုတ်သုန်ကလည်း တော်ရုံတန်ရုံလူမှ မဟုတ်တာ။ ခွဲမလျှော့ဘဲ တတွတ်တွတ် ပြောတယ်။

"နော်လို့ ... မိရှား ... နော်"

" ... "

"ကူညီပါဟာ ... နော်လို့"

" ... "

"သယ်ရင်း ... နော်လို့ ... နော်"

ကြာတော့ ရှားရှားခင် စိတ်တိုလာပြီ။ ဘေးကနေ တတွတ်တွတ်ပြောနေတော့ စာကလည်း ဘယ်လိုမှ ခေါင်း ထဲမဝင်ဘူး။ ဒါနဲ့ စာအုပ်ကြီးကို ပိတ်ပစ်ကာ စားပွဲပေါ်ကို ဘုန်းခနဲမြည်အောင် ပစ်ချလိုက်ရင်း ...

"ပြီးရောဟာ ... ပြီးရော ပြီးရော၊ ကူညီမယ် ဟုတ်ပြီလား"

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ပြိုင်ပွဲနေ့ကိုရောက်လာတယ်။ မုတ်သုန်က ရှားရှားခင်ကို တစ်ခါတည်းခေါ်သွားဖို့လုပ်ပေမယ့် သူမက နောက်ကလာခဲ့မယ်ဆိုတာနဲ့ ထားခဲ့လိုက်ပြီး ကျောင်းကို တစ်ယောက်တည်းပဲ ထွက်လာခဲ့တယ်။

ကျောင်းက အရင်နေ့တွေကထက် စည်ကားသိုက်မြိုက်နေတယ်။ ပြိုင်ပွဲကျင်းပမှာက ဘွဲ့နှင်းသဘင်ခန်းမထဲမှာဆိုတော့ ကျောင်းသူကျောင်းသားတွေ အကုန်လုံးနီးပါးက အဲဒီနားပတ်ဝန်းကျင်မှာပဲ စုဝေးနေကြတာ ပွဲတော်ကြီးတစ်ခုအလား။

ပြိုင်ပွဲဝင်မယ့် အတွဲတွေကလည်း တစ်ယောက်နဲ့တစ်ယောက် ဇာတ်တိုက်နေကြတယ်။ ငါက ဘယ်လိုပြောရင်





နင်က ဘယ်လိုဖြေ၊ အူတူတူ အတတ လုပ်မနေနဲ့နော်၊ သတ်မှန်ချိန်က မေးခွန်းတစ်ခုကို ဆယ်စက္ကန့်တည်းပဲ . . . စသဖြင့် တစ်ယောက်နဲ့တစ်ယောက် အပေးအယူမျှအောင် ညှိနေကြသံတွေကလည်း ပွက်လောကိုရိုက်လို့။

သူကတော့ ခန်းမထဲကို တန်းတန်းမတ်မတ် ဝင်လာခဲ့လိုက်တယ်။ အထဲမှာလည်း လူတွေ တော်တော်ရောက်နေပြီ။ ပြီးတော့ ဝါးပင်ပျိုတို့သုံးယောက်နဲ့ ညီညီတို့လည်း ရောက်နေပြီ။ ညီညီနဲ့ သူဇာကလည်း တတွတ်တွတ်နဲ့ ဘာတွေပြောနေမှန်းမသိ။ တေဇာက သူ့ကို မေးငေါ့ပြလာကာ . . .

"ငါ့ကောင်ကြီး အခြေအနေကောင်းရဲ့လား"

လို့ မေးလာတယ်။ သူက ခေါင်းညိတ်ပြရင်း ပါးစပ်ကလည်း 'အေးဆေးပါ' လို့ ဖြေလိုက်တယ်။

မွန်ကြည်ထွေးက မုတ်သုန့်နောက်ဘက်ကို မျက်စိဝေ့ဝဲရှာရင်း . . .

"ဟဲ့ . . . ရှားရှားခင်က ဘယ်မှာတုန်း၊ ငါတော့ မတွေ့ပါလား"

"နောက်က လာလိမ့်မယ်"

သူ့အကြည့်က ဝါးပင်ပျို့ဆီ ရောက်သွားပြန်တယ်။ ဝါးပင်ပျိုက သူ့ကို ပြုံးပြလာရင်း . . .

"နင်ဆုရရင် ငါတို့တစ်ဖွဲ့လုံးကို ကန်တင်းမှာ အဝလိုက် ကျွေးရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အား . . . စိတ်ချ၊ တစ်ဖွဲ့လုံးကို ဗိုက်ပေါက်အောင်ကျွေးမှာ"

"ပြီးတာပဲ . . . နောက်မှ အတိတ်မေ့သလိုလို၊ ရွှေပျောက်သလိုလို မလုပ်နဲ့"

ဒီလိုနဲ့ ပြိုင်ပွဲစမယ့်အချိန်ကို ရောက်လာတယ်။ ပြိုင်ပွဲဝင်မယ့်အတွဲက လေးဆယ်တောင်ရှိတာ။ ညီညီတို့က ဆယ်တွဲမြောက်ဖြစ်ပြီးတော့ မုတ်သုန်တို့က ဆယ့်နှစ်တွဲမြောက်။ ပြိုင်ပွဲစလေပြီ . . .။

ပြိုင်ပွဲပုံစံက စတိတ်စင်ရဲ့ ဟိုဘက်ထိပ်နဲ့ ဒီဘက်ထိပ်မှာ ယောက်ျားလေးနဲ့ မိန်းကလေးက တစ်နေရာစီ နေရာယူရတယ်။ ကြားထဲမှာက တင်ဆက်ပေးမယ့် presenter စုံတွဲတစ်တွဲရှိတယ်။ အဲဒီ presenter စုံတွဲက မေးခွန်းတွေရေးထားတဲ့ မဲလိပ်တွေကို ငွေဖလားတစ်လုံးထဲမှာ ထည့်ကိုင်ထားတယ်။ ဖြေဆိုမယ့် စုံတွဲထဲက တစ်ယောက်က ငွေဖလားထဲက မဲလိပ်တစ်ခုကိုနှိုက်ပြီး မဲလိပ်ထဲမှာရေးထားတဲ့ စကားလုံးတစ်ခုကို အခြားတစ်ယောက် ဖြေနိုင်အောင် အမူအရာနဲ့သော်လည်းကောင်း၊ နှုတ်က သွယ်ဝိုက်၍သော်လည်းကောင်း ပြောပြပေးရတာ။ ရုပ်ရှင်ပဟေဠိဝှက်သလိုပေါ့။ မတူတာက ရုပ်ရှင်ဝှက်တမ်းကစားနည်းက အမူအရာနဲ့ပဲပြရတာ။ အခုက နှုတ်ကလည်း သွယ်ဝိုက်ပြီး ပြောလို့ရတယ်။

မုတ်သုန်က လက်ကနာရီကို တစ်ချက်ကြည့်လိုက်တယ်။ ပြိုင်ပွဲက စ,နေပြီ။ ရှားရှားခင်က အခုထိ မလာသေးဘူး။ ဒါနဲ့ ရှားရှားခင်ရဲ့ဖုန်းကို ခေါ်လိုက်တယ်။ ဒါပေမယ့် ဖုန်းက ပိတ်ထားတယ်။ ရှားရှားခင် ညစ်ပတ်ပြီလားမသိ။ သူက ကျွတ်ခနဲ ရေရွတ်ကာ ဖုန်းကို အဆက်မပြတ် ခေါ်ပေမယ့် မရ။ လူကြီးမင်းနှင့်သာ တိုးနေတော့တယ်။

တဖြည်းဖြည်း ပြိုင်လာရင်းကနေ ညီညီနဲ့သူဇာ့အလှည့်ကို ရောက်လာတယ်။ ညီညီက မိုက်ကို ကိုင်ထားရင်း ကျန်လက်တစ်ဖက်က မဲလိပ်ကို နှိုက်လိုက်တယ်။ presenter နှစ်ယောက်က မဲလိပ်ကို ပြန်ယူထားတယ်။

ညီညီက စတိတ်စင်ရဲ့ တစ်ဖက်မှာ ရပ်နေတဲ့ သူဇာ့ကို မျက်စိမှိတ်တုတ်မှိတ်တုတ်နဲ့ ကြည့်လိုက်ရင်းမှ . . .

"ငှက်တော့ ငှက်ပဲဟ၊ မိုးပေါ်မှာတော့ မပျံဘူး၊ စောင်ထဲမှာပဲ ကွေးနေတဲ့ ငှက်လေ . . ."

ညီညီ့စကားဆုံးတော့ သူဇာက တစ်ချက်စဉ်းစားလိုက်ရင်း . . .

"ငှက်ဖျား . . ."

"မှန်ပါတယ် . . .၊ အခု ဝှက်ထားတဲ့စကားလုံးက ငှက်ဖျားဖြစ်ပါတယ်"

presenter တစ်ယောက်ဆီက အသံနဲ့အတူ လက်ခုပ်သံတွေ ထွက်လာတယ်။ မေးခွန်းက တစ်တွဲကို ဆယ်ခုဖြေရမှာ။ ညီညီ နောက်မဲလိပ်တစ်ခုကို နှိုက်ပြန်တယ်။







www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ညီညီက ပါးစပ်က မပြောဘူး၊ အမူအရာနဲ့ လုပ်ပြတယ်။ ညီညီက နှုတ်ခမ်းကို ရှေ့ဘက်ငူ ထုတ်ပြီး နှာခေါင်းကို လက်တစ်ဖက်နဲ့ အပေါ်ဆွဲလှန်ပြတယ်။ သူဇာက အဲဒါကိုကြည့်ပြီး . . .

"ဝက် . . ."

လို့ ဖြေတယ်။ ဒါကို ညီညီက တစ်ခုခုကို ပင့်မ, သလို အမူအရာလုပ်ပြပြန်တယ်။ တစ်ထွာပြရင် တစ်တောင်လောက် မြင်တဲ့ သူဇာက ချက်ချင်းပြန်ပြင်ပြောတယ်။

"ဝက်မ . . ."

"မှန်ပါတယ် . . ."

လက်ခုပ်သံတွေ ထွက်လာပြန်တယ်။ မုတ်သုန် ကတော့ စင်ပေါ်ကို စိတ်မဝင်စားအားဘူး။ သူ့စိတ်တွေက ရှားရှားခင်ဆီကိုပဲ ရောက်နေတယ်။ သူက ဘေးဘီကို ဝေ့ဝဲ ရှာမိတယ်။ ဒါပေမယ့် ရှားရှားခင်ကို အရိပ်အယောင်တောင် မတွေ့ရဘူး။ အထဲကို မဝင်ရဲလို့ဘဲ အပြင်မှာ ရပ်နေသလား ဆိုပြီး ခန်းမအပြင်ကို ထွက်ကြည့်မိတယ်။ မတွေ့ပါဘူး။ လာကို မလာတာ သေချာသွားတယ်။ ဒါဆို ဘယ်လိုလုပ်ရမလဲ၊ ပြိုင်ပွဲက ပြိုင်ရတော့မယ်။

အတွေးနဲ့အတူ ခန်းမထဲ ပြန်ဝင်လာခဲ့တော့ ညီညီတို့အတွဲ ပြီးသွားလို့ နောက်အတွဲတစ်တွဲတောင် စင်ပေါ် ရောက်နေပြီ။ ဒီအတွဲပြီးရင် သူ့အလှည့်။





"ရှားရှားခင် လာပြီလား ဟေ့ကောင် . . ."

"မလာသေးဘူး၊ မဟုတ်ဘူး၊ မလာတော့တာနဲ့ တူတယ်"

"ဒါဆို မင်း ဘယ်လိုလုပ်မလဲ . . ."

တေဇအမေးကို သူက ခေါင်းရမ်းဖြေလိုက်ရင်း ကနေ သူ့အကြည့်က ဝါးပင်ဆီ ရောက်သွားတယ်။ သူ့ခေါင်း ထဲမှာ လင်းခနဲ၊ ဟုတ်သားပဲ . . . ဝါးပင်ပျို ရှိနေတာကို သူ ဘာလို့ မေ့နေပါလိမ့်။

"ဝါးပင် နင် ငါ့ကို ကူညီဟာ"

သူ့စကားအဆုံး ဝါးပင်က သူ့ကိုကြည့်လာတယ်။ သူမအကြည့်က တစ်မျိုးတော့ တစ်မျိုးပါပဲ။ သူက အဲဒီ အကြည့်ကြောင့် သူမငြင်းလိမ့်မယ်ထင်လိုက်သော်လည်း သူမ က မျက်စိတစ်ဖက်မှိတ်ပြလာရင်း . . .

"အိုခေ . . . လုပ်လိုက်လေ ကြာသလားလို့"

အဲဒီအချိန်မှာ စင်ပေါ်က အတွဲက ပြိုင်လို့ပြီး သွားတယ်။ ဒါနဲ့ သူက သူမကို ခေါင်းညိတ်ခေါ်ကာ ဒိုင်လူ ကြီးတွေဆီသွားပြီး လူစားထိုးမယ့်အကြောင်း သွားပြောတယ်။ အားလုံး အဆင်ပြေသွားတော့ သူနဲ့သူမက စင်ပေါ်တက် လိုက်ကြတယ်။

သူမက စင်ရဲ့ ဟိုဘက်ထိပ်ထိ ရောက်အောင် မိုက်တစ်လုံးကိုင်ကာ လျှောက်သွားတယ်။ သူက ငွေဖလား



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ မဲလိပ်တစ်လိပ်ကို နှိုက်ယူလိုက်တယ်။ မဲလိပ်မှာ ရေးထားတာက 'သားရွှေဥ' တဲ့ . . .။ သူက ပြုံးလိုက်ရင်း သူမကို ကြည့်ကာ . . .

"မိခင်တွေက သားကို ချစ်စနိုးနဲ့ ခေါ်တတ်တယ်လေ၊ ငါ့အမေကလည်း ငါ့ကို တစ်ခါတလေ ခေါ်တတ်တယ်၊ အဲဒါဘာဖြစ်မယ်ထင်လဲ"

ဝါးပင်ပျိုက တစ်ချက် ညစ်ကျယ်ကျယ်ပြုံးလိုက်တယ်။ ပြီးတော့ မိုက်နဲ့ အကျယ်ကြီး အော်ဖြေတယ်။

"ဆန်ကုန်မြေလေး . . ."

ခန်းမထဲမှာ ရယ်သံတွေ ဝေါခနဲ ထွက်လာတယ်။ မုတ်သုန်လည်း မျက်လုံးပြူးသွားရတယ်။

"မ . . . မဟုတ်သေးဘူးလေဟာ၊ ချစ်စနိုးခေါ်တာပါဆို အဲဒီလိုကြီးခေါ်မလားဟ"

"ဒါဆို သေခြင်းဆိုးလေး . . ."

ရယ်သံတွေက ဝေါခနဲ။ ဆယ်စက္ကန့်က ပြည့်သွားပြီ။ မှန်အောင် မဖြေနိုင်ဘူး။ မုတ်သုန်က နောက်မဲလိပ် တစ်ခုကို ထပ်နှိုက်ပြီး ကြည့်လိုက်တယ်။ မဲလိပ်မှာ ရေးထားတာက 'ဆေးမင်ကြောင်' တဲ့။

"ဒီတစ်ခါတော့ လွယ်လွယ်လေး၊ ယောကျာ်းလေးတွေ အများစုမှာရှိတယ်လေဟာ၊ ရှေးတုန်းက ယောကျာ်းသားတွေရဲ့ ပေါင်တွေမှာ အများဆုံး တွေ့ရတတ်တယ်"

# ရာဇဝင်ကို

သူမမျက်လုံးတွေက အရောင်တွေ လက်သွား တယ်။

"သိပြီ . . . သိပြီ . . . ပွေးကွက်တွေ"

"ဟင် . . ."

ဝါးပင်ပျိုအဖြေကြောင့် မုတ်သုန် နင်သွားရတယ်။ ရယ်သံတွေကလည်း ဝေါခနဲ။

"မဟုတ်သေးဘူးလေဟာ . . . သေချာစဉ်းစားပါဦး"

သူမက တစ်ချက်စဉ်းစားဟန်ပြုတယ်။ ပြီးမှ တွေးတွေးဆဆနဲ့ ပြောလာတာက . . .

"ဒါဆို ဂျွတ်တွေလား . . ."

"ဟေ . . ."

ရယ်သံတွေက အုန်းခနဲ။ ဆယ်စက္ကန့်ပြည့်သွားပြီ။ မုတ်သုန်က အောင့်သက်သက်နဲ့ နောက်မဲလိပ်တစ်ခုကို နှိုက်တယ်။ နောက်မဲလိပ်က 'ဇော်က,ကနေသည်' တဲ့။

မုတ်သုန်က ဘေးဘီကို ဝေ့ဝဲရှာပြီး စတိတ်စင်နောက်နားဆီက တုတ်တစ်ချောင်းကိုသွားကောက်ကာ ပခုံးပေါ်မှာ ထမ်းပြီး ဇော်ဂျီလို က,ပြတယ်။ ဒါကိုမြင်တော့ ဝါးပင်ပျိုက တန်းဖြေတယ်။

"ဇော်ဂျီ . . ."

မုတ်သုန်က လက်မတစ်ချောင်းထောင်ပြပြီး ဆက်က,ပြတယ်။ စကားလုံးက မပြည့်စုံသေးဘူးလေ။ သူမဖြေတာက 'ဇော်ဂျီ'တည်းရယ်။ ဖြေရမှာ 'ဇော်က,ကနေသည်'





www.burmeseclassic.com

www.burmeseclassic.com



လို့ အတိအကျ ဖြေရမှာပါ။ ဝါးပင်ပျိုကလည်း အဖြေမစုံသေး ဘူးဆိုတာကို သဘောပေါက်သွားပြီး အဖြေကို ပြောင်းဖြေ တယ်။ ဒါပေမယ့် သူမ ဖြေလိုက်တာက . . .

"လေဖြတ်နေတဲ့ ဇော်ဂျီ . . ."

တဲ့ . . .။ ကောင်းရော။ မုတ်သုန်ရဲ့ အကစွမ်း က ဘယ်လောက်တော်သလဲ။ ရယ်သံတွေအုန်းခနဲနဲ့အတူ ဇော်ဂျီ တင်မက မုတ်သုန်ပါ လေဖြတ်ချင်သွားတယ်။ အချိန် ပြည့်ပြီ၊

နောက်မဲလိပ်မှာ ရေးထားတာက 'ရှာကီရာ' တဲ့၊ မုတ်သုန်က ၂၀၁၀ ကမ္ဘာ့ဖလားအဖွင့်သီချင်းဆိုတုန်းက ရှာကီရာ က,သွားတဲ့စတိုင်(လ်)အတိုင်း က,ပြတယ်။ ဒါပေမယ့် ဝါးပင်ပျိုက ဇဝေဇဝါပုံနဲ့ ကြည့်လာတယ်။ ဒါနဲ့ မုတ်သုန်က ရှာကီရာရဲ့ မူဟန်အတိုင်း တင်ပါးလှုပ်အကကို လှုပ်နိုင်သမျှ လှုပ်ပြီး က,ပြပြန်တယ်။ ဒီတစ်ခါမှ သူမက သဘောပေါက်ပြီး ဖြေလာတယ်။

"ရှောက်သီးဆေးပြားရောင်းတဲ့ အခြောက်"

တဲ့ . . .။ မဖြစ်တော့ဘူးဆိုပြီး မုတ်သုန်က မိုက်ကရိုဖုန်းကိုင်ရတော့တယ်။

"၂၀၁၀ ကမ္ဘာ့ဖလားသီချင်းဆိုတဲ့သူလေဟာ"

ဒီတော့မှ သူမက မချိုမချဉ်ပြုံးလာရင်း . . .

"ရှက်ကီရာ"

တဲ့ . . .။ သူမအဖြေနဲ့ အချိန်စေ့တာနဲ့ကွက်တိ။





presenter တစ်ယောက်ဆီကအသံ အခုမှ ထွက်လာတယ်။

"မှန်ပါတယ် . . . ရှာကီရာပါ"

လက်ခုပ်သံတွေရော ရယ်သံတွေရော ထွက်လာ အပြီးမှာ မုတ်သုန်က နောက်မဲလိပ်တစ်ခုကို နှိုက်တယ်။ ရေး ထားတာက 'ဖွတ်ဥ'တဲ့ . . .။

"ဥကကာ ဥထဲမှာ အဆိမ့်ဆုံးဥ"

"ကြက်ဥ . . ."

"ဟင် . . . မဟုတ်ဘူးလေဟာ"

"ဒါဆို ဘဲဥ . . ."

"မဟုတ်သေးဘူး"

"ဒါဆို ငုံးဥ"

"မဟုတ်သေးဘူးလေဟာ၊ အမတ်ကြီး ဦးပေါ်ဦး ပြောသွားတဲ့စကား နင် မကြားဖူးဘူးလား"

"အမတ်ကြီး ဦးပေါ်ဦးရှိတုန်းက ငါမှ မမွေးသေးတာ၊ ဘယ်လိုလုပ်သိမှာလဲ . . . ကဲ"

ပြတ်ကရော။ အချိန်ပြည့်သွားပြီ။ မုတ်သုန်က စိတ်တော်တော်ပိန်နေပြီ။ မဲလိပ်တစ်ခုကို ဆောင့်ကြီးအောင့် ကြီး နှိုက်လိုက်တယ်။ ရေးထားတာက 'ဇော်က,ကနေသည်' ရဲ့ အဆက် 'ခါးကော့ထားပါ' တဲ့ . . .။

မုတ်သုန်က ဝါးပင်ပျိုကို ခါးကော့ပြတယ်။ ဒါပေမယ့် အဲဒီပုံစံကိုကြည့်ပြီး အမိပ္ပာယ်ကောက်လွဲသွားတာ က



www.burmeseclassic.com

www.burmeseclassic.com



ဝါးပင်ပျို။

"နင် မညစ်ပတ်နဲ့နော် . . ."

သူမအသံက စိတ်ဆိုးမာန်ဆိုး။ ကျိတ်ရယ်သံတွေ ခပ်အုပ်အုပ်ထွက်လာတယ်။

"ငါ ဘယ်မှာ ညစ်ပတ်လို့လဲ"

"နင် မသိချင်ယောင်မဆောင်နဲ့၊ အခုနက နင်လုပ်ပြတာ လူတိုင်းမြင်တယ်၊ မေးခွန်းတွေကို မှန်အောင် ငါ မဖြေနိုင်ဘူးဆိုပေမယ့် အဲဒီလိုတော့ နင် လုပ်မပြသင့်ဘူး"

မုတ်သုန်က နားမလည်ဘူး။ ခါးကို ထောက်ထားရင်းကနေ . . .

"ငါ ဘာလုပ်ပြလို့လဲ၊ ငါက ဒီလိုလုပ်ပြတာလေ"

ဆိုပြီး ခါးကို ရှေ့ဘက်ကော့ပြပြန်တယ်။ ရယ်သံတွေက အုန်းခနဲ။ ဝါးပင်ပျိုက တစ်ဖက်က မိုက်ကိုကိုင်၊ ကျန်လက်တစ်ဖက်က မုတ်သုန်လုပ်ပြနေပုံကို လက်ညှိုးထိုးပြီး . . .

"အဲဒီမှာလေ . . . အဲဒီမှာ နင် ငါ့ကို ငေါ့ပြနေတာလေ"

လို့ အကျယ်ကြီးအော်တယ်။ ဒါကို မုတ်သုန်က ခေါင်းတရမ်းရမ်းနဲ့ . . .

"မဟုတ်သေးပါဘူး၊ ငါက အပေါ်ယံပဲပြတာ၊ နင်က အထဲထိရောက်အောင် မကြည့်နဲ့လေဟာ၊ သေချာကြည့် ငါ





လုပ်ပြတာကို"

ဆိုပြီး ခါးကို ရှေ့ဘက်ကော့ပြပြန်တယ်။ ဒါပေမယ့် ဝါးပင်မျက်လုံးထဲမှာဖြစ်နေတဲ့ မုတ်သုန်ပုံက ဘယ်လိုမှ အဆင်မပြေဘူး။

"နင့်ကို မညစ်ပတ်နဲ့လို့ ပြောနေတယ်နော်၊ နောက်တစ်ခါဆို လက်ထဲကမိုက်နဲ့ ထုတော့မှာ"

ရယ်သံတွေ ထွက်လာပြန်တယ်။ မုတ်သုန် မတတ်နိုင်တော့ဘူး။ နှုတ်ကနေပဲ မေးဖို့ ဆုံးဖြတ်လိုက်တယ်။

"ဝါးပင် . . . နင် ဇော်က,ကနေသည်ဆိုတဲ့ ဖတ်စာလေးကို မှတ်မိသေးတယ်မလား"

"အင်း . . ."

"ငါပြောတာ အဲဒီအောက်ကအကြောင်း"

"ဩော် . . . ခါးကော့ထားပါ"

"အဖြေမှန်ပါတယ်"

presenter ဆီက အသံနဲ့အတူ လက်ခုပ်သံတွေ ထွက်လာတယ်။ နောက်မဲလိပ်တစ်လိပ်က 'မျောက်' တဲ့။

မုတ်သုန်က မျောက်တစ်ကောင်လို ခြေထောက်နှစ်ဖက်ကို ခွင်ပြီး ပုကွကွလုပ်၊ လက်နှစ်ဖက်နဲ့ ဟိုကုတ်ဒီကုတ်ကုတ်ပြီး ပါးနှစ်ဖက်ကို လေငုံဖောင်းကာ မျက်လုံးကို ပုတ်ခတ်ပုတ်ခတ်နဲ့ ဟန်လုပ်ပြတယ်။ အဲဒါကိုကြည့်ပြီး ဝါးပင်ပျိုက . . .



www.burmeseclassic.com

www.burmeseclassic.com





"ဘိန်းစား . . ."

ဝါးပင်ပျို အဖြေအဆုံး ရယ်သံတွေ ဝေါခနဲ။ မုတ်သုန် မျက်နှာက အီးမှန်သလို ရှုံ့မဲ့သွားတယ်။ ဒါပေမယ့် ခဏပါပဲ စောစောကအတိုင်းပဲ ပြန်လုပ်ပြပြန်တယ်။

"ဝက်ရူးပြန်တာ"

မုတ်သုန်က ခေါင်းရမ်းပြတယ်။

"အေကိုက်နေတဲ့ကောင်"

သူမအဖြေတွေကြားပြီး ပရိသတ်တွေ အူတက်နေကြပြီ။ တချို့ဆို မျက်ရည်တွေတောင်ကျလာတယ်။ မုတ်သုန်မနေသာတော့။ နှုတ်ကနေပဲ ပြောရတော့တယ်။

"ဝူခုံးက ဘာလဲဟာ . . . ကဲ"

"မျောက်"

သူမဖြေအပြီးမှာပဲ အချိန်ပြည့်သွားတယ်။ အဖြေမှန်ကြောင်း presenter ကပြောတယ်။ နောက်မဲလိပ် တစ်ခုရေးထားတာက 'ခွေး'တဲ့။

မုတ်သုန်အကျပ်တွေ့သွားတယ်။ ခွေးအိုက်တင် လုပ်ပြရမှာက ရှက်စရာကြီး။ ဒါပေမယ့်-အမှတ်ရဖို့က အဓိက ပဲလေဆိုပြီး လေးဘက်ထောက်ကာ ဟောင်ပြတော့တယ်။ မုတ်သုန်ပုံစံကိုကြည့်ပြီး အကုန်လုံး ပွဲကျသွားတယ်။ ဒါပေမယ့် ဝါးပင်ပျိုဖြေလိုက်တာက . . .

"ခွေးသူတောင်းစား"



တဲ့ . . .။ ခွေးတောင် ရိုးရိုးခွေးမဟုတ်။ ခွေးသူတောင်းစားတဲ့။ မုတ်သုန်ရဲ့ရုပ်က အဲဒီလောက်တောင် အဆင့်အတန်းရှိတာ။ မုတ်သုန်က ခေါင်းရမ်းပြတော့ ဝါးပင်ပျိုက စဉ်းစားဟန်ပြုပြီး ထပ်ဖြေတယ်။

"ခွေးနာ . . ."

မုတ်သုန်က ခေါင်းရမ်းပြတယ်။

"ခွေးဝဲစား"

မဟုတ်သေးဘူး။

"ခွေးလေခွေးလွင့်"

မတတ်သာတော့။ ကြာရင် ဒီထက်ပိုဆိုးတဲ့ စကားလုံးတွေ ထွက်လာနိုင်တယ်။ ခွေးဘဝရောက်ရတာတောင် အဆင့်အတန်းမီတဲ့ ခွေးမဟုတ်ရ။ သူက တစ်ခုခု ပြောမယ် ပြင်တုန်းမှာပဲ အချိန်စေ့သွားတယ်။ နောက်မဲလိပ် ကိုနှိုက်တော့ 'ဒူးထောက်ခြင်း' တဲ့။

မုတ်သုန်က ဒါတော့ အလွယ်လေးပါဆိုပြီး သူမကို ဒူးထောက်ပြတယ်။ ဒါပေမယ့် သူမဖြေတာက တလွဲ။

"မြေမျိုနေတဲ့ကောင်"

မုတ်သုန် လန့်သွားတယ်။ သူမ ဖြေလိုက်ရင် ကောင်းကောင်းမွန်မွန် သက်သက်သာသာ စကားလုံး တစ်လုံးမှ မပါ။ ပြောလိုက်ရင် ပိဿလေးနဲ့ နံဘေးပစ်ထည့်လိုက်သလို အင့်ခနဲနေမယ့် စကားလုံးတွေကိုပဲ ရွေးပြောနေတော့



www.burmeseclassic.com

www.burmeseclassic.com



တာ။

ဒါပေမယ့် သူလည်း မတတ်နိုင်။ မဟုတ်သေးဘူးဆိုတာကိုပဲ သူမ သိအောင် ခေါင်းရမ်းပြလိုက်တော့ သူမက ပြောင်းဖြေရှာတယ်။

"ဒုက္ခိတ"

စိတ်မရှည်တော့ပေ။ မုတ်သုန်က ဒူးထောက်နေရင်းကနေ သူမကို ဘုကြည့်ကြည့်လိုက်ရင်း . . .

"ကျွတ် . . . နင်ကလည်း ဒုံးဝေးလိုက်တာ၊ ငါ ဒီမှာ ဘာလုပ်နေတာလဲ ကြည့်"

စကားမဆုံးလိုက်။ သတ်မှတ်ချိန်ပြည့်သွားပြီ။ မုတ်သုန်က အီလည်လည်နဲ့ နောက်ဆုံးမဲလိပ်ကို နှိုက်လိုက်တယ်။ မဲလိပ်မှာရေးထားတာက 'ကြက်ဖ' တဲ့ . . .။

မုတ်သုန်က ပေါက်တဲ့နဖူး မထူးတော့ပါဘူးလေ ဆိုပြီး ဆောင့်ဆောင့်ထိုင်ကာ သူမကို ကြက်ခွပ်ပြရပြန်သေးတယ်။ ဒီတစ်ခါတော့ သူမက အနီးစပ်ဆုံး ပြောနိုင်ပါတယ်။

"ကြက်"

တဲ့ . . .။ ဒါပေမယ့် အဖြေက မပြည့်စုံသေးဘူးလေ။ ဒါနဲ့ မုတ်သုန်က ဝါးပင်ပျို့ကို လက်ညှိုးထိုးပြီး လက်ခါပြကာ ကိုယ့်ကိုကိုယ် ပုတ်ပြပြီး လက်မထောင်ပြရတယ်။ ဒါပေမယ့် သူမဖြေလိုက်တာက . . .

"ကြက်မ ယောက်ျား"





တဲ့ . . .။ ရှင်းရော။ မဖြစ်တော့ဘူးဆိုပြီး မုတ်သုန်က စိတ်တွေကို ဒုံးဒုံးချလျှော့ချလိုက်ပြီးမှ . . .

"တွန့်တဲ့ကြက်ဟေ့ ! တွန့်တဲ့ကြက်"

ဆိုမှ လန်းဆန်းသွားတယ်။

"ကြက်ဖ . . . "

သူမဖြေအပြီး အချိန်ကလည်းစေ့ ကွက်တိပဲ။ ပရိသတ်တွေ ရယ်သံမစဲသေးပေမယ့် နှစ်ယောက်သားကတော့ ခပ်တည်တည်ပဲ စင်ပေါ်ကနေ ဆင်းလာခဲ့တယ်။

ဆုကြေညာတော့ မုတ်သုန်တို့အတွဲက ရမှတ်အနည်းဆုံး။ ဒါပေမယ့် ပရိသတ်ကပေးတဲ့ အရယ်ရဆုံး အတွဲဆုကို ရလိုက်တယ်။ ညီညီတို့အတွဲကတော့ တတိယချိတ်တယ်။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



***အိမ်***ပြန်ရောက်တယ်ဆိုရင်ပဲ မုတ်သုန်က ရှားရှားခင်တို့အိမ်ဘက်ကို ကူးလာခဲ့လိုက်တယ်။ လာမယ်ဆိုပြီး မလာတဲ့အပြင် ဖုန်းပါပိတ်ထားတဲ့ သူမကို ပြဿနာရှာဖို့ ရည်ရွယ်ချက်နဲ့ပေါ့။

"အန်တီရေ . . . မိရှားရှိလား"

"ကျောင်းကပြန်မလာသေးဘူး သားရဲ့၊ ကိစ္စရှိလို့လား ဖုန်းဆက်လိုက်လေ"

"ဆက်တယ်အန်တီ၊ ဖုန်းက ပိတ်ထားလို့"

သူ ပြန်လာခဲ့လိုက်တယ်။ အိမ်ပြန်ရောက်တော့ ရေမိုးချိုး အဝတ်အစားလဲပြီး ဝရန်တာဘက်ကနေ မိရှားတို့ အိမ်ဘက် လှမ်းကြည့်မိတယ်။ မိရှားရောက်သေးဟန်မတူ။

ဒါနဲ့ အိမ်ထဲပြန်ဝင်လာကာ ပျင်းပျင်းရှိတာနဲ့ Sky Net ထိုင်ကြည့်နေလိုက်တယ်။ TV ထဲမှာ စျာန်ဝင်သွားပြီး အချိန်တွေ မည်မျှကုန်သွားမှန်းပင် မသိလိုက်။ သူ့လက်ကိုင်ဖုန်းကမြည်လာမှပဲ TV ထဲမှာ ရောက်နေတဲ့အာရုံက ပြတ်သွားတယ်။

ပေါ်နေတဲ့ နံပါတ်ကိုကြည့်တော့ မိရှားနံပါတ်။ သူက ဖုန်းကို လက်သီးနဲ့တစ်ချက်ရွယ်လိုက်ပြီးမှ ကိုင်လိုက်တယ်။ စိတ်ထဲမှာလည်း ကောင်းကောင်းပြောပစ်လိုက်ဖို့ကို ပြင်ဆင်ထားလိုက်တယ်။

"မိရှား . . . နင် ဘာလို့"

သူက ဟယ်လိုတွေဘာတွေပင် နိဒါန်းပျိုးမနေတော့ဘဲ အပြစ်တင်ဖို့ တစ်ခါတည်းမောင်းတင်လိုက်ပေမယ့် တစ်ဖက်ကထွက်လာတဲ့ ရှိုက်သံသဲ့သဲ့ကြောင့် စကားလုံးတွေက သမ်းခုလတ်မှာတင်ပဲ ရပ်တန့်သွားရတယ်။

"မုတ် . . . မုတ်သုန်"

မိရှားက ရှိုက်သံတွေ တစ်ဝက်နဲ့ သူ့ကို ခေါ်လာတယ်။ သူ့ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရပြီး . . .

"မိရှား . . . မိရှား၊ နင် ဘာလို့ ငိုနေတာလဲ၊ ဟင် နင် ဘာဖြစ်လို့လဲ"

သူက စိုးရိမ်တကြီးမေးလိုက်ပေမယ့် တစ်ဖက်က ရှိုက်သံတွေသာ ထွက်လာပြီး ဘာစကားမှထွက်မလာ။ စိုးရိမ်မှု ဒီဂရီက အမြင့်ဆုံးအမှတ်ကို ရောက်သွားတယ်။







www.burmeseclassic.com

www.burmeseclassic.com



"မိရှား . . . ငါမေးတာကို ဖြေစမ်းပါ၊ နင် ဘာဖြစ်နေတာလဲလို့ . . . မိရှား"

"မုတ်သုန်"

သူမအသံက မောဟိုက်နွမ်းလျနေတဲ့ အသံ။ သူ နာမည်ကိုခေါ်ပြီး စက္ကန့်သုံးဆယ်လောက် ရှိုက်နေပြီးမှ . . .

"ငါ . . . ငါ့ကို လာခေါ်ပေးပါ မုတ်သုန်"

တဲ့ . . .။ သူက TV ကို ပိတ်ပစ်လိုက်ပြီး ထိုင်ရာမှ ငေါက်ခနဲထကာ ပါးစပ်ကလည်း လုပ်ရပ်နှင့်တစ်ပြိုင်တည်း လိုပင် . . .

"နင် အခု ဘယ်မှာလဲ . . . အိမ်မှာလား"

"ငါ အခု ဆေးရုံကြီးမှာ"

"ဆေးရုံ!"

သူက အလန့်တကြား ရေရွတ်မိတယ်။ တစ်ခုခု ထပ်မေးဖို့ ပြင်လိုက်သော်လည်း တအားကို ရှိုက်ကာရှိုက်ကာ ငိုနေတဲ့ သူမအသံကြောင့် ဘာမှ မမေးတော့ဘဲ . . .

"နင်စောင့်နေနော်၊ ငါ အခု လာခဲ့မယ်"

ဆိုပြီး ဖုန်းကို ပိတ်ပစ်လိုက်ကာ အောက်ထပ်ကို တဝုန်းဝုန်း ပြေးဆင်းလာခဲ့လိုက်တယ်။ လှေကားရင်းမှာတွေ့တဲ့ အမေက . . .

"ဟဲ့ . . . ဟဲ့၊ ဘာတွေဒီလောက်အရေးကြီးနေတာလဲ၊ လှေကားပေါ်က ချော်ကျမှဖြင့်"





သူက အဲဒီစကားကို အရေးမစိုက်အား။ 'သား အပြင်ခဏ သွားဦးမယ်အမေ'လို့ အော်ခဲ့ကာ အပြင်ရောက်တာနဲ့ ကားပေါ်တက်မောင်းထွက်လာခဲ့လိုက်တယ်။ မိရှား ဘာတွေဖြစ်နေလဲဆိုတဲ့စိတ်က ရင်ထဲကို မီးတစ်စလို ပူစေတယ်။ ငယ်ငယ်လေးကတည်းက သူငယ်ချင်းဆိုတာထက် ပြီး မောင်နှမအရင်းတွေလို သံယောဇဉ်နဲ့ ဟိုဘက်အိမ် ဒီဘက်အိမ် နေလာခဲ့ကြတာဆိုတော့ တည်ဆောက်ထားတဲ့ မေတ္တာထုထည်က ပမာဏတော်တော်ကြီးနေပြီ။

ဆေးရုံကိုရောက်တော့ ကားပေါ်ကဆင်းကာ သူမဆီကို ဖုန်းခေါ်လိုက်တယ်။ ဘယ်မှာလဲ မေးမလို့ ပြင်လိုက်သော်မှာပဲ မိရှားကို ဆေးရုံရဲ့အောက်ဘက် ခုံတန်းလျားတစ်ခုပေါ်မှာ ထိုင်နေတာကို တွေ့လိုက်ရတယ်။ ဒါနဲ့ သူက ခေါ်လက်စဖုန်းကို ပိတ်ပစ်လိုက်ပြီး သူမဆီကို ခပ်သွက်သွက် လျှောက်သွားလိုက်တယ်။

"မိရှား . . ."

သူခေါ်သံကြားတော့ ခေါင်းငိုက်စိုက်ကျနေတဲ့ သူမက မော့ကြည့်လာတယ်။ အဲဒီမှာတင်ပဲ တအားငိုထားမှန်းသိသာစွာ မို့အစ်ဖောင်းကားနေတဲ့ သူမမျက်နှာကို တွေ့လိုက်ရတယ်။ မျက်လုံးတွေကလည်း နီရဲလို့ . . .။

"မုတ်သုန် . . ."

သူမရဲ့ခေါ်သံက အားကိုးတကြီး။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းနာကျင်စွာ။ ဆို့နစ်စွာ။ ယူကြုံးမရစွာ။

"မိရှား . . . နင် ဘာဖြစ်"

သူ့အမေးစကားပင် မဆုံးလိုက်။ သူမက သူ့ရင်ခွင်ထဲ ပါးအပ်တိုးဝင်ကာ ရှိုက်ကြီးတငင် ငိုတော့တယ်။ နှုတ်ကလည်း . . .

"မုတ်သုန် . . . သူ . . . သူ မရှိတော့ဘူး . . . သူ မရှိတော့ဘူး မုတ်သုန်ရဲ့"

လို့ ဗလုံးဗထွေး ရှိုက်သံတစ်ဝက်နဲ့ ရေရွတ်ကာ ငိုတယ်။ မုတ်သုန်က ဘာမှန်းမသိသေးပေမယ့် သူမကို အသာအယာ ပြန်လည်ထွေးဖက်ထားလိုက်တယ်။ ပြီးမှ . . .

"မိရှား . . . နင် ဘာဖြစ်နေတာလဲ၊ ပြောစမ်းပါ ဘယ် သူမရှိတော့တာလဲ . . . ဟင် . . . ဘယ်သူဘာဖြစ်လို့လဲ"

သူမဆီက အဖြေစကားက တန်းထွက်မလာ။ တော်တော်ကြာ ငိုနေပြီးမှ . . .

"မောင် . . . မောင်ဆုံးပြီ မုတ်သုန်၊ သူ မရှိတော့ဘူး။ လွန်ခဲ့တဲ့ သုံးနာရီလောက်ကပဲ သူ ဆုံးသွားတာ၊ ငါ ဘယ်လိုလုပ်ရမလဲဟင် . . . ငါ ဘယ်လိုလုပ်ရမလဲ"

ပြောပြီး သူမက ငိုပြန်တယ်။ သူကတော့ လုံးဝထင်မှတ်မထားတဲ့စကားကို ကြားလိုက်ရတာမို့ ဘာအသံမှ ထပ်ထွက်လို့မရအောင် ဆွံ့အတိတ်ဆိတ်သွားရတယ်။ မျက်





လုံးထဲမှာလည်း တစ်ခါသာမြင်ဖူးလိုက်ရတဲ့ အောင်ကိုသက်ဆိုတဲ့ ဆေးကျောင်းသားကို ပြေးမြင်မိတယ်။ ခပ်ရေးရေးပါပဲ။ သေသေချာချာ ပီပီသသ ပုံဖော်လို့ မရတော့။

နောက်ထပ် ငါးမိနစ်လောက်ကြာအောင် နှစ်ယောက်သား ဘာစကားမှ မပြောဖြစ်ကြဘဲ သူမက ရှိုက်ကြီးတငင် ငိုနေသလို သူကလည်း သူမကို ဘာစကားပြောရမှန်းမသိစွာ စကားလုံးရှာနေမိတယ်။ အတော်ကြာမှ သူက အကြောင်းစုံကို မေးကြည့်ရတယ်။

"ဘယ်လိုဖြစ်တာလဲဟာ . . . ဟင်"

ထုံးစံအတိုင်း အဖြေက တန်းထွက်မလာ။ ပြီးမှ သူမက မျက်ရည်တွေကို လက်ခုံနဲ့ပွတ်သုတ်ပစ်လိုက်ကာ . . .

"ကားအက်ဆီးဒင့်ဖြစ်တာဟ . . . အဟင့် . . . ဘုန်း ကားတစ်စီးက ဘရိတ်ပေါက်ပြီး ဝင်တိုးတာ၊ ဖြစ်ချင်တော့ သူကားမောင်းတဲ့ အခြမ်းဘက်ကိုမှ ဝင်တိုးတာ၊ အခုတော့ အခုတော့ အဟင့် . . ."

ပြောပြီး သူမက ငိုပြန်တယ်။ သူကတော့ စိတ်ထဲကနေ 'ဖြစ်မှဖြစ်ရလေကွာ'လို့ ရေရွတ်ပြီး ကံကြမ္မာကို စိတ်ရှိလက်ရှိ ကျိန်ဆဲပစ်လိုက်တယ်။ ဘာ့အတွက်ကြောင့်များ ဒီလိုအဖြစ်ဆိုးကြီးက သူ့သူငယ်ချင်းအတွက် ဖြစ်ရတာတဲ့လဲ။

"ငါ ဘယ်လို ယုံကြည်ရမလဲ မုတ်သုန်၊ ငါက ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



နင့်ဆီကို လာတော့မလို့ဟ၊ အဟင့် . . . ဒါပေမယ့် ဒီသတင်းဆိုးကြီးကို ကြားလိုက်ရတော့တာပဲ၊ ငါ ဒီကို ရောက်နေတာ ခြောက်နာရီလောက်ရှိပြီ၊ ငါ သူ့ကို သွားမကြည့်ရသေးဘူး၊ သူ့ကို သူ့မိဘတွေက ရေခဲတိုက်ထဲမှာ ထားခဲ့ကြပြီ၊ ငါ သူ့ကို သွားမကြည့်ရဲဘူး မုတ်သုန်၊ ဒီလိုပုံစံကြီးနဲ့ ငါ သူ့ကို ဘယ်လိုမှ ရင်မဆိုင်ရဲဘူး၊ ဒါ အိပ်မက်ဆိုးကြီးများလား မုတ်သုန်ရယ်၊ ငါ့ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် နှစ်ချက်လောက် ခပ်ပြင်းပြင်း ရိုက်ပေးစမ်းပါ၊ ဒါမှ ငါ ဒီအိပ်မက်ဆိုးကြီးထဲက နိုးသွားမှာ၊ ဒီအဖြစ်အပျက်ကြီးဟာ တကယ်ပါလို့ ငါ လက်ခံ မပေးချင်ဘူး၊ လုပ်ပါ မုတ်သုန်ရယ်၊ ငါ့ပါးကို ရိုက်စမ်းပါ၊ ငါ့ပါးတွေကို အားရှိသလောက် ရိုက်ပေးစမ်းပါ"

ပြောပြီး သူမက သူ့လက်တွေကို ဆွဲကိုင်ယူကာ သူမပါးကို သူမ ပြန်ရိုက်တယ်။ သူက သွေးရူးသွေးတန်းဖြစ်နေတဲ့ သူမရဲ့လက်တွေထဲက သူ့လက်တွေကို ရုန်းဖယ်ပစ်လိုက်ကာ သူမကို ရင်ခွင်ထဲဆွဲသွင်းပြီး တင်းကျပ်နေအောင် ဖက်ထားလိုက်တော့တယ်။

"မိရှားရယ် . . ."

သူက ယူကြုံးမရ ရေရွတ်လိုက်မိတယ်။ သူမကတော့ သူ့ရင်ခွင်ထဲကနေ ခန္ဓာကိုယ်လှုပ်ခတ်သွားတဲ့အထိ တသိမ့်သိမ့်ရှိုက်ကာ ငိုနေဆဲ။

◆◆◆◆◆◆



ရာဇဝင်ကို

လူတစ်ယောက်ရဲ့ ဖူးစာဖက်ဆိုတာ
ဟိုး . . . ရှေးရှေးတုန်းက ပျောက်ဆုံးသွားခဲ့တဲ့
အဲဒီလူရဲ့ ခန္ဓာကိုယ်တစ်ခြမ်းပဲတဲ့
လူသားတိုင်းဟာ အဲဒီကိုယ့်ရဲ့ ခန္ဓာကိုယ်တစ်ခြမ်းကို
ရှာတွေ့ဖို့
ဘက်ရင့်အုံထဲက လမ်းပြမှုဆိုးရှေ့မှာ
အကြိမ်ကြိမ် ဒူးထောက်ရရှာတယ် . . .။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း
# N



www.burmeseclassic.com

www.burmeseclassic.com



# အခန်း … N

အောင်ကိုသက်ရဲ့ အသုဘကိစ္စ ပြီးသွားတဲ့ နောက်ပိုင်းနေ့တွေကနေစပြီး မုတ်သုန်က ရှားရှားခင်ကို သတိအလစ်မပေးဘဲ အမြဲတစေ စောင့်ကြည့်အကဲခတ်နေခဲ့တယ်။ ရှားရှားခင်က လူတွေအမြင်မှာတော့ ဘာမှမဖြစ်တဲ့ပုံစံနဲ့ နေထိုင်ပြနေပေမယ့်လို့ သူမရင်ထဲမှာတော့ မီးတွေ တောက်လောင်နေတယ်ဆိုတာ မုတ်သုန်သိတယ်။

ချစ်သူတစ်ယောက်လုံးကို လျှပ်တပြက်အတွင်းမှာ အပြီးတိုင် လက်လွှတ်ဆုံးရှုံးလိုက်ရတဲ့ လူတစ်ယောက်ရဲ့ ခံစားချက်မျိုးကို သူ မခံစားဖူးပေမယ့်လို့ ရှားရှားခင် ခံစားနေရတာတွေကိုမြင်ပြီး သူကိုယ်တိုင်လည်း ခံစားကြေကွဲနေခဲ့ရတယ်။

သားသမီးတို့ရဲ့ မျက်နှာရိပ်မျက်နှာကဲကို ခတ်ရာ





www.burmeseclassic.com

www.burmeseclassic.com



မှာတော်တဲ့ မိခင်တို့ရဲ့ ထုံးစံအတိုင်း မိရှားရဲ့အမေကတော့ သူ့ကို တိုးတိုးတိတ်တိတ် မေးရှာတယ်။

"သားရေ . . . အခုတလော သမီးတစ်ခုခုဖြစ်နေသလားလို့၊ အရင်ကလောက် မျက်နှာမရွှင်သလိုပဲ၊ သမီး ဘာဖြစ်နေတယ်ဆိုတာ သားသိရင် အန်တီ့ကို ပြောပြပါလားကွယ်"

အဲဒီလိုမေးလာတုန်းက သူ့မှာ တော်တော်လေး ခေါင်းမီးတောက်သွားခဲ့ရတာ။ ဘာမှမဖြစ်ပါဘူးဆိုပြီး မျက်နှာပြောင်ပြောင်နဲ့ အတင်းဘူးခံပြီး ဖုံးကွယ်လိုက်ပြန်ရင်လည်း မယုံမှာစိုးရတယ်။ ဒါနဲ့ ယုံကြည်နိုင်တဲ့ ဆင်ခြေတစ်ခုကို ချက်ချင်းပဲ အသည်းအသန် စဉ်းစားပြီး ရှာဖွေပေးရတယ်။

"တစ်နေ့က သူ့သူငယ်ချင်း ဆေးကျောင်းသူတစ်ယောက် အက်ဆီးဒင့်တစ်ခုနဲ့ ဆုံးသွားတယ် အန်တီရဲ့၊ သူတို့က ကျောင်းမှာ တော်တော်တွဲတယ်လို့ပြောတယ်၊ အဲဒါကြောင့်ပါ . . ."

ပြောပြီး အန်တီ့မျက်နှာကို မသိမသာ အကဲခတ်ရသေးတယ်။ ယုံတယ် မယုံတယ်တော့မသိဘူး။ ခေါင်းတညိတ်ညိတ်နဲ့တော့ ပြန်သွားတာပဲ . . .။

◆◆◆◆◆◆





တကယ်ပါ

သူက ပြဿနာတွေကို ဒီလောက်နဲ့ပြီးသွားမယ်လို့

ထင်ထားခဲ့တာပါ . . .

ဒါပေမယ့် . . .

အပူမီးက လေအပင့်မှာ ပြာပုံကြားကနေ ရှန်းထလာတယ်

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



*ကျောင်း* ရက်ရှည် (၅)ရက်တိတိ ပိတ်မှာမို့ ကျောင်းသူကျောင်းသားအများစုက လက်လှမ်းမီရာ အဖွဲ့တွေ စုပေါင်းပြီး ပျော်ပွဲစားခရီးတို့၊ ဘုရားဖူးတို့ထွက်ဖို့ စီစဉ်ကြတယ်။ အဲဒီလိုပဲ မုတ်သုန်တို့နဲ့ ဝါးပင်ပျိုတို့တွေလည်း ချောင်းသာကို အပျော်ခရီးထွက်ဖို့ တိုင်ပင်ကြတယ်။ သူတို့တွေချည်းပဲ သွားမှာတော့မဟုတ်ဘူး။ သူတို့မေဂျာနှစ်ခုက လိုက်ချင်တဲ့သူတွေပါ စုပေါင်းပြီး မှန်လုံကားတစ်စီးနဲ့ ထွက်ကြမှာ။

"ဟဲ့ . . . ဝါးပင်၊ ငါတို့က သဘက်ခါဆို ချောင်းသာသွားတော့မှာဆိုတော့ ဝယ်စရာတွေက အများကြီးပဲ၊ မနက်ဖြန်တော့ ငါတို့ shopping ထွက်ရအောင် ဟာ. . . နော်"

"အေး . . . ငါလည်း အဲဒါပဲပြောမလို့၊ မနက်ဖြန်ဆို ကျောင်းလည်းပိတ်ပြီဆိုတော့ ဝယ်စရာရှိတာ လျှောက်ဝယ်ကြတာပေါ့"

သူဇာနဲ့ ဝါးပင်ပျိုတို့ တိုင်ပင်နေတာကိုကြည့်ပြီး





တေဇက . . .

"အေး . . . နင်တို့ ချောင်းသာသွားမှာဆိုပြီး ရေကူးဝတ်စုံတွေတော့ ဝယ်မလာခဲ့နဲ့နော်၊ ငါ့မှာက နှလုံးရောဂါရှိတယ်"

တေဇစကားအဆုံး ဆဲသံတွေ ထွက်လာတယ်။ မွန်ကြည်ထွေးက . . .

"ငါကတော့ လူတစ်ယောက်ပါလိမ့်ဦးမယ်၊ ငါ့အမေက သူပါလိုက်မှာတဲ့၊ သူမပါရင် မထည့်ဘူးတဲ့"

လို့ ဆိုတော့ ညီညီက . . .

"ယောက္ခမကြီးက ဘာလိုက်လုပ်မှာလဲ၊ လူငယ်တွေ အပျော်ခရီးထွက်မှာကို"

လို့ . . . စ,တယ်။ မွန်ကြည်ထွေးက ညီညီ့ကို မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း . . .

"ငါ့အမေကိုများ ဘာယောက္ခမလဲ၊ ဟွန်း . . . နင့်ကို ယူမယ့်အစား ခွေးကိုပဲ အမြီးဖြတ်ယူတော့မယ်၊ သိလား"

"ဟင် ! ငါက နင့်ကိုယူမယ် ပြောလို့လား၊ ငါက နင့်ညီမကို ယူမှာလေ"

ရယ်သံတွေ ထွက်လာတယ်။ မွန်ကြည်ထွေးကတော့ ညီညီ့ကို ပျစ်ပျစ်နှစ်နှစ်ဆဲပြန်တယ်။ ဆူညံပွက်လောရိုက်နေတဲ့အသံတွေ တိတ်သွားတော့မှ . . .



www.burmeseclassic.com

www.burmeseclassic.com



“ငါလည်း လူတစ်ယောက်ခေါ်ခဲ့ဦးမယ်”

မုတ်သုန့်စကားကြောင့် အကြည့်တွေအားလုံးက သူ့ဆီရောက်လာတယ်။ မုတ်သုန်က အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ကာ . . .

“ငါ ရှားရှားခင်ကိုပါ ခေါ်ခဲ့မလို့၊ သူကလည်း ဒီလို ကမ်းခြေတွေဘာတွေကို ခရီးထွက်ရတာ ကြိုက်တယ်လေ”

“နှစ်ယောက်လိုက်မယ်ပေါ့ . . .”

သူဇာက မုတ်သုန်ကို စ,တယ်။ ဒါကို မုတ်သုန်က လက်ကာပြလိုက်ရင်း ပျာပျာသလဲရှင်းတယ်။

“ဟော့ ဟော့ . . . တလွဲမထင်ကြနဲ့နော်၊ ငါတို့က သူငယ်ချင်းတွေ”

ဒါကို သူဇာက လုပ်သံကြီးနဲ့ . . .

“အင်းလေ . . . ဘယ်သူက ဘာပြောနေလို့လဲ၊ နှစ်ယောက်လိုက်မှာပေါ့လို့ပဲ ပြောတဲ့ဟာကို . . . ဟွန်း”

ရယ်သံတွေ ထွက်လာပြန်တယ်။ မုတ်သုန်လည်း သူ့စကားနဲ့သူမိပြီး ရှက်ကိုးရှက်ကန်းရယ်လို့။

◆◆◆◆◆◆





ဒီနေ့ကစပြီး ကျောင်းငါးရက်ပိတ်မှာမို့ ငါးရက်လောက် လွတ်လပ်ပြီဆိုတဲ့စိတ်နဲ့ အိပ်ယာထဲက မထသေးဘဲ စောင်ကို လည်ပင်းထိဆွဲယူခြုံပြီး နှပ်နေမိတယ်။ သူက မနက်ဖြန် ချောင်းသာသွားမယ်ဆိုတာကို ရှားရှားခင်ကို မပြောရသေးဘူး။ ခေါ်ရင် မလိုက်ဘူးဆိုတာကို သူ သိတယ်။ ဒါကြောင့် မနက်ဖြန်ကျမှ အပြင်သွားမလို့ အဖော်လိုက်ခဲ့ပါဆိုပြီး ခေါ်ထုတ်သွားဖို့ ပြင်ပြီးသား။

သူက ကိုယ့်အစီအစဉ်ကိုကိုယ် သဘောတကျ ပြုံးလိုက်တယ်။ ဒီအချိန်မှာပဲ သူ့အခန်းတံခါးက ပွင့်သွားပြီး အမေဝင်လာတယ်။ ကျွတ် . . . ညက တံခါးပိတ်တာ လော့(ခ်) မချလိုက်မိဘူး။

“အပျင်းကြီး . . . ထတော့၊ အမေ့ကို ဒီနေ့ ဈေးလိုက်ပို့ဦး”

အမေ့စကားသံအဆုံး သာယာလှပနေတဲ့ နေ့ကြီးက ရုတ်ချည်းဆိုသလို မိုးမှောင်ကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အမေကလည်း . . . ဟိုတစ်လောကမှ ဈေးသွားထားတာလေ"

"ဟဲ့ . . . အဲဒီတုန်းက ဈေးသွားထားတာတွေက ဒီအတိုင်း အလှကြည့်နေရတာမှ မဟုတ်တာ၊ သုံးနေတာလေ၊ ကုန်ပြီပေါ့ . . ."

ပြောပြီး အမေက အခန်းထဲက ပြန်ထွက်သွားတယ်။ သူက စောင်ကို လည်ပင်းကနေ ခေါင်းမြီးခြုံပစ်လိုက်ရင်း စိတ်ပျက်လက်ပျက် ဖြစ်နေမိတယ်။ နောက်တော့ ဟိုတွေးဒီတွေး လျှောက်တွေးရင်း ငါးမိနစ်လောက်ကြာမှ အိပ်ယာထဲက ထဖြစ်တယ်။

ရေမိုးချိုး အဝတ်အစားလဲပြီး အောက်ထပ်ကို ဆင်းအလာ ဖုန်းစင်နားကအဖြတ်မှာ ဖုန်းလာတာနဲ့ ကောက်ကိုင်လိုက်တယ်။

"ဟယ်လို . . ."

"သား . . . မုတ်သုန်လား"

ရှားရှားခင်ရဲ့ အမေ။

"ဟုတ်ကဲ့ . . . အန်တီ"

"သားရေ အိမ်ဘက်ခဏလာခဲ့ပါဦး အားရင်"

"ဟုတ်ကဲ့ . . . အန်တီ၊ အခု လာခဲ့လိုက်မယ်"

"အေး အေး . . . သား၊ ဒါပဲနော်"

"ဟုတ် . . ."





သူက ဖုန်းကိုချလိုက်ကာ ပခုံးတစ်ဖက်တွန့်လိုက်မိတယ်။ နောက်တော့ အမေ့ကို ဟိုဘက်အိမ် ခဏသွားဦးမယ်ဆိုပြီး မိရှားတို့အိမ်ဘက် ထွက်လာခဲ့လိုက်တယ်။

မိရှားတို့အိမ်ဘက် ရောက်တော့ အန်တီက မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေတယ်။

"ရောက်လာပြီလား . . . သား"

"ဟုတ်ကဲ့ အန်တီ၊ သား ဘာလုပ်ပေးရမလဲ"

"ဟိုဟာပါသားရယ်၊ သားသူငယ်ချင်းအခန်းထဲက မီးချောင်း ညကကျွမ်းသွားလို့ အဲဒါ လဲခိုင်းချင်လို့ပါ၊ အန်တီတို့ မမီလို့၊ အလုပ်သမားတွေကျတော့လည်း အဲဒီ အခန်းထဲ မဝင်ခိုင်းချင်လို့"

"ဩော် . . . ဟုတ်ကဲ့၊ ဒါနဲ့ မိရှားရော အန်တီ"

"အခန်းထဲမှာနဲ့တူတယ်၊ သား သွားနှင့်လိုက်၊ အန်တီ နောက်က လိုက်လာခဲ့မယ်၊ ဒီမှာ ဟင်းအိုးက လက်လွှတ်လို့ မရသေးလို့၊ မီးချောင်းအသစ်က ရေခဲသေတ္တာပေါ်မှာ သား"

သူက မီးဖန်ချောင်းကို ယူကာ အပြင်ဘက်မှာ ထောင်ထားတဲ့လှေကားကိုပါ တစ်ခါတည်း သွားမ,လာလိုက်တယ်။ မိရှားအခန်းရှေ့ရောက်တော့ လှေကားကို နံရံမှာ အသာမှီထားလိုက်ပြီး စေ့ရုံစေ့ထားတဲ့ တံခါးကို ဆွဲအဖွင့်မှာတော့ အထဲမှာ တစ်ခုခုကို မော့သောက်ဟန်ပြင်နေတဲ့ မိရှားဟာ အလန့်တကြားဖြစ်သွားပုံနဲ့ တံခါးဝဆီကို လှည့်ကြည့်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးတော့ တစ်ခုခုကို နောက်ကျောဘက်ဆီ ဝှက်လိုက်တယ်။

ဒါပေမယ့် . . . ။

အဲဒီလိုဝှက်လိုက်တဲ့အချိန်မှာပဲ သူမရဲ့ နောက်ဘက်ဆီကနေ ကြမ်းပြင်ပေါ်သို့ အရာဝတ္ထုသေးသေးလေးတစ်ခုက ဒေါက်ခနဲ ပြုတ်ကျလာပြီး သူရပ်နေတဲ့ တံခါးဝဘက်ဆီသို့ လိမ့်ဆင်းလာခဲ့တယ်။

"မုတ်သုန် . . . နင် . . . နင်"

သူက သူမကို အာရုံမထားအား။ သူ့ရှေ့မှာ အရှိန်ရပ်တန့်သွားတဲ့ အရာဝတ္ထုကို ကောက်ယူကြည့်လိုက်တယ်။

ဆေးပြားတစ်ခု . . . ။

ဆေးပြားမှ သာမန်ဆေးပြားမဟုတ်။ ဆရာဝန်တစ်ဦးဦးရဲ့ ထောက်ခံချက်ပါမှသာ ဝယ်ယူရရှိနိုင်တဲ့ အပြင်းစားအိပ်ဆေးပြားတစ်ခု။

ဆေးပြားကို ကောက်ယူလိုက်တဲ့ သူ့လက်က ဆတ်ခနဲတုန်သွားတယ်။ အံ့သြထိတ်လန့်စွာ သူမကို မော့အကြည့် . . .

"မုတ်သုန် . . . ငါ ငါ"

ရှားရှားခင်ရဲ့အသံက တုန်တုန်ယင်ယင်။ သူက တစ်ခုခုကို ပြောမယ်ပြင်ပြီးမှ နောက်ဘက်ဆီက လျှောက်လှမ်းလာနေတဲ့ ခြေသံကြောင့် သူမကို လက်ကာပြလိုက်ရင်း . . .





"အန်တီလာနေတယ်၊ နင်ဘယ်မှ မသွားနဲ့၊ ပြီးမှ ငါနဲ့ စကားပြောမယ် . . ."

စိတ်လှုပ်ရှားမှုကို မနည်းထိန်းရတယ်။ ရှားရှားခင်ရဲ့ မျက်နှာကတော့ သွေးပျက်နေတာကို မနည်းထိန်းထားရပုံ။

လက်က မီးချောင်းကို တပ်နေရပေမယ့် စိတ်တွေက တရားသူကြီးတစ်ယောက်ရဲ့ အမိန့်ချမှတ်မှုကို နားထောင်ဖို့ စောင့်နေရတဲ့ တရားခံတစ်ယောက်လို . . . ။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



**မျက်နှာ** ကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ တသိမ့်သိမ့် ရှိုက်ငိုနေတဲ့ မိရှားကိုကြည့်ရင်း ဒေါသတကြီးပဲ ထုရိုက်ပစ်ရမလား၊ စကားလုံးလှလှရှာပြီးပဲ နှစ်သိမ့်ပေးရမလား၊ ဒါမှမဟုတ် ကံကြမ္မာကိုပဲ ရိုးမယ်ဖွဲ့ရမလား မပြောတတ်တော့ချေ။

"မိရှား . . . နင် . . . ကျွတ်"

တစ်ခုခုကို ပြောမယ်ပြင်ပြီးမှ စကားလုံးတို့က လည်ချောင်းထဲက မထွက်။ နောက်တော့ တင်းကျပ်ပြည့်သိပ်လာတဲ့ ရင်ဘတ်ကြီးကို လျော့သွားအောင် . . .

"ဟာကွာ . . . ဟာကွာ"

သူက အကျယ်ကြီး ဖွင့်ထုတ်ရေရွတ်ပစ်လိုက်တယ်။ ဆုပ်ထားတဲ့ လက်သီးနှစ်ဖက်ဆီက အရိုးတွေတကျွတ်ကျွတ်မြည်လာတယ်။

သူမက ရှိုက်ကာရှိုက်ကာ ငိုနေရာမှ . . .

"ငါ့ကို . . . ငါ့ကို သတ်လိုက်ပါတော့ မုတ်သုန်ရယ်၊ အဟင့် ဟင့် . . . ငါသေမှ . . . ငါသေမှ . . . ဒီကိစ္စကြီးက





ပြီးသွားမှာ"

"သတ်ချင်တယ် . . ."

သူမစကားအဆုံး ထွက်သွားတဲ့ သူ့ပါးစပ်က အသံကြီးက အကျယ်ကြီး။ ဒါပေမယ့် စကားက ဆက်ထွက်လာဘူး။ နှာမှုတ်သံပြင်းပြင်းကသာ အဆက်မပြတ်ထွက်လာတယ်။ တစ်မိနစ်လောက်ကြာသွားမှ . . .

"သတ်ချင်တယ် . . . ငါ နင့်ကို သတ်ချင်တယ်၊ နင့်ကိုသတ်လိုက်လို့ ဒီပြဿနာကြီးပြီးသွားမယ်ဆိုရင် နင့်ကို ဒီနေရာမှာတင် ငါသတ်လိုက်ပြီ၊ ဒါပေမယ့် ဒါပေမယ့်ဟာ"

သူ့အသံတ အစမှာ တင်းမာခက်ထန်နေသလောက် အဖျားမှာ တုန်ယင်သွားတယ်။

"နင် . . . နင် . . . သိပ်မိုက်တယ်ဟာ"

ပတ်ဝန်းကျင်မှာ သူမရဲ့ရှိုက်သံသဲ့သဲ့ကလွဲရင် ဘာသံမှ မကြားရအောင် တိတ်ဆိတ်သွားတယ်။

ကန်ရေပြင်ကို ဖြတ်တိုက်လာတဲ့ လေနုအေးက သူ့ရင်ဘတ်ကို အေးမြသွားအောင် မလုပ်နိုင်ဘူး။ နှစ်ယောက်လုံး ဘာစကားမှ မပြောဖြစ်ကြတော့ဘဲ တစ်နာရီလောက် တိတ်ဆိတ်သွားတယ်။ ဒါပေမယ့် အဲဒါက အပြင်ဘက်ပိုင်းမှာသာဖြစ်ပြီး သူ့ခေါင်းထဲမှာ . . . ရင်ဘတ်ထဲမှာ . . . အတွေးထဲမှာ . . . မျက်လုံးထဲမှာ . . . နားထဲမှာ . . . 'မှာ' ပေါင်းများစွာမှာ မုန်တိုင်းတွေ တဝုန်းဝုန်းတိုက်ခတ်နေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဲဒီမုန်တိုင်းထက် ပြင်းထန်တဲ့ စကားလုံးတစ်ခုက သူ့ပါးစပ်ထဲမှ ခုန်ထွက်သွားတယ်။

"ငါ နင့်ကို လက်ထပ်မယ် မိရှား"

သူ့စကားကြောင့် သူမက သူ့ကို အလန့်တကြား လှည့်ကြည့်လာတယ်။

"မုတ်သုန် . . . နင် . . . နင် . . . အခု ဘာပြောလိုက်တယ်"

"ငါ နင့်ကို လက်ထပ်မယ်လို့ပြောတာ"

သူ့စကားအဆုံး သူမက ခေါင်းကို သွက်သွက်ခါအောင် ရမ်းတယ်။ နှုတ်ကလည်း . . .

"ဟင့်အင်း ဟင့်အင်း . . . မယူဘူး . . . မယူနိုင်ဘူး . . . ငါ နင့်ကို မယူဘူး"

သူမပုံစံက သွေးရူးသွေးတန်း။ သူက သူမကို ဘေးချင်းကပ်ထိုင်နေရာကနေ သူ့ဘက်သို့ ပခုံးနှစ်ဖက်မှ ဆွဲယူလှည့်ပစ်လိုက်ရင်း . . .

"ယူရမယ် . . . နင် ငါ့ကို ယူရမယ်"

"မယူဘူး . . ."

သူမကလည်း ရှန်းကန်တွန်းထိုးရင်း ပြန်အော်တယ်။ ဒါပေမယ့် သူက သူမကို လွှတ်မပေးဘူး။ သူမရဲ့ ပခုံးနှစ်ဖက်ကို စောစောကထက် တင်းကျပ်စွာ ဖိညှစ်ဆုပ် ကိုင်ထားလိုက်ရင်း သူမရဲ့ခန္ဓာကိုယ်ကို လှုပ်ခါကာ . . .





"ယူရမယ် . . . နင် ငါ့ကို ယူကို ယူရမယ်၊ နင့်အတွက် မဟုတ်ရင်တောင် နင့်မိဘတွေအတွက်၊ နင့်ဗိုက်ထဲက ရင်သွေးလေးအတွက်"

အဲဒီစကားအရောက်မှာ သူမက တွန်းထိုးရုန်းကန်အော်ဟစ်ငိုကြွေးနေရာက ငြိမ်သက်သွားကာ သူ့ကို ဆို့နင့်စွာကြည့်လာတယ်။ သူကတော့ စကားကို ဖြတ်ထားရင်းကနေ လေသံအေးအေးလေးပြောင်းကာ စကားကိုဆက်တယ်။

"အားလုံးအတွက် နင် ငါ့ကိုယူရမယ် မိရှား"

"ဒါပေမယ့် . . . ဒါပေမယ့် . . . အဲဒီအတွက်တွေထဲမှာ နင့်အတွက် မပါဘူးလေ၊ နင့်အတွက် မပါဘူး မုတ်သုန်ရဲ့"

"ငါ့အတွက် !"

သူက အဲဒီစကားကို ခပ်တိုးတိုးရေရွတ်မိတယ်။ အဲဒီအခိုက် မျက်လုံးထဲမှာ မြင်ယောင်လာတာက ဝါးပင်ပျို့ရဲ့ မျက်နှာ။ နှလုံးသားက ဆစ်ခနဲ။

ဒါပေမယ့် (၁၅၀၀) အချစ်က (၅၂၈) မေတ္တာရဲ့ နင်းခြေခြင်းကို ခံလိုက်ရတဲ့အခါ . . .။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



**သူက** ချောင်းသာကို မလိုက်တော့ဘူးဆိုတော့ အကုန်လုံးက အံ့သြသွားကြတယ်။

"ဟား . . . ဘာဖြစ်ရတာတုန်းကွာ၊ အစက မင်းပြောတော့ လိုက်မှာဆို"

"အေးလေကွာ၊ သူငယ်ချင်းတွေ အကုန်လုံး ပျော်ပျော်ပါးပါး သွားရမှာကို . . . လိုက်ခဲ့ပါကွာ"

ညီညီနဲ့တေဇာက သူ့ကို ဖွတ်ခေါ်တယ်။ မွန်ကြည်ထွေးတို့ကလည်း သူ့ကို ဘာဖြစ်ရပြန်တာလဲဆိုတဲ့ အကြည့်တွေနဲ့ ကြည့်လာကြရင်း . . .

"လိုက်ခဲ့စမ်းပါ မုတ်သုန်ရယ်၊ နင်ကလည်း ဘာတွေ စတန့်ထွင်နေရတာလဲ"

"အေးလေ . . . နင်ပြောတော့ ရှားရှားခင်ရော လိုက်မှာဆို၊ အခုမှ ဘာလို့လဲ . . ."

သူက ကျောင်းသူကျောင်းသားတွေ တရုန်းရုန်း





တဝုန်းဝုန်းနဲ့ ဆူညံပွက်လောရိုက်လိုက် တက်လိုက်ဆင်းလိုက် လုပ်နေတဲ့ မှန်လုံကားကြီးကို မော့ကြည့်ရင်း ဟန်ဆောင်အပြုံးကို ပြုံးမိတယ်။

"ငါ့မှာ အရေးကြီးကိစ္စတစ်ခု လုပ်စရာရှိလို့ပါဟာ"

သူ့စကားကိုကြားတော့ ဝါးပင်ပျိုက သူမ လွယ်ထားတဲ့ ဘေးလွယ်အိတ်အကြီးကြီးကို ပခုံးပြောင်းလွယ်လိုက်ရင်း . . .

"ဘာကိစ္စမို့လို့လဲ . . . ပြောစမ်းပါဦး"

သူက သူမကို ပြုံးပြလိုက်မိတယ်။ ဒီအပြုံးကို သူမ နားလည်နိုင်ပါ့မလား။ ဘာသာပြန်နိုင်ပါ့မလား။ သူ့ အပြုံးထဲမှာ လိုအပ်နေတဲ့အရာကို သူမ တွေ့နိုင်ပါ့မလား။

"နင်တို့တွေ ပြန်လာရင် ငါ အားလုံး ပြောပြမှာပါ"

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



# အခန်း



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... ၀

ကျောင်း တွေပြန်ဖွင့်တဲ့နေ့ရောက်တော့ ကျောင်းသူကျောင်းသားတိုင်းလိုလိုမှာ ပြောစရာတွေ မကုန်နိုင်မခမ်းနိုင်လောက်အောင် ရှိနေခဲ့ကြတယ်။ အဲဒီလိုပဲ ဝါးပင်ပျိုတို့မှာလည်း ပြောစရာစကားတွေ တစ်ပုံတစ်ပင်ကြီးကို ကဲန်တင်းမှာထိုင်ရင်း စားမြုံ့ပြန်နေမိကြတယ်။ ကျောင်းကဲန်တင်းထဲမှာ မုတ်သုန်ကလွဲရင် ကျန်တဲ့ငါးယောက် ရောက်နေကြပြီ။

သူတို့တွေက ချောင်းသာအတွေ့အကြုံတွေကို ရယ်ရယ်မောမော ပြောနေကြရင်းကနေ မုတ်သုန်အကြောင်းကို ရောက်သွားတယ်။

“ဟဲ့ . . . ဒီနေ့ မုတ်သုန်ကျောင်းမလာဘူးလား”

သူဇာ့အမေးကို တေဇက . . .

“မသိဘူးလေ၊ အခုထိတော့ မလာသေးဘူး”

“ဖုန်းဆက်ကြည့်ပါလား . . . ”

မွန်ကြည်ထွေးက အကြံပေးတော့ ညီညီက ခေါင်းတစ်ချက်ညိတ်ကာ မုတ်သုန်ဆီကို ဖုန်းခေါ်တယ်။ ဖုန်းက

www.burmeseclassic.com



တန်း ဝင်သွားပုံပဲ။

"အေး . . . ငါပါကွ၊ မင်းကျောင်းတက်မှာလား"

". . . . . "

"ငါတို့က ရောက်နေတာ ကြာလှပေါ့ . . . "

". . . . . "

"ဩော် . . . အေး အေး"

ညီညီက ဖုန်းချလိုက်တော့ ဝါးပင်ပျိုက သူမ ဟန်းဖုန်းမှာတပ်ထားတဲ့ (phone chain) အဟောင်းကိုဖြုတ်ပြီး ချောင်းသာကဝယ်လာတဲ့ ခရုဖုန်းချိန်းလေးကို တပ်နေရင်းကနေ . . .

"ဟဲ့ . . . ဘာတဲ့လဲ"

"လာပြီ . . . ကျောင်းပေါက်ဝရောက်နေပြီတဲ့"

"မုတ်သုန် ဘာဖြစ်နေတာလဲ၊ နင်တို့ မသိဘူးလား"

ဝါးပင်ပျိုအမေးကို ညီညီက 'မသိဘူးလေ'လို့ ဖြေတယ်။ ဒါကို ဝါးပင်ပျိုက ဖုန်းချိန်းကို ငုံ့တပ်နေရင်းကနေ မျက်လုံးလှန်ကြည့်လာပြီး . . .

"နင်တို့ ယောကျ်ားလေးအချင်းချင်း မေးကြည့်ပေါ့၊ နင်တို့တွေ ဒီလောက်လည်ပင်းဖက်ပေါင်းနေတာကို"

"အေးလေ . . . "

"ဟုတ်ပ ါ. . . "

ဝါးပင်ပျို့စကားကို သူဇာနဲ့ မွန်ကြည်ထွေးကလည်း ထောက်ခံတယ်။ ဒါကို ညီညီက . . .

"နင်တို့လည်း မုတ်သုန်သူငယ်ချင်းတွေပဲ၊ သိချင်ရင် မေးကြည့်၊ အခု လာတော့မှာ"

ဒီအချိန်မှာပဲ ကဲန်တင်းဆီကို လျှောက်လာနေတဲ့ မုတ်သုန်ကို တေဇက တွေ့သွားတယ်။

"ဟိုမှာ လာနေပြီ . . . "

တစ်ဝိုင်းလုံးရဲ့အကြည့်က မုတ်သုန်ဆီရောက် သွားတယ်။ မုတ်သုန်က သူတို့ကို လက်တစ်ဖက်ထောင်ပြကာ ခပ်သွက်သွက်လျှောက်လာတယ်။

သူတို့စားပွဲမှာ မုတ်သုန်ကဝင်ထိုင်လိုက် ကာ. . .

"ကဲ . . . ဘော်ဒါတို့ တော်တော်မှ ပျော်ခဲ့ကြရဲ့လား"

"ပျော်တာပေါ့၊ ပျော်လွန်းလို့ ပြန်တောင် ပြန်မလာချင်ဘူး၊ ပိုက်ဆံကုန်သွားလို့သာ ပြန်လာတာ"

မွန်ကြည်ထွေးရဲ့ ခပ်ရွှဲရွှဲစကားကို မုတ်သုန်က ရယ်တယ်။ တေဇက မုတ်သုန်ကို မေးတစ်ချက်ဆတ်ပြလိုက်ရင်း . . .

"ကဲ . . . ပြော၊ ချောင်းသာမလိုက်ဘဲ ကျန်နေခဲ့ရတဲ့အကြောင်းကို၊ မင်းပြောတော့ ငါတို့ပြန်လာရင် ပြော ပြမယ်ဆို၊ အခုပြောတော့"

"ဟုတ်တယ် . . . ပြောပြော"

ဝါးပင်ပျိုကလည်း ထောက်ခံတယ်။ မုတ်သုန်





www.burmeseclassic.com

www.burmeseclassic.com





မျက်နှာက ပြုံးနေရာကနေ ချက်ချင်းဆိုသလိုပဲ လေးနက်တဲ့ ပုံစံပေါက်သွားတယ်။

"ငါက လေးလေးနက်နက်နဲ့ အခုစကားကို ပြော မှာနော်၊ အဲဒါကြောင့် သေသေချာချာလေး နားထောင်ပြီး ငါတောင်းတဲ့ အကူအညီကိုပြန်ပေး"

"ဘာလဲ . . . နင်မိန်းမဆိုးမလို့လား"

သူဇာက ဝင်နောက်တယ်။ ဒါကပဲ မုတ်သုန်အတွက် အကွက်ဝင်သွားတယ်။

မုတ်သုန်က အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက် တယ်။ ဒါပေမယ့် သူ့အကြည့်က ဝါးပင်ပို့ထံမှာ သုံးစက္ကန့် လောက် ရပ်တန့်သွားသေးတယ်။ နောက်ဆုံးမှ သူ့အကြည့်က သူဇာ့ထံ ပြန်ရောက်သွားပြီး . . .

"နင်ပြောတာ မှန်တယ်၊ ဒါပေမယ့် ငါက မိန်းမ မဆိုး ဘူး၊ တရားရုံးမှာတက်ပြီး လက်မှတ်ထိုးမှာ"

"ဟင်း . . . လာနောက်နေသေးတယ်၊ မသိတဲ့သူတွေ မှတ်လို့"

သူဇာက နှုတ်ခမ်းကိုရွဲ့ပြီး မယုံသလိုပြောတယ်။ သူက ခေါင်းကို အသာယမ်းလိုက်ကာ . . .

"မဟုတ်ဘူး . . . ငါနောက်နေတာ မဟုတ်ဘူး၊ အတည်ပြောနေတာ၊ ငါ တကယ် တရားရုံးမှာတက်ပြီး လက် မှတ်ထိုးတော့မှာ၊ အခုတစ်ပတ်သောကြာနေ့၊ အဲဒါ နင်တို့ထဲ က နှစ်ယောက်လောက် အသိသက်သေအဖြစ် လက်မှတ် လိုက်ထိုးပေး"

"တော်စမ်းပါ မုတ်သုန်ရယ်၊ မစ္စတာဘီးန်ရဲ့ ကမ္ဘာ ကျော် ဟာသပြကွက်တွေတောင် နင့်စကားလောက် မရယ် ရဘူး"

မွန်ကြည်ထွေးကလည်း မယုံကြည်သလိုပုံစံနဲ့ ပြုံးစိစိ လုပ်ကာ ဆိုလာတယ်။

"ကျွတ် . . . ငါ နောက်နေတာ မဟုတ်ဘူး၊ တကယ် ပြောနေတာ"

သူက စိတ်မရှည်သလို အော်ပြောလိုက်တော့မှ ပြုံး စိစိဖြစ်နေတဲ့ မျက်နှာတွေက တည်သွားတယ်။

"မင်း တကယ်ပြောနေတာလား မုတ်သုန်"

ညီညီကလည်း မယုံနိုင်သလို မေးလာတယ်။

"ကျွတ် . . . ဒါမျိုးက နောက်စရာလားကွာ၊ တကယ် ပြောတာပါဆိုနေ၊ ငါ တကယ် တရားရုံးမှာတက်ပြီး ရှားရှားခင်နဲ့ လက်မှတ်ထိုးတော့မှာ"

"ဘယ်လို . . . ရှားရှားခင်နဲ့"

တေဇက သူ့ဘာသာ တအံ့တသြ ရေရွတ်တယ်။ အားလုံးရဲ့အကြည့်တွေက မုတ်သုန်ကို မမြင်ဖူးတဲ့ သတ္တဝါ တစ်ကောင်လို ကြည့်လာတယ်။ အဲဒီအကြည့်တွေထဲကမှ ဝါးပင်ပို့ရဲ့အကြည့်ကို သူက ရှောင်နိုင်သလောက် ရှောင်ထား





www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း . . .

"ဟုတ်တယ် . . . အခုလာမယ့် သောကြာနေ့ ရှားရှားခင်နဲ့ငါ တရားရုံးမှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးဖို့ စီစဉ်ထားပြီးပြီ၊ အဲဒါ သက်သေအဖြစ် မင်းတို့တွေ ကူညီပေးကြပါ"

"Oh ! my God . . . လောကကြီး ဘာတွေဖြစ်ကုန်ရတာလဲ"

သူဇာက ခေါင်းတရမ်းရမ်းရေရွတ်တယ်။

"မင်းပြောတော့ မင်းနဲ့ ရှားရှားခင်က သူငယ်ချင်းတွေဆို၊ ပြီးတော့ . . . မင်း"

တေဇက စကားကို တုံးတိရပ်ထားလိုက်ပြီး ဝါးပင်ပျို့ကို အဓိပ္ပာယ်တစ်မျိုးနဲ့ ကြည့်လိုက်တယ်။ တေဇပြောချင်တာက . . .

"ပြီးတော့ မင်းကြိုက်တာက ဝါးပင်ပျို့ဆို"

လို့ . . . ပြောလိုက်ချင်တာ။ ဒါပေမယ့် စကားလုံးတွေက အပြင်ကို ထွက်မလာဘူး။ အဲဒီတော့ မုတ်သုန်ကပဲ စကားကို ဆက်ပြောတယ်။

"အခုလာမယ့် သောကြာနေ့နော်၊ မင်းတို့တွေ ကူညီမယ်လို့ ငါမှတ်လိုက်ပြီ . . . ဟုတ်လား"

မုတ်သုန်က သူပြောချင်တာတွေပြောပြီးသွားတော့မှ စားပွဲထိုးလေးကို ခေါ်ပြီး စားစရာအချို့ကို မှာတယ်။





အဲ . . . ဝါးပင်ပျို့တစ်ယောက်ကတော့ မုတ်သုန်ကိုကြည့်ကာ ဘာစကားမှမပြောဘဲ တိတ်ဆိတ်နေခဲ့ တယ်။

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



"**ဘာ ယ်**လိုဖြစ်ရတာလဲဟာ၊ ငါတို့က မုတ်သုန် နင့်ကိုပဲ ကြိုက်နေတယ်လို့ ထင်ထားတာ"

မုတ်သုန်တို့သုံးယောက် အတန်းရှိလို့ ထွက်သွားတော့မှ သူဇာက ဝါးပင်ပျိုကိုပြောတယ်။

"ဟုတ်တယ် . . . ဝါးပင်၊ မုတ်သုန် နင့်ကိုကြည့်တဲ့ အကြည့်တွေက ငါတို့ကိုကြည့်တာနဲ့ တူကိုမတူဘူး၊ တစ်ခါတစ်လေဆို နင့်ကို သူက သတိလက်လွတ် ငေးရင်တောင် ငေးနေတတ်သေးတာ"

ဝါးပင်ပျိုက သူဇာတို့နှစ်ယောက်ကို လက်ကာပြလိုက်တယ်။

"တော်ကြပါတော့ဟာ . . . အခု နင်တို့ထင်တာတွေ မှားနေတယ်ဆိုတာ သိပြီမဟုတ်လား"

သူဇာက ခေါင်းရမ်းတယ်။

"မမှားဘူး . . . လုံးဝ မမှားဘူး၊ အစပိုင်းတုန်းကတော့ ငါလည်း မုတ်သုန်နဲ့ ရှားရှားခင်တို့နှစ်ယောက်ကို ကြိုက်နေတယ်လို့ထင်ထားခဲ့တာပဲ၊ ဒါပေမယ့် အချိန်ကြာလာလေလေ





မုတ်သုန်ရဲ့စိတ်တွေက နင့်ဆီကို ယိမ်းနေတယ်ဆိုတာကို မြင်သာလေလေပဲ"

"ဟုတ်တယ် . . . ငါလည်း ရိပ်မိတယ်"

အတိုင်အဖောက်တွေညီနေတဲ့ သူဇာတို့စကားတွေကို နားထောင်နေရင်းက ဝါးပင်ပျို ပြုံးမိတယ်။ ဒါပေမယ့် သူမအပြုံးက အသက်သိပ်မပါ။

"တော်ကြပါတော့ဆိုဟာ . . . ဟိုနှစ်ယောက်ကဖြင့် သူတောင်ယူတော့မယ်၊ ဘာဖြစ်လို့ မြားဦးက ငါ့ဘက်ကိုပဲ ဦးတည်နေရတာလဲ"

သူမအသံက အဖျားခတ်ပြီး တိမ်ဝင်သွားတယ်။ ဒါကို သူဇာနဲ့ မွန်ကြည်ထွေးကလည်း သတိထားမိသွားတယ်။

"ဝါးပင် . . . နင် ခံစားနေရတယ် မဟုတ်လား၊ ငါတို့ ကို အမှန်အတိုင်းပြောစမ်းပါ၊ နင် . . . မုတ်သုန်ကို ချစ်နေပြီမဟုတ်လား . . ."

ဝါးပင်ပျိုက သူဇာနဲ့ မွန်ကြည်ထွေးတို့ကို တည့်တည့်ကြည့်ပြီး မျက်လုံးချင်မဆုံရဲတော့ဘူး။ ဒီတော့ အကြည့်တွေကို စားပွဲပေါ်က သောက်လက်စ အအေးပုလင်းဆီမှာပဲ ပို့ထားလိုက်တယ်။ ဒါပေမယ့် သူမမျက်လုံးတွေထဲမှာ ဘာကိုမှ မမြင်ဘူး။

"မသိဘူး . . . ငါမပြောတတ်ဘူးဟာ၊ ဒါပေမယ့် ငါ အခုခံစားနေရပုံကို မကွယ်မဝှက်တမ်း ပြောရမယ်ဆိုရင် ငါ



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ထဲမှာ ကာလအတန်ကြာခိုအောင်းနေတဲ့ အ
ဝတ္ထုတစ်ခုကို ဆွဲထုတ်ယူသွားခြင်းခံလိုက်ရသလိုပဲ၊ ငါ့ရင်ထဲ
တော်တော်ကြီးတဲ့ လစ်ဟာမှုကြီး ဖြစ်ပေါ်နေသလို ခံစား
တယ်"

သူမစကားအဆုံး မွန်ကြည်ထွေးက သက်ပြင်
မောတစ်ခုကို မှုတ်ထုတ်ပစ်လိုက်ရင်း . . .

"သေချာသွားပြီ ဝါးပင်၊ အဲဒီခံစားချက်ဟာ အ"

မွန်ကြည်ထွေးရဲ့ စကားမဆုံးခင် ဝါးပင်ပျို
နားတွေကို လက်နှစ်ဖက်နဲ့ ပိတ်ထားပစ်လိုက်တယ်။

"တော် . . . တော်ပါတော့ဟာ၊ ကျေးဇူးပြုပြီးတော့
ငါ့ခံစားချက်ကြီးကို ခေါင်းစဉ်တပ်မပေးပါနဲ့၊ ငါ . . .
မကြားရဲဘူး၊ မကြားပါရစေနဲ့ဟာ"

ဝါးပင်ပျို့ကိုကြည့်ပြီး သူဇာနဲ့မွန်ကြည်ထွေးတို့ ခေါ
ရမ်းရင်း သက်ပြင်းကိုယ်စီ ချမိကြတယ်။ ဒါပေမယ့် အချစ်
တော်လှန်ဖို့ သူမတို့လည်း မတတ်နိုင်ချေ။

◆◆◆◆◆◆





**အတန်း** သွားတက်မလို့ဆိုပြီး ဝါးပင်ပျိုတို့ကို ချန်
ဘာ ထွက်လာခဲ့ကြပေမယ့် သူတို့သုံးယောက်က အတန်း
တက်။ ကျောင်းထဲက အရိပ်ကောင်းကောင်း သစ်ပင်တစ်ပင်
အောက်မှာ သွားထိုင်ဖြစ်ကြတယ်။ မုတ်သုန်က တမင်ကိုပဲ
ကိုခေါ်လာခဲ့တာ။ ညီညီနဲ့ တေဇဆီမှာ သူ့ကို မေးစရာ
မေးခွန်းတွေ အများကြီး ရှိနေတယ်မဟုတ်လား။

"ဘယ်လိုဖြစ်ရတာလဲကွာ"

"ဘာကိုလဲ"

"ဟော့ကောင် . . . ငါ ဘာကို မေးတယ်ဆိုတာ မင်း
သိတယ်မုတ်သုန်"

တေဇရဲ့ စိတ်မရှည်သလို အပြောကြောင့် သူက
နှုတ်ခမ်းတွန့်ကာ ပြုံးမိတယ်။

"ရိုးရိုးလေးပါကွာ၊ ငါနဲ့မိရှားနဲ့ ယူတော့မလို့
ပါလေ"

"မင်းပြောခဲ့တုန်းက မင်းချစ်တာ ဝါးပင်ပျိုဆို၊ မင်း
အစ်ကြီးကပဲ ပြောခဲ့တာလေ"



www.burmeseclassic.com

www.burmeseclassic.com



ညီညီ့အသံက နားမလည်နိုင်ခြင်းကြီးစွာ။ ဟုတ်တယ် . . . လောကကြီးမှာ အချစ်ထက် အရေးကြီးတာတွေ အများကြီး ရှိသေးတယ်ဆိုတာကို ဒီကောင် နားမလည်သေးဘူး။

"ဟုတ်တယ် . . . ငါ ဝါးပင်ပျို့ကိုချစ်တယ် ဒါပေမယ့် မိရှားကို ပိုချစ်တယ်"

"ဟား . . . မင်းက တော်တော် မျက်နှာများတဲ့ ကောင်ပဲ"

ညီညီက ခနိုးခနဲ့ဝေဖန်တယ်။ သူကတော့ ညီညီတို့ မသိအောင် သက်ပြင်းမောတစ်ခုကို ကျိတ်ချလိုက်ကာ . . .

"မင်းမှားနေပြီ ညီညီ၊ ငါ ဝါးပင်ပျို့ကို ချစ်ခဲ့တယ်ဆိုပေမယ့် ငါ သူ့ကို ဖွင့်မပြောခဲ့ဘူးနော်၊ သူ့အချစ်ကိုလည်း မတောင်းဆိုခဲ့ဘူး၊ အဲဒီအတွက် ငါ့အိမ်ထောင်ဖက်ကို ငါ စိတ်ကြိုက်ရွေးခွင့်ရှိသင့်တယ် မဟုတ်လား၊ မင်း ပြောစမ်းပါ"

"ဒါတော့ ဒါပေါ့ကွာ . . . ဒါပေမယ့်"

"ရပြီ ညီညီ၊ ရပြီ . . .၊ ငါ့ဘက်က ဘာ foul မှ မရှိဘူး ဆိုတာ တခြားလူတွေ လက်ခံပေးလို့ရရင် ငါ့အတွက် လုံလောက်ပြီ"

နောက်တော့ သုံးယောက်သား တစ်မိနစ်ကျော်ကျော်လောက် ဘာစကားမှ မပြောဖြစ်ကြဘဲ အတွေးကိုယ်စီနဲ့ ငြိမ်သက်သွားကြတယ်။ ပြီးမှ တေဇက တစ်ခုခုကို သတိရ





သွားပုံနဲ့ . . .

"ဒါနဲ့ နေစမ်းပါဦး၊ မင်းတို့မိသားစုနဲ့ ရှားရှားခင်တို့ မိသားစုက ခြံခြင်းကပ်လျက် နှစ်အိမ်တစ်အိမ်နေတာ၊ ဒီလောက် ရင်းနှီးနေရဲ့သားနဲ့ လူကြီးတွေကို ဖွင့်ပြောပြီး ခွင့်မတောင်းဘဲနဲ့ ဘာလို့ နှစ်ဦးသဘောတူ ရုံးမှာ လက်မှတ်ထိုးမှာလဲ"

သိတယ်လေ . . .။ ဒီမေးခွန်းကို မေးတော့မယ်ဆိုတာ သူက ကြိုတင်တွက်ချက်ထားပြီးသား။ ဒါကြောင့် အဖြေကိုလည်း ခိုင်လုံအောင် စဉ်းစားထားပြီးသား . . .။

"ဒီလိုကွ . . . မိရှားကို မိရှားအဖေနဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ရဲ့ သားက သဘောကျသွားပြီး လူကြီးချင်း နားလာဖောက်တယ်၊ အဲဒီကောင်ကလည်း ဆေးကျောင်းသားပဲ၊ သူက ဟောက်ဆာဂျင်တောင်ဖြစ်နေပြီ၊ အန်တီကလည်း မိရှားကို အဲဒီကောင်နဲ့ တော်တော် သဘောတူနေတယ်၊ အဲဒါက သူတို့အပိုင်းပေါ့၊ ငါ့ဘက်ကကြည့်တော့ မိရှားကို ဆုံးရှုံးရတော့မယ်လို့ သိလိုက် ရတဲ့အချိန်မှာ ငါ သွေးပျက်လာတယ်၊ သူ့ကို မဆုံးရှုံးချင်ဘူး၊ ငါမသိခဲ့တဲ့ အချစ်က မိုးထဲရေထဲကျမှ ခေါင်းထောင်လာတာ၊ အဲဒီတော့ကွာ၊ ငါက အခုချိန်မှ ဖွင့်ပြောမယ်ဆိုရင် သားမက်ရွေးမယ့် သမီးရှင်တွေ အနေနဲ့ ငါနဲ့ ဆေးကျောင်းသားကို ချိန်ထိုးတော့မှာပဲ၊ ဒါက အရှင်းကြီးပါ၊ သေချာပေါက် သူတို့က ဆေးကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com



ငတိကို ရွေးမှာပဲ၊ အဲဒီတော့ ငါက လက်ဦးမှု တစ်ခါတည်း ယူထားလိုက်ရင်ပြီးရောမဟုတ်လား"

"ငါတော့ မင်းရဲ့အချစ်ဆိုတာကို လုံးဝကို နားမလည်တော့ဘူး"

ညီညီက အပြစ်တင်သံတစ်ဝက်နဲ့ ရေရွတ်တယ်။ တေဇကလည်း . . .

"ဒါနဲ့ ရှားရှားခင်ကရော မင်းကို လက်ခံရဲ့လား"

လို့ မေးလာတယ်။ သူက ပြုံးလိုက်ကာ . . .

"မိရှားက ငါ သူ့ကို ချစ်တယ်ဆိုတာထက်တောင် သူက ငါ့ကို ပိုချစ်သေးတယ်"

ယုံတယ်မယုံတယ်တော့ မသိ။ သူ့လုပ်ဇာတ်က အမိပ္ပာယ်မည်မျှ ရှိတယ်မရှိဘူးတော့ မသိ။ ညီညီနဲ့ တေဇတော့ ငြိမ်ကျသွားတာပဲ။

တကယ်ဆို သူ့နှလုံးသား ငြိမ်ကျအသက်မဲ့နေတာက တော်တော်တောင်ကြာလှပေါ့။

◆◆◆◆◆◆



# အခန်း P





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... P

လက်မှတ်ထိုးရန် တစ်ရက်အလို (သို့) ကြာသပတေးနေ့

**ကျောင်း** ကပြန်လာတဲ့အခါမှာပဲ အမေက အနား ကိုရောက်လာပြီး ပျာပျာသလဲပြောတယ်။

“သားရေ ... ရှားလေး ဆေးရုံတင်ထားရတယ်၊ နေ့လည်က လှေကားပေါ်က ခြေချော်ကျလို့”

အမေ့စကားကြားတော့ တစ်ကိုယ်လုံး ထူပူသွား တယ်။ မိရှားမှာက ...။ သူက အဲဒီအတွေးကို ဆက်မတွေး ရဲ။

“အမေကလည်းဗျာ ... ဖြစ်ဖြစ်ချင်း သားကို ဖုန်း ဆက်ခေါ်ရမှာကို”

သူက အပြစ်တင်သလိုပြောတော့ အမေက သူ့ကို ခါးထောက်ကြည့်လာကာ ...

“အမလေးတော် ... ကျွန်မ ရှင့်ကိုဖုန်းဆက်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ဖုန်းက စက်ပိတ်ထားတယ်တဲ့”

အဲဒါ သူ စာသင်ခန်းထဲရောက်နေလို့ ဖြစ်မယ်။ စာသင်နေရင်း ဖုန်းလာမှာစိုးလို့ သူက အမြဲတမ်း ဖုန်းပိတ်ထားတာ။ တိုက်တိုက်ဆိုင်ဆိုင် အမေက အဲဒီအချိန်ကိုမှ ရွေးပြီး ဖုန်းခေါ်တယ်နဲ့ တူပါတယ်။

သူက အမေ့ကို ဘယ်ဆေးရုံလဲမေးကာ ‘သွားလိုက်သွားလိုက်ဦးမယ်’ဆိုပြီး ကားမောင်းကာ ထွက်လာခဲ့လိုက်တယ်။

ဘုရားသိကြားမ,လို့ မိရှား ဘာမှ မဖြစ်ပါစေနဲ့။

◆◆◆◆◆◆



# ရာဇဝင်ကို

“**သမီး** ကိုယ်ဝန်ပျက်ကျသွားပြီ . . .”

တဲ့ . . .။ အန်တီ့စကားကို ကြားလိုက်ရတဲ့ ခဏမှာ သူ ဆွံ့အမင်သက်သွားတယ်။ ဒါဆို အန်တီ သိသွားပြီပေါ့။

အန်တီက သူ့လက်တွေကို နွေးထွေးလှိုက်လှဲစွာ ဆုပ်ကိုင်လာတော့ သူက ခေါင်းငိုက်စိုက်ကျနေရာမှ အန်တီ့ကို မော့ကြည့်မိတယ်။ အန်တီနဲ့သူ အကြည့်ချင်းဆုံသွားတဲ့ ခဏ အန်တီ့မျက်ဝန်းထဲက အရိပ်အငွေ့ပေါင်းများစွာကို သူ တွေ့လိုက်ရတယ်။ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ ယူကြုံးမရခြင်းတွေ . . . ပြီးတော့ ကျေးဇူးတင်ခြင်းတွေ။

“ကျေးဇူးတင်ပါတယ် သား”

“ဗျာ . . .”

“အန်တီ အကြောင်းစုံကို သမီးပြောပြလို့ သိပြီးပါပြီ၊ အန်တီတို့မိသားစုရဲ့ အရှက်နဲ့သိက္ခာကို ကာကွယ်ပေးဖို့ လုပ်ဆောင်နေတဲ့ သားရဲ့အစီအစဉ်တွေကို ဖျက်လိုက်ပါတော့သား၊ သားကို အန်တီ့ဝမ်းနဲ့ ကိုယ်တိုင် လွယ်မမွေးခဲ့ရပေမယ့် သား



www.burmeseclassic.com

www.burmeseclassic.com



ဟာ အန်တီရဲ့ သားအရင်းလေးလိုပါပဲ၊ သားဘဝက ရှေ့တက်လမ်းတွေ အများကြီးပါကွယ်၊ သားရဲ့ တက်လမ်းတွေကို အပိတ်မခံပါနဲ့"

"မိရှားရော . . . အန်တီ"

"အခန်းထဲမှာသား . . . အိပ်ပျော်နေတယ်နဲ့တူတယ်"

"ကျွန်တော် ဝင်ကြည့်လိုက်ဦးမယ်နော်"

"အေး အေး . . . သား"

အခန်းတံခါးကို တွန်းဖွင့်ဝင်သွားလိုက်တော့ မိရှားကို ခုတင်ပေါ်မှာ ဆေးပိုက်တန်းလန်းနဲ့ အိပ်ပျော်နေတာကို တွေ့ရတယ်။ သူသိပ်ချစ်တဲ့ သူငယ်ချင်းမလေးအတွက် လောကကြီးက ရောင်နီတွေ ပက်ဖျန်းပေးပါစေသား။

◆◆◆◆◆◆◆





# အခန်း



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... ၄

မုတ်သုန် ပြောတဲ့ တရားရုံးရှေ့မှာ ဝါးပင်ပျို ရောက်နေတာကြာပြီ။ အခုထိ ဘယ်သူမှ မလာကြသေး။ မုတ်သုန်ပြောတော့ ကိုးနာရီခွဲတဲ့ ...။ အခု ဆယ်နာရီတောင် ထိုးတော့မယ်။ ဖုန်းဆက်တော့လည်း ဘယ်သူမှ ဖုန်းမကိုင်ကြ။ တစ်ခုခုတော့ လွဲနေပြီလို့ သူမ တွေးမိတယ်။

အဲဒီအချိန်မှာပဲ သူမဘေးကို ကားတစ်စီးထိုးဆိုက်လာတယ်။ ကားပေါ်က ဆင်းလာတာက မုတ်သုန်။ သူမက မုတ်သုန်ကို ခါးထောက်ကြည့်လိုက်ရင်း ...

"ဟဲ့ ... ပြောတော့ ကိုးနာရီခွဲဆို၊ အခု ဆယ်နာရီတောင် ထိုးတော့မယ်"

မုတ်သုန်က ဝါးပင်ပျိုကို ပြုံးစစနဲ့ စိုက်ကြည့်မိတယ်။

"အခု လာပြီလေဟာ ..."

"ကျန်တဲ့လူတွေကလည်း တစ်ယောက်မှ ဆက်သွယ်လို့ မရဘူး၊ ဘာတွေ ဖြစ်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ မလာတော့ဘူး"

"ဟင် . . . ဘာလို့လဲ"

"ငါက မလာခိုင်းလို့"

"ဘယ်လို !"

သူ့စကားကြောင့် သူမက နဝေတိမ်တောင်ဖြစ်သွားတယ်။ သူက သူမဖြစ်သွားပုံကို သဘောတကျကြည့်ရယ်နေတော့ သူမက ဇဝေဇဝါနဲ့ သူ့ကားနောက်ခန်းထဲကို ဝေ့ဝဲကြည့်လိုက်ရင်း . . .

"ဒါနဲ့ နင့် ရှားရှားခင်ရော"

"သူလည်း မလာတော့ဘူး . . ."

"ကျွတ် . . . ဘာတွေလဲဟာ၊ နင် ဘာတွေပြောနေတာလဲ၊ ငါ ဘာကိုမှ နားမလည်တော့ဘူး"

"အဲဒါဆို နားထောင်၊ ငါ ရှင်းပြမယ်"

"ပြော . . ."

သူက မပြောသေးဘဲ လက်ပိုက်လျက် အနေအထားကနေ သူ့ကားကို စတိုင်လ်ပါပါ မှီလိုက်တယ်။ ပြီးမှ သူမမျက်နှာကို ခပ်နက်နက်စိုက်ကြည့်လိုက်ပြီး . . .

"ငါကြားဖူးတာ တစ်ခုရှိတယ်၊ လူတစ်ယောက်ရဲ့ ဖူးစာဖက်ဆိုတာ ဟိုးရှေးရှေးတုန်းက အဲဒီလူပျောက်ဆုံးသွားခဲ့တဲ့ ခန္ဓာကိုယ်တစ်ခြမ်းပဲတဲ့"

သူမက သူ့စကားကြောင့် ပိုပြီး ခေါင်းရှုပ်သွားပုံရတယ်။ မျက်မှောင်ကြုတ်ကာ ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း . . .

"ဘာတွေပြောနေတာလဲဟာ၊ အခု နင်ပြောနေတာနဲ့ ငါမေးနေတာနဲ့ ဘာဆိုင်လို့လဲ"

"နားထောင်ဦးလေ . . . ငါပြောတာက ဆုံးမှ မဆုံးသေးတာ၊ အခု ငါက ငါ့ရဲ့ခန္ဓာကိုယ်တစ်ခြမ်းကို ရှာတွေ့သွားပြီ"

"ငါသိသားပဲ၊ ရှားရှားခင် မဟုတ်လား"

သူက အလိုလိုနေရင်းကို မြှူးနေတဲ့စိတ်ကြောင့် သဘောတကျ ထပ်မံပြုံးလိုက်ပြန်ကာ ခေါင်းကို ရမ်းမိတယ်။

"မဟုတ်သေးဘူးဟ၊ ငါပျောက်သွားတဲ့ ငါ့ရဲ့ ခန္ဓာကိုယ် တစ်ခြမ်းက အခုဘဝမှာ လူမဟုတ်ဘဲ ဝါးပင်တစ်ပင်ဖြစ်နေလို့"

"ဘယ်လို !"

သူမက နားမလည်သလို ခဏငြိမ်သွားတယ်။ ပြီးမှ သဘောပေါက်သွားပြီးမှ . . .

"မုတ်သုန် . . . နင် ငါ့ကို"

ဆိုပြီး ဆက်မပြောတော့ဘူး။ သူမရှက်သွားဟန်နဲ့ ခေါင်းငုံ့သွားပုံက သူ့မျက်လုံးထဲ စွဲထင်သွားတယ်။ သူက အရှိန်တက်ချင်နေတုန်း အခြေအနေကို အရှိန်ထပ်တင်ဖို့ တော်ကီထပ်ကျွေးမယ်ပြင်တုန်းမှာပဲ သူ့ဘေးကို လူတစ်







www.burmeseclassic.com

www.burmeseclassic.com



ယောက် ရောက်လာတာကြောင့် လှည့်ကြည့်လိုက်မိတယ်။

"ဟင် . . . အဘွား . . . အဲ . . . မူမူ"

ဝါးပင်ပျိုရဲ့အဘွားက မုတ်သုန်လက်တစ်ဖက်ကို ဖျတ်ခနဲ ဆွဲယူကိုင်ထားလိုက်ရင်း . . .

"မုတ်သုန်ရယ် . . . ငါ့မှာတော့ နင့်ကို လွမ်းလိုက်ရတာ၊ နင်ကတော့ ငါ့ကို သတိတောင်မရဘူး မဟုတ် လား"

"ရ . . . ရပါတယ် . . ."

ဝါးပင်ပျိုက သူ့အဖြစ်ကိုကြည့်ရင်း တခိခိ ရယ် ကာ . . .

"အဲဒီမှာ နင့်ကိုတွေ့ချင်လို့ဆိုပြီး ဖွတ်ပူဆာနေလို့ ခေါ်လာရတာ၊ နင့်ကိစ္စ နင်ပဲရှင်း"

အဘွားမူမူက ဝါးပင်ပျိုကို အာရုံထဲကို မထည့်တာ။ အဘွားမူမူက မုတ်သုန်မျက်နှာကိုသာ မျက်တောင် မခတ် စတမ်း ငေးကြည့်နေရင်း . . .

"ငါ နင့်ကို လွမ်းလွန်းလို့ နမ်းဦးမယ်၊ ခေါင်းငုံ့ပေး"

"ဗျာ ! "

"နမ်းမယ်လို့ . . ."

"ကျွန် . . . ကျွန်တော် မျက်နှာမသစ်ရသေးဘူး"

"ရတယ် . . . ကိစ္စမရှိဘူး၊ အဓိက,က နမ်းရဖို့ပဲ"

မုတ်သုန်က နောက်ဆုတ်သွားတယ်။ ဒါပေမယ့် အဘွားကြီးက မုတ်သုန်ကို လွှတ်မပေးဘဲ အတင်းဆွဲထားရင်း





ကနေ ရှုန်းရင်းဆန်ခတ်ဖြစ်နေတုန်းမှာပဲ ဝါးပင်ပျိုက ခပ်လှမ်းလှမ်းမှာရပ်ထားတဲ့ သူမကားပေါ်ကို တက်ကာ မောင်းထွက်သွားတယ်။

"ဝါး . . . ဝါးပင်နေဦးလေ၊ နေဦး . . ."

ဝါးပင်ပျိုက ကားကိုမရပ်ဘူး။ ကားထဲကနေ လက်တစ်ဖက်ထုတ်ကာ သူ့ကို တာ့တာပြသွားတယ်။

"ဝါးပင် . . . နေဦးလေ . . . ဝါးပင် . . . နေဦးလို့"

◆◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာပါဘူး ...
ရန်ကုန်တက္ကသိုလ်ထဲမှာ အတွဲတစ်တွဲ ထပ်တိုးလာတယ်
အဲဒီအတွဲက ယောကျာ်းလေးရော မိန်းကလေးပါ
တော်တော် ဗရုတ်ကျတယ်ဆိုပဲ ...

◆◆◆◆◆◆



BURMESE CLASSIC .com

Bonus Poem

## "အာဒံ မတွေ့ခဲ့တဲ့ ပန်းသီး"

လေတိုက်လို့လား
မိုးရိုက်လို့ပဲလား ...
ပန်းသီးတစ်လုံး ကြွေကျလာတယ် ...။
        ရင့်မှည့်လို့ပဲလား
        အညှာမနိုင်လို့လေလား ...
        ပန်းသီးတစ်လုံးကြွေကျလာတယ် ...။
ပိုးကိုက်လို့ပဲလား
ကံကြမ္မာပဲလား ...
ပန်းသီးတစ်လုံးကြွေကျလာတယ် ..။
        ငါ့အချစ်ကပဲ စစ်လို့လား
        မှူးစာကပဲ လှူးလာတာလား ...
        ပန်းသီးတစ်လုံး ကြွေကျလာတယ် ...။

ဘဝအမောများ ပြေပျောက်နိုင်ကြပါစေ ...

ရာဇဝင်ကို
Friday
၂၃-၉-၂၀၁၁



www.burmeseclassic.com

www.burmeseclassic.com

လူငယ်စာရေးသမား

# ရာဇဝင်ကို

မိတ်ဆက်

၁၁၃

တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

## ရည်းစားတစ်ခုလပ်များ

အချစ်က ရောဂါတစ်မျိုးပါ . . .
ဒါပေမယ့် . . .
ဒီရောဂါကိုတော့ . . .
လူတိုင်းလိုချင်ကြတယ် . . .



တံခွန်တိုင်စာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်ကောင် (၁)

အမည်ရင်း - တုတ်ကြီး (ခ) အောင်မြင့်

အနုပညာအမည် - ညချမ်း

အမည်ပြောင် - အပုပ်ချိန်

အသက် - ၂၁-နှစ်

အလုပ်အကိုင် - မော်ဒယ်(လ်)နှင့်သရုပ်ဆောင်

ဝါသနာ - အနုပညာအလုပ်များအကုန်။

အကျင့်စရိုက် - ဘဝင်မြင့်ခြင်း။

ဝမ်းအသာဆုံးနေ့ - ရုပ်ရှင်ဇာတ်ကားတစ်ခုတွင် ဖြတ် လျှောက်အဖြစ် ပါဝင်ခွင့်ရသောနေ့။

ဝမ်းအနည်းဆုံးနေ့ - Harry Potter ဇာတ်သိမ်းပိုင်း ကြည့်နေစဉ် မီးပျက်သွားသောနေ့။

အနာဂတ်ရည်မှန်းချက် - ဟောလိဝုဒ်တွင် အင်ဂျလီနာဂျိုလီနှင့် တွဲဖက်၍ မြန်မာ့ရုပ်ရှင်လောကတွင် အောင်မြင်ကျော်ကြားခဲ့သော "မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်" ဇာတ်ကားအား ပြန်လည်ရိုက်ကူးရန်။

◆◆◆◆◆◆





www.burmeseclassic.com

www.burmeseclassic.com

စတ်ကောင် (၂)

အမည်ရင်း - ဖိုးလမင်း
အမည်ပြောင် - လငပုပ် (ခ) အလောင်းစည်သူ
အသက် - ၂၇-နှစ်
အလုပ်အကိုင် - ဆရာဝန်
ဝါသနာ - ဆေးကုခြင်း။
အကျင့်စရိုက် - ဒေါသအလွန်ကြီးသည်။
ဝမ်းအသာဆုံးနေ့ - ဆေးခန်း၌ လူစည်သောနေ့။
ဝမ်းအနည်းဆုံးနေ့ - ဆေးရုံ၌ လူစည်သောနေ့။
အနာဂတ်ရည်မှန်းချက် - မိန်းမများအစား ယောက်ျားများက ကလေးမွေးပေးနိုင်သော ကုထုံးသစ် ကို ဖော်ထုတ်ရန်။

◆◆◆◆◆◆



တံခွန်ကိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်ကောင် (၃)

အမည်ရင်း - ဝင့်ကြွား
အမည်ပြောင် - ကော်တစ်ရာကပ်စေး
အသက် - ၃၂-နှစ်
အလုပ်အကိုင် - ကုမ္ပဏီပိုင်ရှင်
ဝါသနာ - ပိုက်ဆံရေရခြင်း။
အကျင့်စရိုက် - အလွန်ကပ်စေးနည်းသည်။
ဝမ်းအသာဆုံးနေ့ - ပိုက်ဆံ(၅၀)ကောက်ရသောနေ့။
ဝမ်းအနည်းဆုံးနေ့ - ဘတ်(စ်)ကားတိုးစီးစဉ် ကားစပယ်ယာမှ အကြွေတစ်ရာ ပြန်မအမ်းဘဲ မေ့ချင်ယောင် ဆောင်သွား သောနေ့။
အနာဂတ်ရည်မှန်းချက် - ကမ္ဘာ့အချမ်းသာဆုံးသူဌေးများ စာရင်းတွင် one to ten ဝင်ရန်။

◆◆◆◆◆◆





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်ကောင် (၄)

အမည်ရင်း - ခွေးဖြူမ (ခ) မြင့်မြင့်အေး

အနုပညာအမည် - သဲစဥ်လှလှ

အမည်ပြောင် - ဖြူဖြူမေခလာကော်သို့

အသက် - ၂၁-နှစ်

အလုပ်အကိုင် - အဆိုတော်

ဝါသနာ - သီချင်းဆိုခြင်း။

အကျင့်စရိုက် - အကြွားသန်ခြင်း။

ဝမ်းအသာဆုံးနေ့ - စလင်းဒီယွန် ကလေးအမွှာပူး မွေးသောနေ့။

ဝမ်းအနည်းဆုံးနေ့ - Pop ဘုရင် မိုက်ကယ်ဂျက်ဆင် သေသောနေ့။

အနာဂတ်ရည်မှန်းချက် - Grammy ဆုပေးပွဲ ခင်းမြင့်ပေါ်တွင် အဆိုတော် လေဒီဂါဂါနှင့်တွဲဖက်၍ "အသီးတစ်ရာ အညှာတစ်ခု" သီချင်းအား သီဆိုဖျော်ဖြေခွင့်ရရန်။

◆◆◆◆◆◆



ထွန်းဝိုင်းစာပေ
www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်ကောင် (၅)

အမည်ရင်း - ကြက်သွေးညို

ကလောင်အမည် - လွန်းပုညလမင်း

အသက် - ၂၅-နှစ်

အလုပ်အကိုင် - စာရေးဆရာမ

ဝါသနာ - စာရေးခြင်း။

အကျင့်စရိုက် - စိတ်ကူးအလွန်ယဉ်ခြင်း။

ဝမ်းအသာဆုံးနေ့ - ဂျာနယ်တစ်စောင်တွင် သူမ၏ ကလောင်အမည် စတင်ဖော်ပြခံရစဉ်။

မှတ်ချက် - သူငယ်ချင်းတစ်ယောက်အတွက် မွေးနေ့ဆုတောင်းလွှာ ထည့်ပေးခြင်းဖြစ်သည်။

ဝမ်းအနည်းဆုံးနေ့ - သူမ မှိုင်ငြိမ်းဝတ္ထုရေးသားမည့် ကုလားကားတစ်ကားအား နိုင်ငံကျော် မြန်မာဒါရိုက်တာ တစ်ဦးက သူမအရင် လက်ဦးမှုရယူကာ ရုပ်ရှင်ဇာတ်ကား ရိုက်ပစ်လိုက်ခြင်းကို သိခဲ့ရသောနေ့။

အနာဂတ်ရည်မှန်းချက် - တိုင်တန်းနစ်နှင့် Avatar ဇာတ်ကားတို့ကို ဖန်တီးခဲ့သော ကမ္ဘာကျော် ဒါရိုက်တာ ဂျိမ်းကင်ပရွန်းအတွက် သိပ္ပံလောကနောက်ခံ, အချစ်, ဖန်စီ, ရိုမန့်(စ်), ဒရာမ, အက်ရှင်, ဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းတစ်ခုရေးပေးခွင့်ရရန်။

မှတ်ချက် - ထိုဇာတ်လမ်းတွင် သွေးစုပ်ဖုတ်ကောင် နှင့် တစ္ဆေ သရဲ များလည်း ပါရမည်။

◆◆◆◆◆◆



ပုံနှိပ်တိုင်တာမေ
www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်ကောင် (၆)

အမည်ရင်း - ခင်ခင်လှအောင်

အမည်ပြောင် - သာလိကာမ

အသက် - ၃၂-နှစ်

အလုပ်အကိုင် - ပွဲစား

ဝါသနာ - အတင်းတုပ်ခြင်းနှင့်ဘောလုံးပွဲကြည့်ခြင်း။

အကျင့်စရိုက် - အလွန်စကားများသည်။

ဝမ်းအသာဆုံးနေ့ - ကမ္ဘာကျော်ဘောလုံးသမား စီရော်နယ်ဒို ရွှေဘောလုံးဆုရသောနေ့။

ဝမ်းအနည်းဆုံးနေ့ - ဘောလုံးပွဲများတွင် စီရော်နယ်ဒို ဂိုးမသွင်းနိုင်သောနေ့။

အနာဂတ်ရည်မှန်းချက် - ဥရောပ ဘောလုံးလောကရှိ ဘောလုံးသမားအရောင်းအဝယ်ကိစ္စများ၌ နာမည်ရ ပွဲစားတစ်ယောက်ဖြစ်လာရန်။

◆◆◆◆◆◆



P တံခွန်တိုင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လူငယ်စာရေးသမားများသို့

ရည်မှန်းချက်ကြီးမားစွာထားရှိပြီး စာပေရေးသားခြင်းဖြင့်
အသက်မွေးမှုပြုလိုသော သွက်သွက်လက်လက်၊
ထက်ထက်မြက်မြက် အရည်အသွေးပြည့်မီသော ကိုယ်တိုင်ရေး
လူငယ်လက်သစ်စာရေးသမားများကို ရှာဖွေဖော်ထုတ်၍
နာမည်ရစာရေးဆရာများအဖြစ်သို့ ကြိုးပမ်းပို့ဆောင်ပေးသွားမည်
ဖြစ်ပါသောကြောင့် စာပေသိက္ခာရှိရှိဖြင့် စာပေရေးသားခြင်းကို
ချစ်မြတ်နိုး တန်ဖိုးထားသော ခေတ်ပညာတတ်
လူငယ်လက်စွမ်းထက်
စာရေးသမားများကို ဖိတ်ခေါ်ကြိုဆိုပါသည်။

တံခွန်တိုင်စာပေတိုက်

www.burmeseclassic.com